www.burmeseclassic.com



www.burmeseclassic.com



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"**အိုး**!!. . . "

"ဟာ!. . . ဆောရီးပါဗျာ"

"ဘာ. . ဘာ. . ဆောရီးလဲ၊ တောက်!. . ရွှံ့လိုက်တာနော်၊ လာသုတ်ပေး"

မိုးညို အားတုံ့အားနာနှင့် ထိုင်နေရာမှ ထရပ်လိုက်ရသည်။ သူ ဒီနေရာမှာ ထိုင်နေတာ တစ်နာရီစွန်းစွန်းတော့ ရှိလောက်ပေပြီ။

စီးကရက်ကူမွှေကြီးတစ်ခုက သဒ္ဒါကြည်ဖြူကြီးစွာ ဖွင့်ထား... ထားသော အမိုးအရိပ်နှင့် ထိုင်စရာ ဖိုင်ဘာခုံခင်းပေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော. . ကားမှတ်တိုင်ဖြစ်၍ အားရပါးရ ထိုင်နေလိုက်ခြင်း ဖြစ်သည်။

"ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ပါသည်"

ဟူသော ပိုစတာစာတန်းကလည်း အဆိပ်ငွေ့တလူလူနှင့် စိုက်ထူထားခြင်းကြောင့်. . သူ ဝါးနေ ငုံနေသော ကွမ်းယာမှာလည်း အဆိပ်တွေ ဘယ်လောက်ပါ,မပါ တွေးကာ ထိုင်နေခြင်းလည်းဖြစ် သည်။

BURMESE CLASSIC

အမှန်တော့. . သူ ဒီနေရာမှာ ကြာရှည်စွာ ထိုင်နေမိခြင်း အဓိက အကြောင်းအရင်းကလည်း ရှိပါသည်။

စောစောက အကြောင်းအရာမှာ ပထမအကြောင်းကြောင့် အာရုံနောက်ပြီး. . . ရောက်တတ်ရာရာ တွေးငေးရာမှ ဖြစ်ပေါ်လာ ခြင်းပင်။

ထားတော့. . . ပထမအကြောင်းကို ပြောပြမည်။

တခြားမဟုတ်. . ။ ကားမှတ်တိုင်ရောက်မှ ကားခပေးဖို့ အကြွေနှစ်ရာ အဆင်သင့် ထုတ်ကိုင်ထားနိုင်အောင် ပိုက်ဆံအိတ်ထဲ မှ အကြွေနှစ်ရာ ထုတ်ဖို့ ကြိုးစားရာမှ စခဲ့သည်။

သူ့ဆီမှာ ပိုက်ဆံအိတ် မရှိတော့ပါ။ သူ ဒီနေရာ မရောက် လာခင် သုံးလေးနေရာ ဝင်ခဲ့သည်။ C.V Form ရောင်းသောစတိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုမ္ပဏီရုံးခန်း. . . တစ်နေရာရာမှာ ကျန်ခဲ့တာ တော့ သေချာပါသည်။ ဒါမှမဟုတ် အိမ်က ထွက်လာစဉ်က ကား ပေါ်မှာ ကျကျန်တာ၊ အနှိုက်ခံရတာမျိုးလည်း ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေကာမူ ပိုက်ဆံအိတ် မရှိတော့ပြီ။ ထို့ကြောင့် ဘူရောက်ခဲ့သောနေရာတွေကို တစ်ခေါက်ပြန်ကာ မေးကြည့်ရှာ ကြည့်သည်။ မရှိ။

ထို့ကြောင့် စိတ်ပျက်စွာ ပြန်လျှောက်လာပြီး ဒီနေရာမှာ ဗယ်ပယ်နယ်နယ်ကို ထိုင်နေမိခြင်းဖြစ်သည်။ အိတ်ထဲမှာလည်း တွမ်းဘူးက ပါနေသဖြင့် တစ်ယာပြီးတစ်ယာ ထုတ်ကာ စိမ်ပြေနပြေ ဝါးနေခြင်းလည်းဖြစ်ပါသည်။

သူလည်း မြို့ကြီးပြကြီးမှာ မမွေးပေမယ့် မြို့ကြီးပြကြီးမှာ နေထိုင်ဖို့ ကြိုးစားနေသူတစ်ယောက်ဖြစ်၍ မြို့စည်းကမ်းတော့ သိသည်။ ကွမ်းကြိုက်လို့ ကွမ်းစားပေမယ့် ဘယ်သောအခါမှ အလွတ်မဲ့ ပစ်ခနဲ ပက်ခနဲ ဘယ်တော့မှမထွေး။

အနည်းဆုံး ငါးကိုးပလတ်စတစ်အိတ်တော့ ဆောင်ထားသည်။ အိတ်ထဲမှာ ကွမ်းသွေးကို စုထားပြီးမှ အမှိုက်ပုံးတွေ အမှိုက်ပုံးတွေမှာ စွန့်လေ့ရှိသည်။

ယခုလည်း ငါးကိုးအိတ်တစ်လုံးထဲ ရှိနေသောကွမ်းသွေး ထုပ်အား ကားမှတ်တိုင်ဘေးရှိ အမှိုက်ပုံးထဲ လှမ်းထည့်လိုက်ခြင်း ဖြစ်သည်။ အမှိုက်ပုံးအဖုံးက အဖုံးရှင်၊ အမှိုက်ပစ်ထည့်လိုက်လျှင် အဖုံးက နိမ့်စောင်းဝင်သွားပြီး သူ့အလိုလို ပြန်တက်ကာ ဖုံးလျက် သားရှိနေသော အဖုံးမျိုးဖြစ်၍ မိုးညို ကွမ်းသွေးထုပ်ကို လက်လှမ်း မမီတမီနေရာမှ လှမ်းပစ်ထည့်လိုက်သည်။

ထိုင်နေရာက ထပြီး သွားထည့်လျှင် ဒီလိုပြဿနာရှိမည် မထင်။ ခုတော့ ဖင်လေးပြီး လှမ်းပစ်ထည့်မိ၍ အဖုံးက သူထင်သလို



www.burmeseclassic.com

www.burmeseclassic.com



နိမ့်ဆင်းမသွားဘဲ တောင့်ခံနေကာ ကွမ်းသွေးထုပ်လည်း ဘွပ်ခနဲ ပွင့်ကွဲပြီး ဘတ်စ်တင်းနောက်မှာ ရပ်ကာ ဖုန်းပြောနေသော. . . မိန်းကလေးခြေထောက်ကို စင်ကုန်လေတော့သည်။

"ရှင်တို့လို စည်းမဲ့ကမ်းမဲ့တွေကြောင့်. . . ဟင်း"

သူ ဆောင့်ကြောင့်ထိုင်ပြီး သုတ်သင်ပေးနေရာမှ တစ်ချက် မော့ကြည့်မိသည်။

လှပါသည်။ ကွမ်းသွေးပေနေသော ခြေဖမိုး ဖြူလွလွလေး တောင် ညစ်ညစ်ပတ်ပတ်နှင့် လှနေသေးတာပဲ။

ဒေါသခိုးမွှန်နေတဲ့ မျက်နှာဝင်းဝင်းလေးလည်း လှပြီပေါ့။ ဘာပဲဖြစ်ဖြစ် သူ့တာဝန်။ သူမ ဘယ်လိုပြောပြော ငုံ့ခံရဖို့ထက် ပိုမရှိသဖြင့် တစ်ရာတန် တစ်ရှူးထုပ် ကုန်အောင် သေချာသုတ်သင် ပေးပြီးမှ ထရပ်ကာ. . .

"မရည်ရွယ်ပါဘူးဗျာ. . . ဒါ မတော်တဆပါ၊ ဘာပဲဖြစ်ဖြစ် တောင်းပန်ပါတယ်"

သူမ ဘာမှမပြောပါ။ လုံးဝကျေနပ်မှု မရှိသော မျက်နှာနှင့် အောက်သိုးသိုး တစ်ချက်ကြည့်ပြီး ကားမှတ်တိုင်ရှေ့ ရောက်လာ သော ပုံသေ(၂၀၀) ကားကြီးပေါ် တက်သွားလေတော့သည်။

အရှက်ကတော့ ဗြန်းဗြန်းကွဲသွားသည်။ ကားမှတ်တိုင်မှာ တခြားခရီးသည်တွေ မရှိလို့သာ တော်တော့သည်။

မိုးညို စိတ်ပျက်လက်ပျက်နှင့် တစ်ရှူးပုံကို ဆုပ်ကိုင်ကာ အမှိုက်ပုံး သွားထည့်သည်။

"ဟင်!. . . ဘာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ပုံးအဖုံးက သူ့လက်နှင့် ဖိထည့်တာတောင် တောင့်ခံပြီး မပွင့်၍ နောက်တစ်ဖက်ကို ဖိမှ နိမ့်ကာဝင်သွားသည်။ ဒီတော့မှ သူ့ကို အရှက်ခွဲပစ်လိုက်သော တုတ်ချောင်းတစ်ချောင်းက တစ်ဖက်အပေါက်ဆီမှာ ငေါက်တောက်ပေါ်လာလေတော့သည်။

"တောက်!. . . ဘယ်လူမသားက လက်ကမြင်းတယ် မသိဘူးကွာ. . . ချီးပဲ"

မိုးညို ဒေါသဖြစ်ဖြစ်နှင့် အမှိုက်ပုံးထဲက တုတ်ချောင်းကို ဆွဲထုတ်သည်။ သို့သော် အလွယ်တကူနှင့် ထွက်မလာပါ။ တုတ်ချောင်းက သာမန်တုတ်ချောင်းအဖြောင့် မဟုတ်ဘဲ သစ်ကိုင်းချောင်းဖြစ်၍ အောက်ဘက်က ကိုင်းခွနေရာက အမှိုက်ပုံးထဲ ကလန့်တာ ငြိနေသည်။ ဘာပဲဖြစ်ဖြစ် ဆွဲထုတ်ပစ်လိုက်တာ ကောင်းသည်။

ဒါမှမဟုတ် အဖုံးလွတ်အောင် ချိုးပစ်လိုက်လျှင်. . .

"ဟဲ့!. . . မိုးညို"

"ဟင်!. . "

မိုးညို မော့ကြည့်တော့ သန်းသန်းဝင်းနှင့်ဝါမွန်တို့ ဖြစ်နေ၍ ကပျာကသီ အမှိုက်ပုံးထဲက လက်ပြန်နှုတ်လိုက်သည်။

သန်းသန်းဝင်းက. . .

"နင်. . နင် အဲ့ဒါ ဘာလုပ်တာလဲ၊ ဒုက္ခပဲ. . . မြို့လယ်ခေါင် လာပြီး အမှိုက်ပုံးကို မွှေနှောက်နေတယ်"

"ဟာ. . . မဟုတ်တာဟာ"

"ဘာ. . . ငါတို့မျက်စိနဲ့ မြင်တာတောင် နင်က ငြင်းလိမ်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . ငါ. . ငါ အိမ်ပြန်ဖို့ လမ်းစရိတ် မရှိတော့လို့ အဲဒါ ဒီမှာ ထိုင်နေရင်း. ."

ဝါမွှန် နှာခေါင်းလေးရှုံ့ မျက်နှာလေး တွန့်ပြီး ရင်ဘတ်ဖိကာ. . .

"ဘုရားရေ. . . လမ်းစရိတ်မရှိလို့ အမှိုက်ပုံးထဲ မွှေပြီးရှာတယ်. . . အံ့ပါရဲ့"

"ဟာကွာ. . . နင်တို့ သောက်ရမ်းတွေ စွတ်ပြောမနေနဲ့"

"ဟဲ့. . . ငါတို့ မြင်တာလေ၊ နင်ပဲ လမ်းစရိတ် မရှိဘူးလို့ ပြောတယ်လေ"

မိုးညို စိတ်ညစ် စိတ်ရှုပ်သလို ခေါင်းကုတ်မိပြီးမှ လက်တွေ ပေရေနေတာသတိရပြီး ကိုယ့်လက်ကိုယ် ပြန်ကြည့်မိသည်။

ကွမ်းသွေးရည်တွေက အဓိက ပေနေ၍၊ ကိုယ်က ပြဿနာ မရှိ။ သူတို့ကတော့. . .

"ဝေါ့. . . အော့"



www.burmeseclassic.com

www.burmeseclassic.com



မိုးညို လက်ဆေးပြီး စားပွဲအလယ်ခေါင်က တစ်ရှူးဘူးထဲ တစ်ရှူးနှိုက်ယူ၍ ရေစိုနေသောလက်ကို သုတ်လိုက်သည်။ ထိုအချိန်အထိ သန်းသန်းဝင်းတို့ ရွံသလိုမျိုး အော့နှလုံးနာစွာ ကြည့်နေသေး၍. . .

"ဆပ်ပြာနဲ့ သေချာကို ဆေးလာခဲ့တာပါဟာ၊ နင်တို့ဟာက လွန်ကိုလွန်လွန်းတယ်"

"ဟဲ့!. . . ငါတို့က နှလုံးကောင်းတာမဟုတ်ဘူး"

"သိပ်ကြီးကျယ်မနေနဲ့. . ဘယ်မှာလဲ ငါ့အတွက် လက်ဖက်ရည်"

"အောင်မာ. . . နင့်ဘာသာ မှာပါလား၊ လာပြီးရော့"

မိုးညို ပခုံးတွန့်ပြကာ လက်ဖက်ရည် လှမ်းမှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါမွန်နှင့်သန်းသန်းဝင်းတို့က သူနှင့် ပြောမနာဆိုမနာ အတန်းဖော် သူငယ်ချင်းများဖြစ်ကြသည်။

ကျန်သေးသည်။ မွန်မြတ်၊ ပြည့်ပြည့်ဖြိုး၊ နှင်းဝေဝင်း၊ စန်းယုခိုင်၊ ဖြူသဲဝေတို့ဆိုတာ ဝါမွန်တို့နှစ်ယောက်နှင့် တစ်တွဲတည်း တစ်တန်းတည်း နေကြသူများဖြစ်ကာ မိုးညိုနှင့်လည်း အရင်းခေါက် ခေါက်ကြီးတွေဖြစ်၍. . သူတို့ အတွဲအတန်းလိုက်ကြီးနှင့်သာ အခု လိုအဖြစ်မျိုး ဆုံရကြုံရလျှင်ဟု တွေးမိပြီး မိုးညို ကြက်သီးဖြန်းဖြန်း ထမိသည်။

တော်သေးသည်. . . နှစ်ယောက်ထဲ ကြုံပေလို့။

"ဟိုမယ်တော်တွေနဲ့ကော တွေ့သေးလား!"

"ဘယ်သူ့ကို ပြောတာလဲ!"

"ကျွတ်. . . နင်တို့အုပ်စုပေါ့ဟ၊ ဘယ်သူရှိမှာလဲ"

"အဲ့ဒီမိန်းမတွေ အလုပ်ဝင်ကုန်ပြီ၊ နှစ်ယောက်ကတော့ စင်ကာပူထွက်သွားတယ်"

"ဟုတ်လား. . . ငါလည်း ထွက်တော့မှာ"

"ဟင်. . . ဘယ်လဲ၊ အလုပ်နဲ့လား ကျောင်းသွားတက်မှာ လား"

"အလုပ်နဲ့ပဲ. . . ရန်ကုန်က ထွက်ပြီး မိုးညိုမှာ လယ်ပြန် လုပ်မလားလို့"

"မသာကောင်. . . အဟုတ်မှတ်လို့"

"ဟုတ်တယ်လေဟာ. . . ငါတို့ ကျောင်းပြီးတာပဲ တစ်နှစ် ပြည့်တော့မယ်၊ လျှောက်လိုက်ရတဲ့အလုပ်၊ CV ဖောင်ဖိုး စုထားရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင် ခိုင်းနွားတစ်ကောင် ဝယ်လို့ရနေလောက်ပြီ၊

ခုလည်း လျှပ်စစ်ကုမ္ပဏီတစ်ခုမှာ အလုပ်သွားလျှောက်ပြီး ပြန်လာတာ၊ ပိုက်ဆံအိတ် ဘယ်ကျခဲ့မှန်း မသိလို့ အဲဒီမှာ စိတ်ညစ်ပြီး ထိုင်နေတာ"

အဲဒီနောက် ကွမ်းသွေးပြဿနာကို အစအဆုံး ပြောပြလိုက်တော့ ဝါမွန်က. . .

"နင် အဲဒီကွမ်းကို ဖြတ်လိုက်ပါတော့လား၊ အာဟာရလည်း မဖြစ်၊ ရောဂါလည်းရနဲ့"

သန်းသန်းဝင်းကပါ ဝါမွန့်စကားကို ထောက်ခံပြီး. . .

"အေးလေ. . . ရုပ်ကလေးသနားကမားနဲ့ ကွမ်းချိုးတွေနဲ့ ညီညစ်နေတဲ့ နင့်သွားတွေ ပါးစပ်တွေကြောင့် ပုံပျက်နေတာ"

"အဲ့သလို မဟုတ်ရင် နင်တောင် စိတ်ဝင်စားမိမယ်ပေါ့ အဲ့လိုလား"

"ဖူး. . . ဝေးသေး"

"မလုပ်ပါနဲ့ ကုလားမလေးရယ်၊ နင်တောင် စိတ်မဝင်စားရင် ငါ့ဘဝတော့ သွားပါပြီ"

"တော်. . . သောက်စရာရှိတာသောက်၊ ငါတို့ အချိန်မရှိဘူး"

"အဲ့ဒါဆိုလည်း သွားကြလေ၊ လက်ဖက်ရည်ဖိုးနဲ့ ငါ့လမ်းစရိတ်လေးပဲ. . ."

ဝါမွန်တို့ 'စိတ်ပျက်တယ်' ဟု အသံထွက် ညည်းညူရင်း ရယ်ကြလေသည်။ မိုးညိုအတွက်တော့ မျက်နှာပြောင်နိုင်မှ မိမ်ပြန်

www.burmeseclassic.com



ရောက်မည့်ဘဝဖြစ်၍ ခပ်ပြောင်ပြောင်ပင် တောင်းနေလေတော့သည်။

"လမ်းစရိတ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကအဖြစ်ကိုတော့ မပြောချင်။ ပြောလျှင်လည်း ကိုယ့်ခဲ အရှက်ကွဲမည်ဖြစ်၍ စိတ်ထဲ သတိရသလို ရှိနေတာတောင် ဘယ်သူ့မှ မပြောဘဲ ကိုယ့်ဘာသာ မျိုသိပ်နေခဲ့သည်။

ခင်မောင်တို့ ခိုင်လေးတို့ကတော့ အားမနာဘဲ လျှာပါ ကျိုးချင်ကျိုးပါစေဆိုသလိုမျိုး ပြောကာနေကြသည်။

ထုံးစံအတိုင်း သူတို့ကောင်မလေးတွေအကြောင်း ပြောကြငြင်းခုံကြခြင်းဖြစ်လေသည်။

ခင်မောင်နှင့်ခိုင်လေးက ငယ်သူငယ်ချင်းတွေတော့မဟုတ်။ သူကျောင်းတက်နေခိုက် ရပ်ကွက်ထဲ မျက်မှန်းတန်းမိနေပြီး ကျောင်းပြီးမှ မနက်ခင်း လက်ဖက်ရည်ဆိုင် ထွက်ထိုင်ရင်း ခင်မင်ကာ ရင်းနှီးသွားကြသူများဖြစ်သည်။

သူတို့လည်း ဒဂုံတက္ကသိုလ်မှာ ဘွဲ့တစ်ခုစီ ယူပြီး ကျောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်။

သူကတော့ မော်ဘီ GTU မှာ BE.EP နှင့် ကျောင်းပြီးထား၍ အင်ဂျင်နီယာဘွဲ့ဖြစ်ရကား ခိုင်လေးတို့က လေးလေးစားစား ရှိကြသည်။

သူလည်း ဟန်လေးပန်လေးနှင့် သူများလေးစားအောင် နေရင်း သူတို့ချင်း ပြဿနာအကျဉ်းအကျယ် ရှိလာလျှင် ကိုယ်က အလိုအလျောက် ခုံသမာဓိ လူကြီးမင်း ဖြစ်ဖြစ်ကာသွားသည်။

ခုလည်း ခိုင်လေးနှင့်ခင်မောင်တို့ အကျယ်အကျယ် မငြင်းဖွယ်ရာကို ငြင်းဖွယ်ရာ လုပ်ကာ တိုင်တည်လာကြသည်။

"မင်းစဉ်းစားကြည့်စမ်းကွာ မိုးညို"

"အေး. . . စဉ်းစားပြီးပြီ"

"ဟော်. . . ဘာကိုလဲ"

"မင်းတို့ကိစ္စလေ. . . ခင်မောင့်ကောင်မလေးက ဝတုတ်ကလေး၊ မင်းကောင်မလေးက ပိန်ပိန်လေး၊

မင်းတို့ငြင်းတာက. . . အိမ်ထောင်ကျသွားရင် ဝတာက ကောင်းတယ်၊ ပိန်တာက ကောင်းတယ်ဆိုပြီး ဦးညောင်ညောင် မသိအောင် ကြိတ်ပြီး စကားနားပန်းသတ်နေကြတာ၊ ဒါပဲ မဟုတ်လား"

"ဟင်. . . မင်းဘယ်လိုသိတာလဲ!"

"ဟာ. . . မင်းတို့နှစ်ယောက် ငြင်းနေတာ ကွမ်းယာရောင်းတဲ့ ဒေါ်ကုလားမတောင် ကြားတယ်၊ ငါက မင်းတို့နဲ့ ထိုင်နေတာလေ"

"ဪ. . . အေး. . . ဟုတ်ပြီ၊ ဒါဆို မင်းရှင်းကွာ၊ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာမယ်ထင်လဲ!"

"အမှန်တော့ အားလုံး မသာပဲကွ၊ ပိန်ပိန်ဝဝ သေရင် မသာ ဖြစ်တာပဲ"

ခင်မောင်တို့ ဟင်ဟာတောက်ကျွတ် ဖြစ်ကုန်ကြတယ်။

"ငါဆိုချင်တာ အိမ်ထောင်သည်ဘဝမှာ ဝတဲ့အိမ်ထောင် ရှင်မနဲ့ ပိန်တဲ့အိမ်ထောင်ရှင်မ. . ဘယ်သူက အိမ်ထောင့်တာဝန် ကို ကျေမလဲ. . ပိုအဆင်ပြေမလဲ. . အဲ့ဒါ. . အဲ့ဒါ"

မိုးညို ပြန်မဖြေသေးဘဲ သူ့ခုံဘေးချထားသော ရေဆိုးခွက် ထဲ ကွမ်းသွေးရော ကွမ်းဖတ်ပါ ထွေးချလိုက်သည်။

ပြီးမှ. . အသင့်ငှဲ့ထားသော ရေနွေးနှင့် ပလုတ်ကျင်းပြီးမှ ချောင်းတစ်ချက် ဟန့်လိုက်သည်။

အမှန်တော့ သူကိုယ်တိုင်လည်း လူပျိုစစ်စစ်ဖြစ်ကာ အိမ် ထောင်ရေးဘဝ မဆိုထားနှင့်၊ ရည်းစားသနာတောင် မရှိသူ။

ထို့ကြောင့်. . အဖြေမှန်နှင့် နီးစပ်အောင် တွေးဖို့ အချိန်ယူ နေရခြင်းဖြစ်လေသည်။

"ဝန်ခံရရင် ငါလည်း မင်းတို့လို လူပျိုပဲ၊ ဒီပြဿနာက ငါတို့ အတွက်လှမ်းမမီသေးတဲ့ ဘဝအစိတ်အပိုင်းဖြစ်နေတယ်၊ ဒါပေမယ့် ငါလေ့လာမိတဲ့ ဗဟုသုတအရဆိုရင်တော့. . "

သူ စကားဖြတ်ပြီး ခိုင်လေးတို့ကို ကြည့်လိုက်သည်။

နှစ်ယောက်စလုံး အသက်မရှူသလို ငြိမ်ကာ နားထောင်နေ ၍. . .

"အဆင်ပြေပြေ ဖြစ်နိုင်တဲ့ အိမ်ထောင်ရှင်မက ပိန်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝတာ အဓိက မကျဘူး ထင်တယ်ကွ"

"ဟာ. . . လွဲပြီထင်တယ်ကွာ"

ခင်မောင် အလိုမပြည့်သလို ညည်းတွားသဖြင့် မိုးညိုက ကွမ်းသွေးထွေးရင်း လက်ကာပြလိုက်သည်။

ပြီးမှ. . .

"ပြောပြမယ်. . . ငါ့အစ်ကိုကြီးရဲ့မိန်းမက ပိန်ပိန်လေး၊ လုံးဝ မော်ဒယ်ပိန်လေး၊ ငါ့အစ်ကိုလတ်ရဲ့မိန်းမက အဲလက်စ် အော် ဆိုတဲ့သီချင်းလိုပဲ ဝတုတ်ကြီးကွ"

"အင်း. . ဟုတ်ပြီကွာ. . ပြော"

"ငါ့အစ်ကိုကြီးနဲ့ ကလေးတစ်ယောက် ရသွားတဲ့ မရီးပိန်ပိန်က. . အခု နောက်အိမ်ထောင်နဲ့ ကလေးသုံးယောက် ရနေပြီ"

"ဟမ်!. ."

"ငါ့အစ်ကိုလတ်နဲ့ ရတဲ့ မရီးဝဝက သူ့ယောက်ျားကို နှစ်လုံးသုံးလုံးလောက်တောင် စိတ်မဝင်စားလို့ အစ်ကိုလတ်ကပဲ ကွာရှင်းပစ်လိုက်တယ်"

"ဟာ!. . ."

"ဒါဟာ တကယ့်ဖြစ်စဉ်ပဲ၊ အဲဒီတော့ ငါ့အထင်ပြောရရင် အိမ်ရှင်မပဲဖြစ်ဖြစ် အိမ်ထောင်ဦးစီးယောက်ျားပဲဖြစ်ဖြစ် အဆင်ပြေပြီး သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးဘဝကို ပိုင်ဆိုင်ချင်ရင် ကိုယ့်ကြင်ဖက်အပေါ်မှာ ဘယ်လောက်ချစ်သလဲ၊ သစ္စာမေတ္တာ ကြီးမားသလဲဆိုတာ အဓိက ကျမယ်လို့ ငါထင်တယ်"

ခင်မောင်တို့ အတွေးကိုယ်စီနှင့် ငြိမ်ကာသွားကြသည်။





သူလည်း အရှိန်ရသွား၍ ဆက်ပြောလေသည်။

"ငါ့ဦးလေးဆိုရင် အဒေါ်နဲ့ ညားကတည်းက ကျန်းမာရေးကောင်းတာ၊ အိမ်ထောင်သက် ဆယ်နှစ်လုံးလုံး မမာသည့်ဘဝနဲ့ပဲ အိပ်ရာထဲ ပက်လက်ကွ၊

ဒါကို ငါ့အဒေါ် မညည်းမညူ ပြုစုလာတာ. . နောက်ဆုံး ဦးလေး ဆုံးပြီး တစ်နှစ်လောက်ကြာမှ အိမ်ထောင်ပြုသွားတယ်၊ အဲ့ဒီအဒေါ်လည်း ပိန်ပိန်ပဲ"

ခိုင်လေးမျက်နှာ မော့ခနဲဖြစ်လာပြီး. . .

"ကြားလား ခင်မောင်၊ အဒေါ်ပိန်ပိန်လေးက ဘယ်လောက် သစ္စာမေတ္တာတရားကြီးသလဲဆိုတာ၊ ဟုတ်တယ်နော် မိုးညို"

"ဟုတ်တယ်. . . ဆယ်နှစ်လုံးလုံး ဆေးခန်းတွေမှ ရှယ်ဆိုတဲ့ဆေးခန်းတွေနဲ့ကို အကုန်အကျခံပြီး ကုတာ၊ သေတော့လည်း ခမ်းခမ်းနားနားကို သဂြိုဟ်ပေးတာကွ"

"ဟာ. . . တော်လိုက်တဲ့ အိမ်ထောင်ရှင်မကွာ၊ ပိန်ပိန်လေး . . ပိန်ပိန်လေး. . အဟုတ်ဟုတ်"

"ငါတို့တစ်မျိုးလုံးကလည်း အဲဒီအဒေါ်ကို အံ့သလိုပဲ ချီးမွမ်းကြတယ်၊ သူ အိမ်ထောင်ပြုတော့မယ်ဆိုတော့လည်း ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးကြတယ်၊ သားသမီးလည်း မကျန်ခဲ့ဘူး မဟုတ်လား. . . တစ်ခုပဲ ပြောစရာရှိတာ"

ခိုင်လေး မျက်လုံးပြူးသွားပြီး. . .

"ဘာ. . ဘာပြောစရာရှိလဲ!"

"အဒေါ်ကပဲ ဖွင့်ပြောပြတာပါ၊ အခု. . သူ ထင်ပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အရှိန်ရသွား၍ ဆက်ပြောလေသည်။

"ငါ့ဦးလေးဆိုရင် အဒေါ်နဲ့ ညားကတည်းက ကျန်းမာရေး မကောင်းတာ၊ အိမ်ထောင်သက် ဆယ်နှစ်လုံးလုံး မမာသည်ဘဝနဲ့ပဲ အိပ်ရာထဲ ပက်လက်ကွ၊

ဒါကို ငါ့အဒေါ် မညည်းမညူ ပြုစုလာတာ. . နောက်ဆုံး ဦးလေး ဆုံးပြီး တစ်နှစ်လောက်ကြာမှ အိမ်ထောင်ပြုသွားတယ်၊ အဲ့ဒီအဒေါ်လည်း ပိန်ပိန်ပဲ"

ခိုင်လေးမျက်နှာ မော့ခနဲဖြစ်လာပြီး. . .

"ကြားလား ခင်မောင်၊ အဒေါ်ပိန်ပိန်လေးက ဘယ်လောက် သစ္စာမေတ္တာတရားကြီးသလဲဆိုတာ၊ ဟုတ်တယ်နော် မိုးညို"

"ဟုတ်တယ်. . . ဆယ်နှစ်လုံးလုံး ဆေးခန်းတွေမှ ရှယ်ဆို တဲ့ဆေးခန်းတွေနဲ့ကို အကုန်အကျခံပြီး ကုတာ၊ သေတော့လည်း ခမ်းခမ်းနားနားကို သဂြိုဟ်ပေးတာကွ"

"ဟာ. . . တော်လိုက်တဲ့ အိမ်ထောင်ရှင်မကွာ၊ ပိန်ပိန်လေး . . ပိန်ပိန်လေး. . အဟုတ်ဟုတ်"

"ငါတို့တစ်မျိုးလုံးကလည်း အဲဒီအဒေါ်ကို အံ့သလိုပဲ ချီးမွမ်း ကြတယ်၊ သူ အိမ်ထောင်ပြုတော့မယ်ဆိုတော့လည်း ကြည်ကြည် ဖြူဖြူ ခွင့်ပြုပေးကြတယ်၊ သားသမီးလည်း မကျန်ခဲ့ဘူး မဟုတ်လား၊ . . . တစ်ခုပဲ ပြောစရာရှိတာ"

ခိုင်လေး မျက်လုံးပြူးသွားပြီး. . .

"ဘာ. . ဘာပြောစရာရှိလဲ!"

"အဒေါ်ကပဲ ဖွင့်ပြောပြတာပါ၊ အခု. . သူ ထပ်ပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြုတဲ့သူက ကျေးဇူးရှင်တဲ့၊ သူ့ပထမယောကျ်ားကို ဆေးကုနိုင်တာ၊ သေတော့လည်း လှလှပပ သင်္ဂြိုဟ်နိုင်တာ သူ့ကြောင့်တဲ့၊ အဲ့ဒါကြောင့် ယူလိုက်တာတဲ့ကွ”

“ဟေ!!. .”

“ဟား. . ဟား. . ဟား. . ဟား. . ပိန်ပိန်လေး ပိန်ပိန်လေး ဟား. . ဟား. . ဟား. . ဟား”

ခင်မောင် ဝါးလုံးကွဲ ထရယ်၍ ခိုင်လေး မွန်ကာ ရေနွေးတွေချည်း ဖိသောက်သည်။ ထို့နောက် မိုးညိုက. . .

“သူများအကြောင်း မပြောပါဘူးကွာ. .၊ ကိုယ့်အမျိုးအကြောင်းပဲ ကိုယ်ပြောမှာပါ၊ နောက်တစ်ယောက်. . .

ငါနဲ့ဆို အစ်ကိုဝမ်းကွဲတော်တယ်၊ သူလည်း တစ်မြန်မနှစ်ကမှ အိမ်ထောင်ကျသွားတာ၊ သူ့အမျိုးသမီးက ဖြူဖြူဖွေးဖွေး ပြည့်ပြည့်ဖြိုးဖြိုးကြီးကွ၊ သာစုကန်ထဲ ခိုးမျှားပြီး ရလာတဲ့ ငါးကြင်းဖြူကြီးကျနေတာပဲ”

“ဝတုတ်ကြီးပေါ့”

“အလွန်အကျံကြီး မဟုတ်ဘူး. . . ကြည့်ကောင်းတဲ့ပုံမျိုး၊ ပိုက်ဆံကလည်း ချမ်းသာတယ်ကွ၊ စီးပွားရှာလည်း ကောင်းတယ်၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြည်၊ ပုသိမ်လို မြို့ကြီးတွေမှာ သူ့လုပ်ငန်းတွေ ဖြန့်ခွဲထားတာ”

“ဟာ. . . အတော်ဂွတ်တာပဲကွ”

“ဟုတ်တယ်. . . ငါ့အစ်ကို့ကိုလည်း ကြို့ပင်ကောက်မှာ ပွဲရုံတစ်ရုံ ထောင်ထားပေးပြီး ဦးစီးခိုင်းထားတယ်”





“ဘာလိုသေးလဲကွာ. . . ကြားလား ခိုင်လေး၊ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးနော်၊ ဝတုတ်လေးနော်. . အဟမ်းဟမ်း. . အင်း. . ပြောပါဦးကွ. . မိုးညိုရ”

“အေးကွာ. . . မင်းပြောသလို ငါ့အစ်ကိုဝမ်းကွဲကို အိမ်ထောင်ရေး ကံကောင်းတယ်လို့ လူတိုင်းပြောကြတယ်. . . တစ်ခုပဲကွ”

“ဟမ်. . . လာပြန်ပြီ၊ အဲ့ဒီတစ်ခုက ဘာလဲဟ!”

“ဒါက ငါကျောင်းပိတ်လို့ ခဏပြန်တော့ ညီအစ်ကိုချင်းတွေ့ပြီး တိုးတိုးညည်းတာပါ”

“အေးလေ. . ဘာ. . ဘာညည်းတာလဲ!”

“သူ့မိန်းမက သဘောလည်းကောင်း မနောလည်းကောင်း အားလုံးကောင်းတယ်တဲ့၊ ဒါပေမယ့် ငါက ဆဋ္ဌမမြောက်ယောကျ်ား ဖြစ်နေတာလေးပဲတဲ့”

“ဟမ်!!. .”

“သူယူထားတဲ့ယောကျ်ားတွေကို မနစ်နာအောင် တစ်မြို့မှာ စီးပွားတစ်ခုစီ ပေးထားပြီး သူကတော့ တစ်မြို့မှာတစ်လ အလှည့်ကျတဲ့ကွ”

“ဟား. . ဟား. . ဟား. . ဟား၊ ဝတုတ်ကြီး. . ဝတုတ်ကြီး. . ဟား. . ဟား. . ဟား. . ဟား”

ခိုင်လေး အာပြဲအောင် ရယ်ပြီး ကလဲ့စားချေသဖြင့်. . . ခင်မောင် ဒေါပွကာ ဝုန်းခနဲ ထရပ်ပြီး ထွက်သွားလေတော့သည်။

“တွေ့လား. . မိုးညို၊ ဒီကောင် လက်ဖက်ရည်ဖိုး မရှင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုသေးလဲကွာ. . . ကြားလား ခိုင်လေး၊ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးနော်၊ ဝတုတ်လေးနော်. . အဟမ်းဟမ်း. . အင်း. . ပြောပါဦးကွ. . မိုးညို၊ရ"

"အေးကွာ. . . မင်းပြောသလို ငါ့အစ်ကိုဝမ်းကွဲကို အိမ်ထောင်ရေး ကံကောင်းတယ်လို့ လူတိုင်းပြောကြတယ်. . . တစ်ခုပဲကွ"

"ဟမ်. . . လာပြန်ပြီ၊ အဲ့ဒီတစ်ခုက ဘာလဲဟ!"

"ဒါက ငါကျောင်းပိတ်လို့ ခဏပြန်တော့ ညီအစ်ကိုချင်း တွေ့ပြီး တိုးတိုးညည်းတာပါ"

"အေးလေ. . ဘာ. . ဘာညည်းတာလဲ!"

"သူ့မိန်းမက သဘောလည်းကောင်း မနောလည်းကောင်း အားလုံးကောင်းတယ်တဲ့၊ ဒါပေမယ့် ငါက ဆဋ္ဌမမြောက်ယောက်ျား ဖြစ်နေတာလေးပဲတဲ့"

"ဟမ်!!. ."

"သူယူထားတဲ့ယောက်ျားတွေကို မနစ်နာအောင် တစ်မြို့မှာ ဧည့်ပွားတစ်ခုစီ ပေးထားပြီး သူကတော့ တစ်မြို့မှာတစ်လ အလှည့်ကျတဲ့ကွ"

"ဟား. . ဟား. . ဟား. . ဟား၊ ဝတုတ်ကြီး. . ဝတုတ်ကြီး . . ဟား. . ဟား. . ဟား. . ဟား"

ခိုင်လေး အာပြဲအောင် ရယ်ပြီး ကလဲ့စားချေသဖြင့်. . . ခင်မောင် ဒေါ်ပွကာ ဝုန်းခနဲ ထရပ်ပြီး ထွက်သွားလေတော့သည်။

"တွေ့လား. . မိုးညို၊ ဒီကောင် လက်ဖက်ရည်ဖိုး မရှင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရှူးချင်ယောင်ဆောင်သွားတာ”

“ထားလိုက်ပါကွာ. . . ငါရှင်းပါ့မယ်”

“နေ့. . နေ့. . ငါရှင်းမယ်”

ခိုင်လေး လက်ဖက်ရည်ဖိုး ခေါ် ရှင်းပြီးမှ. . .

“ဒါနဲ့ မင်းရော အငြိမ်ဇယားလေးဘာလေး မရှိဘူးလား!”

“ရှိတယ်”

“ဟာ. . . မင်း ဒါတော့ လျှိုတာပဲကွ၊ ပြောစမ်းပါဦး. . . အနေအထား”

“မင်းအမြင်ပဲလေ. . . တစ်ယောက်တည်းအေးဆေး၊ ဒီထက် ငြိမ်တဲ့ဇယား ဘယ်နား သွားရှာမလဲ!”

“ချီးပဲ. . ငါပြောတာ ကောင်မလေးကွ. . ရင်ခုန်သံလေး”

“မတွေ့ပါဘူးကွာ. . . သွားတော့မယ်၊ ဩော်. . မင်းတို့ ပြဿနာရဲ့အဖြေမှန်က ဘာလဲ. . သိလား!”

“အင်း. . . ပြောလေ”

“အိမ်ထောင်ရေးဆိုတာ ကံစမ်းမဲပဲကွ၊ နှိုက်ကြည့်မှပဲ သိတယ်”




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"သံလွင်ရေ"

"ရှင်. . မေမေ"

"အသံလေးပဲ လွင်မနေနဲ့. . . အပြင်ထွက်ခဲ့ဦးလေ၊ ဒီမှာ ဘယ်သူရောက်နေလဲ လာကြည့်စမ်း"

သံလွင်ချို မျက်ခုံးလေး မြင့်တက်သွားပြီး ဖတ်လက်စစာအုပ်နှင့်ပင် အခန်းအပြင်ထွက်ခဲ့သည်။

ဧည့်ခန်းထဲ ဝင်လိုက်တယ်ဆိုရင်ပဲ သူမခြေလှမ်းတွေ တုန့်ခနဲဖြစ်ကာ ဖေဖေ့ဘေးက ခုံမှာ ထိုင်နေသောသူကို သေချာကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သပ်ရပ်ခန့်ညားသော အညိုရောင်အနောက်တိုင်းဝတ်စုံနှင့် ဖြူဝင်းပြည့်ဖြိုးသော အသားအရည်ပေါ်မှာ ပြောင်တင်းပြီး အနည်းငယ် ကျယ်လွန်းသောနဖူးပြင်က မည်းနက်သော မျက်ခုံးမွေးများ၏ အနားသပ်မှုကြောင့် အထင်ကရ ရှိလှသဖြင့် ဘယ်သူများပါလိမ့်ဟု တွေးကာ မေမေ့ဘေးနား ရောက်သွားသည်။

"ထိုင်လေ သမီး"

"ဟုတ်. ."

"ဒါဘယ်သူလဲ. . . ကြည့်စမ်း"

သူမ ဘယ်လိုကြည့်ကြည့် နဖူးပြောင်ပြီး သူမထက် အသက်ကြီးပုံရသော ထိုလူကြီးအား ဘယ်လိုမှ မမှတ်မိသဖြင့်. . .

"မသိဘူး မေမေ"

"မောင်လှတင့်လေ. . သမီးနဲ့ဖေဖေတို့ မေမြို့မှာနေတုန်းက ပြည်တော်သာထဲမှာ ခြံချင်းကပ်လျက်ကလေ"

ဖေဖေက ဝမ်းသာအားရနှင့် မှတ်မိနိုင်အောင် ပြောပြ၍ သူမ မျက်မှောင်လေး ကျုံ့ကာ စဉ်းစားသည်။

ပြင်ဦးလွင်မှာ နေတုန်းက သူမ အသက်ဆယ်နှစ်ဝန်းကျင် လောက်ပင် ရှိဦးမည်။ ရန်ကုန်ပြောင်းလာမှ ခုနစ်တန်း စတက်သော အရွယ်။ ထို့ကြောင့် သူမ ခေါင်းခါပြန်ပါသည်။

ထိုအခါ မေမေက. . .

"သမီးရယ်. . . သမီး လေးတန်းစတက်တဲ့နှစ်က ကျောင်းက ပြန်လာတော့ ခွေးကြောက်လို့ဆိုပြီး လမ်းပေါက်ဝမှာ ထိုင်ငိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကျန်း မောင်လှတင့်က တွေ့လို့ ကုန်းပိုးပြီး ခေါ်လာတာလေ၊

သမီးကျောင်းပိတ်တဲ့ရက်ဆို မောင်လှတင့်တို့ ခြံထဲမှာ ကြက်တောင်ရိုက်ကြတာလေ"

ထိုစဉ် မောင်လှတင့်ဆိုသောလူကြီးက. . .

"စဉ်းစားပါဦး သံလွင်ရဲ့၊ ကြက်တောင်ရိုက်တိုင်း သံလွင့်ကို နှင်းနိုင်နိုင် မုန့်ဝယ်ကျွေးရတဲ့ ဦးလှတင့်လေ"

ဒီတော့မှပဲ သူမမျက်လုံးထဲ ဝိုးတဝါး မြင်ကာ သေချာပြန်ကြည့်သည်။ ဂေါက်ကွင်းဘေးက အဒေါ်ကြီးဆိုင်မှာ ကောက်ညှင်းနှင့် ငါးခြောက်ကြော် စားရတာကိုလည်း သတိရကာသွားသည်။

"အင်း. . . မှတ်မိပြီ၊ အဲ့ဒီတုန်းက ဦးလှတင့်က နဖူးမှ ပြောင်တာ"

ဦးလှတင့်မျက်နှာ ရဲတျာတျာကြီး ဖြစ်သွားသည်။

ဖေဖေလည်း အားနာသွားပုံနှင့်. . .

"သြော်. . . မောင်လှတင့်က အဲ့ဒီတုန်းက ငယ်သေးတာ ကိုး သမီးရဲ့၊ ခုကော မောင်လှတင့် ဘယ်လောက်ရှိပြီလဲ!"

ဖေဖေက သူမကို ပြောပြရင်း ဦးလှတင့်ကို မေးလိုက်၍ ဦးလှတင့် ခါးလေး နည်းနည်းဆန့်ကာ ကိုယ်လုံးကြီးကို ယိမ်းပစ်သည်။ ရယ်မြူးရိပ်နှင့် ရှိနေသောမျက်နှာမှာ ရှက်သလိုလို ရွံ့သလိုလို ဖြစ်လာပြီး. . .

"ဟုတ်. . ဟုတ်ကဲ့ ဦးလေး၊ ဟို. . လေးဆယ်ထဲ ဝင်နေပြီ ခင်ဗျ"

သူမ နောက်ချင်လာသဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ဝင်သွားပြီလဲ ဦးလေး၊ တစ်ပေလောက်လား!"

"ဟင့်အင်း. . . အဲ့သလောက် မဟုတ်ပါဘူး သံလွင်ရဲ့၊ ဟဲ. . ဟဲ. . ဟဲ. . ဒါပေမယ့် မိတ်ဆွေတွေကတော့ ခင်ဗျားအရမ်းအရွယ်တင်တာပဲလို့ ပြောကြတယ်"

"ဟုတ်တယ်. . . အခေါ့မျက်လုံးထဲမှာတော့ ဟိုးပြင်ဦးလွင်မှာတုန်းကလည်း ဒီအရွယ်ပဲကွယ့်. . . အဟင်းဟင်း"

"အဟား. . ဟား. . ဟား. . အခေါ်လည်း အမှန်အတိုင်းမြင်တတ်တာပဲကိုး. . အဟား. . ဟား"

"ဟုတ်ပါရဲ့. . . သံလွင်လည်း အခုမှ မှတ်မိတော့တယ်၊ ပြင်ဦးလွင်မှာတုန်းကထက်စာရင် အသားတောင် ပိုဖြူဝလာတယ်"

"သြော်. . . ဒါက အစားအသောက်နဲ့ ရာသီဥတုလေ သံလွင်ရဲ့၊ ဦးလှတင့်တို့ ကိုရီးယားမှာက အရမ်းအေးတာ၊ ပြင်ဦးလွင်ထက် အဆနှစ်ဆယ်လောက် ကွာမလားမသိဘူး"

"ဟုတ်မှာပါ. . . ဒါနဲ့ နဖူးက ဘာလို့ ပြောင်သွားတာလဲဟင်၊ နှင်းစားသွားလို့လား!"

"အဲ. . ဟို. . အဟဲဟဲ"

"သြော်. . . မေ့နေလိုက်တာ သမီးရေ၊ ဒေါ်မိုး သူ့အိမ်ခဏပြန်သွားလို့ သမီးပဲ လုပ်လိုက်ပါဦး၊ မောင်လှတင့်အတွက် ကော်ဖီလေး ဖျော်ပါဦး. . မေ့နေလိုက်တာ"

"ခဏလေး. . အခေါ်၊ ကျွန်တော်လည်း မေ့နေလို့"

ထို့နောက် ဦးလှတင့်က လက်ဆွဲအိတ်ရောင်စုံလေးများအား



www.burmeseclassic.com

www.burmeseclassic.com



ပေးလာတာ. . .

"ဒါက ဦးအတွက်၊ ဒါက အဒေါ်အတွက်၊ ဒါလေးက သံလွင့် အတွက်ပါ။ ကိုရီးယားမှာတော့ အဈေးအကြီးဆုံးနဲ့ အကောင်းဆုံး ပါပဲ၊ သူတို့ဆီမှာ အထူးအလေးထားရတဲ့မိတ်ဆွေတွေကို ပေးရတဲ့ ထက်ဆောင်မျိုးလေ"

"အိုကွယ်. . . ဒုက္ခရှာပြီးတော့များ"

"အိုခေကွယ်လို့ပဲ လုပ်ပါ အဒေါ်ရယ်. . ဟဲဟဲဟဲ"

သူမ ရပ်ကြည့်နေသဖြင့် ဦးလှတင့်က စားပွဲပေါ်က ပစ္စည်း အိတ်ကို ယူပြီး သူမလက်အရောက် လှမ်းပေးကာ. . .

"နောက်တစ်ခေါက် ဒီထက်ကောင်းတာ ပေးဦးမှာ၊ လိုချင် တာရှိလည်း မှာနော်. . . သိလား"

"ဟုတ်. . ကျေးဇူးပဲ"

သူမ ယူကာ ဧည့်ခန်းထဲမှ ထွက်လာခဲ့လေသည်။

မီးဖိုခန်းထဲ ရောက်မှ ကော်ဖီဖျော်ရင်း စဉ်းစားကြည့်မိ သည်။ ဖေဖေတို့ကို အားနာ၍သာ ရောဖောလိုက်ရသည်။

အဲ့ဒီဦးလှတင့်နှင့် ငယ်ငယ်တုန်းက ခင်ခဲ့ရမှုကို စိတ်ထဲမှာ ကျန်မနေခဲ့ခြင်းပင်။

သူမကို ပြင်ဦးလွင်မှာပဲ မွေးပြီး ဆယ်နှစ်နီးပါး နေထိုင်ခဲ့ရ သည့်အတွက် ဇာတိမြို့လေးကိုတော့ ဘယ်သောအခါမှ မမေ့။

ဒါပေမယ့် အဲ့ဒီလူကြီးကိုတော့ လုံးဝမေ့နေတာတော့ ထူး ဆန်းလေသည်။

သူကတော့ မြင်မြင်ချင်း သိနေသည်။ အမှတ်ရစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် ပုံဖော်ပေးသေးသည်။ ဆန်းတယ်ဆိုပေမယ့်လည်း လူ့သဘောမနောရဲ့သဘာဝအရ သိပ်ဆန်းသည်ဟုတော့ မဆိုနိုင်။

အဲ့သလောက် ဝေးကွာသောအချိန်တွေ မဆိုထားနှင့်။ သူမကျောင်းပြီးခဲ့တာ တစ်နှစ်လောက်ပင် ရှိဦးမည်။ ဟိုတစ်နေ့က အုံ့ဖွယ်ဟု ခေါ်သောသူတစ်ယောက်က ရင်းရင်းနှီးနှီး နှုတ်ဆက်တာကို သူမ ကြောင်အအနှင့် လက်ခံလိုက်ရသည်။

အုံ့ဖွယ်ဆိုသူက သူမနှင့် အတန်းတူ၊ မေဂျာတူ၊ ရိုးလ်နံပါတ်တောင် သုံးယောက်ပဲ ခြားသည်ဟု ဆိုပါသည်။ လက်တွေ့ခန်းဝင်လျှင်လည်း တစ်ဖွဲ့တည်းဟု ပြောလာ၍ သူမ ဦးနှောက်ခြောက်စွာ စဉ်းစားလိုက်ရသည်။

အုံ့ဖွယ်ဟူသော ထူးခြားသည့်နာမည်နှင့်သာ မဟုတ်လျှင် သူမ သူ့ကို မှတ်မိဖို့ မသေချာချေ။ မှတ်ဉာဏ်မကောင်း၍မဟုတ်၊ သူမ စိတ်မဝင်စား၍ သတိမထားမိသောအရာသာလျှင်ဖြစ်သည်။

ယခုလည်း ဦးလှုတင့်ကို အုံ့ဖွယ်ကဲ့သို့ပင်ဖြစ်နေပြီဟု ထင်ပါသည်။

သူမ အတွေးလွန်ပြီး သတိဝင်လာမှ ကော်ဖီဗန်းနှင့်မုန့်ပွဲကပျာကသီ ပြင်ကာ အပြင်သို့ အသော့ပင် ထွက်၍လာခဲ့သည်။

သို့သော်. . .

"အမလေး. . ငါ့သမီး ကော်ဖီဖျော်တာ ဒိုးဂွင်မှာ ကော်ဖီစေ့သွားမှာပြီး ကြိတ်ယူနေသလား အောက်မေ့ရတယ်၊ မောင်လှုတင့်တောင်ပြန်သွားပြီကွယ်"

"ဟို. . သမီး. . ရေနွေး. . ရေနွေးဆူအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ထားလိုက်တော့၊ အဲ့ဒီကော်ဖီ ငါပဲ သောက်ထိုက်တော့မယ်၊ ထိုင်ဦး ခဏ"

သူမ ဝင်ထိုင်သည်နှင့် ဖေဖေက မေမေ့ကို မေးဆတ်ပြလေသည်။ ထို့နောက် မေမေက. . .

"ခုရှုပ်မှ နောင်ရှင်း. . . ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ် သမီး မောင်လှတင့်ရဲ့မိဘတွေနဲ့ မေမေတို့ဆိုတာ လူရင်းမိတ်ဆွေပေါ့ မောင်လှတင့်ဆိုတာလည်း အတွင်းသိ အချင်းသိပဲ၊

ပညာတတ်လေးဖြစ်၊ စီးပွားရှာလည်းကောင်း၊ စာရိတ္တလည်း မှန်ကန်လို့ မေမေတို့ သူ့ကို သမက်ရွေးဖို့ ဆုံးဖြတ်ထားလိုက်တယ်"

"ဟာ. . မေမေ. . ဒီဦးပြောင်ကြီးနဲ့ သမီးကို"

"ရုပ်ရည်ထက် ဘဝခိုင်မာဖို့က အဓိက မဟုတ်လား သမီး၊ မောင်လှတင့်က ကိုရီးယား မသွားခင်ကတည်းက သူ့ဆန္ဒကို ဖေဖေတို့ဆီ ဖွင့်ပြောခဲ့တာ၊ သမီးက အရမ်းငယ်သေးလို့ မပြောဘဲထားတာ၊ အခု ကျောင်းလည်း ပြီးပြီ၊ မောင်လှတင့်က ကိုရီးယားကုမ္ပဏီတစ်ခုနဲ့ မြန်မာပြည်မှာ ကုမ္ပဏီတစ်ခု ဖက်စပ်ထူထောင်ဖို့ စီစဉ်နေတယ်၊ သမီးက IC နဲ့ ကျောင်းပြီးထားတော့ သူ့ကုမ္ပဏီမှာ အထောက်အကူ ပြုနိုင်စရာလည်း ရှိမယ်၊ ဘာပဲပြောပြော နေနဲ့လရွှေနဲ့မြပဲ သမီး"

"သမီးအတွက်တော့ ကြောင်နဲ့ကြွက် ဆင်နဲ့ဆိတ်ပဲ ဖေဖေ၊ ဘယ်လိုမှ မလိုက်ဖက်ဘူး"

"ဘာ!. . ဘာ!. . ဘယ်လို. . မိသံလွင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . . သမီးထက်လည်း အသက်နှစ်ဆယ်လောက် ကြီးသေးတယ်၊ သူမွေးရင်တောင် သူ့သမီးလောက် ရှိတာ၊ ပြီးတော့ အဲ့ဒီပြောင်ပြောင်ကြီးကို မြင်တိုင်း အသည်းယားလို့ ပြောမိဆိုမိရင် တကျက်ကျက် ဖြစ်နေမှာ သေချာတယ်၊ မဖြစ်ပါဘူး ဖေဖေရယ်"

"တော်စမ်း. . မိန်းကလေး၊ ငါ ဒီတစ်ခါတော့ အလိုမလိုက်ဘူးကွ"

ဖေဖေ ပြောရင်း ကော်ဖီတစ်ကျိုက်လောက် မော့သောက်ပစ်လိုက်စဉ်. . .

"ဖွီ. . . ခါးလိုက်တာ"

"ဟာ. . . ဒုက္ခပဲ၊ သမီး နို့ဆီနဲ့သကြား ထည့်ဖို့ မေ့သွားတယ်"

"နင်တော့နော်"

ꩤꩤꩤꩤ



www.burmeseclassic.com

www.burmeseclassic.com



သူ ခြံထဲမှာ တံမြက်စည်းလှည်း၊ ပန်းပင်တွေ ရေလောင်းရင်း ခနက်ခင်းတစ်ချိန်လေး မြန်မြန်ကုန်အောင် အလုပ်ရှုပ်ပစ်လိုက်သည်။ နေ့လယ် ကုမ္ပဏီအင်တာဗျူး ဖြေဖို့ ရှိနေသဖြင့် ထိုအချိန်ကို ရင်ခုန်စွာ မစောင့်မိစေရန် စိတ်ကို အလုပ်ပေးထားခြင်း ဖြစ်လေသည်။

"မောင်မိုးညိုရေ"

"ခင်ဗျာ. . . ဦးလေး"

"မင်း ဒီနေ့ သွားစရာရှိတယ်ဆို"

"ဟုတ်ကဲ့. . . နေ့လယ်မှပါ၊ ထမင်းစားပြီးမှပဲ သွားမှာ"

"အေး. . အေး. . ဒါဆိုလည်း ဦးလေး အပြင်ခဏသွားဦးမယ်၊ ထမင်းတော့ ချက်ပြီးပြီကွ၊ ဟင်းကိစ္စတော့ မင်းဘာသာ ခဲ့ထားလိုက်တော့"

"ဟုတ်. . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးလေး သူ့ကားလေးနှင့် ခြံထဲက ထွက်သွားမှ မိုးညို သက်ပြင်းမောကို တစ်ပေကျော်ကျော်လောက် မှုတ်ထုတ်ကာ ထိုင်လိုက်သည်။

အမေ့မောင် လူပျိုကြီး စီးပွားကောင်းလို့သာ တော်တော့သည်။ ကျောင်းတက်တုန်းကလည်း ကျောင်းစရိတ်၊ ကျောင်းပြီးတော့လည်း အလုပ်ရှာနေရသဖြင့် ခရီးစရိတ်၊ အသုံးစရိတ်၊ အိမ်စရိတ်ဆိုတာကတော့ ထည့်တောင် မတွက်ရက်တော့ပေပြီ။

သူ အလုပ်ရလျှင်တော့ ဦးလေး၏ကျေးဇူးကြွေးကို ဆက်ဆက် ပြန်ဆပ်ဖို့ စိတ်ကူးထားသော်လည်း အလုပ်က အဆင်မပြေသေး၍ အားနာနေရသည်။

သို့သော် ဦးလေးအတွေးက ထိုသို့မဟုတ်။ အမေ့မောင် ပီသစွာ အစ္စကလည်း ကြီးတတ်သည်။ စီးပွားရေးလုပ်ငန်းတွေ သူ ရောက်လာမှ ဆက်တိုက်အဆင်ပြေလာ၍ သူ့ကိုလာဘ်ကောင်လို သဘောထားကာ လိုလေသေးမရှိ ဖြည့်ဆည်းကာထားသည်။

သူနှင့် တစ်သက်လုံး အတူနေဖို့တောင် တဖွဖွ ပြောနေရှာလေသည်။ အမေကလည်း ဦးလေးလိုပင် အယူအစွဲက ကြီးလွန်းသည်။ ဗေဒင်ဆရာက အညိုရောင်ကို ရှောင်ပါဟု ဟော၍ အိမ်က ခိုင်းနွားကြီးညိုကုတ်ကို နပွဲ(နွားပွဲ)ထုတ်ပစ်သည်။

အိမ်ရှေ့ဧည့်ခန်းတစ်ခြမ်းလုံး နတ်ရုပ်တွေနှင့် ပြည့်နေ၍ ရွတ်တွတ်တွတ် လုပ်တတ်သောအဖေသည် ဘုရားကျောင်းဆောင်လေးအား ဘုရားစင်ပေါ်မှ ပင့်ယူလာကာ အဖေ့အခန်းထဲ ထည့်၍ ပူဇော်သဖြင့် အမေနှင့် စကားများကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒ ယုံကြည်သောအဖေနှင့် ဗြာဟ္မဏဝါဒီ အယူသည်းသော အမေ့ကြားမှာ သူ မကြာခဏ နားရှုပ်ညပ်ဖူးသည်။

အမေက နတ်ပန်းအိုးတွေ ပန်းလဲလို့ ပြောစဉ် အဖေက ဘုရားပန်းအိုး ထိုးခိုင်းသဖြင့် သူ ပန်းတစ်စည်းနှင့် ဗျာများကာ ဆိုင်ငိုခဲ့ဖူးသည်။

အိမ်တွင်းရေး အဆင်မပြေတော့ စီးပွားရေး အဆင်မပြေ။ ထို့ကြောင့် သူဆယ်တန်းအောင်တော့ အမေက ရန်ကုန်မှာနေသော ဦးလေးဆီ သူ့ကို ပို့လိုက်သည်။

ဦးလေး၏လာဘ်ကောင်အဖြစ်နှင့် ကျောင်းပြီးခဲ့ရသည်။ ခုတော့ အဖေနှင့်အမေ အဆင်ပြေနေကြသည်ဟု သတင်းကြားပါသည်။ အမေလည်း ဒယ်အိုးဆရာတော်နှင့်တွေ့မှ ဒယ်အိုးထဲရောက်မှာ ကြောက်ပြီး အဖေနှင့် အမြင်တူကာ အသွင်တူအိမ်သူ ဖြစ်သွားသည်။

"မိုးညို့ . . မင်းထွက်လာရင် ကွမ်းဘူးဝင်ယူသွားဟေ့၊ ငါ ထည့်ထားခဲ့ပြီ"

အိမ်ရှေ့ကနေ ဦးစိုးကြီး လှမ်းအော်သွားမှ မိုးညို အတွေးပြတ်ကာ ထရပ်သည်။ ညှိခန်းနံရံက နာရီကို လှမ်းကြည့်မှ အေးစက်နေသောသွေးတွေ နွေးပူလာပြီး ခပ်သွက်သွက်လေး လှုပ်ရှားရတော့သည်။ (၉)နာရီ။ ဈေးပြေး၊ ချက်ပြုတ်နှင့် ဟင်းစားအတွက် လုပ်ရပေဦးမည်။

၅ ၅ ၅ ၅

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



**ရုံး**မြေညီထပ် အဆောက်အဦးထဲက ထွက်လိုက်သည်နှင့် ခြေလှမ်းတိုင်းမှာ ယုံကြည်ချက်တွေ စိမ့်ဝင်နေသလို ခံစားလာရသည်။

ဘဝမှာ ဒီလောက် ခြေကျမှန်သောခြေလှမ်းမျိုးကို လှမ်းဖူးတာ ဒါ ပထမဦးဆုံးဟု သူထင်မြင်နေမိသည်။

အခြေခံလစာနှင့် လုပ်ငန်းခွင်သင်တန်း သုံးလတက်ခွင့်ပြုလိုက်ပြီဆိုကတည်းက သူအလုပ်ရပြီဆိုတာ သေချာသွားပြီ မဟုတ်လား။

အဟတ်ဟတ်. . ပျော်သကွာ။

မိုးညို ကွမ်းဘူးလေး ထုတ်ပြီး ကွမ်းတစ်ယာ ပါးစောင်ထဲ ထိုးထည့်ကာ အရသာရှိရှိ မြုံ့လိုက်သည်။

"ဟဲ့!. . ."

☺ ဒေါင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဝါမွန်"

"အမလေး. . . ဘာတွေ ဘဝင်မြင့်နေလဲ မသိဘူး၊ ခေါ်ကြေး အော်မကြားနဲ့"

"အလုပ်ရှုပ်ပြီလေဟာ"

"တယ်ဟုတ်ပါလား. . အကြွေးဆပ်"

"အာ. . . တိုးတိုးပြောပါဟ၊ နင်တစ်ယောက်တည်းလား!"

"ဟိုမှာ တစ်ယောက်ပါသေးတယ်၊ သူ့ဖုန်း ဘက်ထရီ လဲနေလို့ ခဏစောင့်ပေးနေတာ"

"အလဲ့. . အာရာဒါးနားလေးက ဟန်းဖုန်းတွေနဲ့ပါလား!"

"အဲ့ဒါ သန်းသန်းဝင်း မဟုတ်ဘူး၊ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းဟဲ့. . . ခုမှ ဆုံဖြစ်ကြလို့ ဟိုမှာလာပြီ"

သူလှည့်ကြည့်ပြီး ရင်ထဲ ဒုတ်ခနဲမြည်ကာ ကွမ်းဖတ်နင်သလို နင်သွားသည်။ သူမလည်း မှတ်မိပုံရပါသည်။ ဖုန်းဆိုင်ရဲ့ လှေခါးထစ်ထစ်မှာတင် တံ့ခနဲ ရပ်ကာကြည့်သည်။ ပြီးမှ. . . မျက်နှာထားတင်းတင်းလေးနှင့် ဆက်လျှောက်လာပါသည်။

အနားရောက်မှ ဝါမွန်က. . .

"သံလွင်. . . ဒါ မိုးညိုတဲ့၊ တို့နဲ့ အတူတူပဲ ကျောင်းပြီးတာ၊ သူလည်း BE ပဲ"

ဝါမွန် အပြုံးနှင့် မိတ်ဆက်ပေးသလောက် သူမထံမှ မယုံကြည်နိုင်သလို ရှုံ့မဲ့မဲ့လေး ကြည့်လိုက်သောအကြည့်က သူ့အတွက် အတော်ပင် အောင့်သက်သက်နိုင်လှသည်။ ထို့ကြောင့်. . .

"ကဲ. . ဝါမွန်. . ငါသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . . ဒါမျိုးရမလား၊ နင် အလုပ်လည်း ရပြီး အကြွေးလည်း ပေးရမယ်၊ လာ. . လာခဲ့. . ငါတို့နှစ်ယောက် ကြက်သားနဲ့ ပဲထမင်း သွားစားမလို့ တိုင်ပင်ထားတာ နင်လိုက်ကျွေးပေတော့"

မိုးညို ငြင်းဖို့နေနေသာသာ ပြေးကွက်ပါ ပိတ်ထားသော ဝါမွန်လက်ကြောင့် အသာငြိမ်ကာနေလိုက်ရသည်။

"လွှတ်တော့လေဟာ. . နင် လွယ်အိတ်ကြိုးကို ဆွဲထားတာ အကြောင်းမဟုတ်ဘူး၊ အိတ်ထဲက ဇျစ်ထုပ်လေး အမြစ်ပြုတ်သွားရင် ခက်မယ်"

"နင်ထွက်ပြေးလို့ကတော့ ခါးပိုက်နှိုက်လို့ အော်မှာပဲ"

"စိတ်ချ. . ပြေးလို့ကတော့. . ဟောဒီမှာကြည့်"

မိုးညိုက သူ့အိတ်ကို ဇစ်ဖွင့်ပြလိုက်သည်။ အထဲမှာ အထူးပြုလုပ်ထားသောချိတ်နှင့် ကွမ်းထုပ် ပလတ်စတစ်အိတ်ထုပ်ကို မြင်သွား၍. . .

"ထွီ. . ရွံစရာကြီးဟာ. . လွှင့်ပစ်လိုက်ပါတော့လား"

"အမှိုက်ပုံး မတွေ့သေးလို့ပေါ့ဟ"

အမှိုက်ပုံးဆို၍ ဝါမွန် တစ်ဖက်ဘေးမှ ငြိမ်ပြီးလိုက်လျှောက်လာသော သံလွင်၏မျက်လုံးအကြည့်တွေ လှစ်ခနဲ ရောက်လာသည်။

မိုးညို လူမူရေးပြုံးလေးနှင့် တုံ့ပြန်လိုက်၍ သူမအကြည့်များ လှစ်ခနဲ ပြန်ရုပ်သိမ်းသွားသည်။

သို့နှင့် အိန္ဒိယအစားအစာ သီးသန့်ရောင်းသောဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် ရောက်လာခဲ့ကြလေသည်။

"ကြက်ပဲသုံးပွဲ . . . စားမယ်"

စားပွဲများ စောင့်ရင်း ဝါမွန်က. . .

"ဪ. . . နင့်ကို ပြန်ပြီးမိတ်ဆက်ပေးရဦးမယ်၊ သူက သံလွင်ချိုတဲ့၊ အိုင်စီနဲ့ ပြီးထားတာ၊ ငါတို့လိုပဲ သဘောကောင်းတယ်၊ ရှင်းလင်းတယ်ဟဲ့"

"ဟုတ်လို့လားဟာ. . . ငါတို့ တစ်ခါဆုံကြတုန်းက ငါ အတီးခံရပြီ မှတ်တာ"

"တီးချင်တာမှ လက်ကို ယားနေတာပဲ. . ."

"ဟယ်. . . နင်တို့က သိနေကြတာလား!"

သူ အသာငြိမ်နေသော်လည်း သံလွင်ချို ငြိမ်မနေဘဲ ချက်ချင်းဖြေရှင်းသည်။ ထိုနေ့က ဖြစ်ပျက်သမျှ ပျစ်နှစ်စွာ ပြန်ပြောပြ၍ ဝါမွန် သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်၍. . .

"ဟင်. . . အကောင်စုတ်၊ အဲ့ဒါကြောင့် နင့်ကို တွမ်းဖြတ်ပါတော့လို့ ပြောနေတာ၊ အရှက်ကို မရှိဘူး"

"တွမ်းစားတာ ငါးပါးသီလ ပျက်တာမှ မဟုတ်ဘဲဟာ၊ ရှက်စရာ မလိုပါဘူး"

"အေး. . . နင် ခုလိုဖြစ်တော့ ကောင်းသေးလား၊ သံလွင်မို့လို့ပေါ့. . . ငါနဲ့သာဆို နင် တစ်ပတ်လောက် ဆန်ပြုတ်သောက်သွားရမယ်"

"ဘယ်တတ်နိုင်မလဲ. . . ငံ့ခံရုံပေါ့၊ ငါ တမင်ညစ်ပတ်တာ မဟုတ်ဘူးဆိုတာ နင်လည်း မြင်တာပဲ၊ နင်တို့ ရောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီပုံးထဲမှာ ခုနေတဲ့ သစ်ကိုင်းချောင်းကို ဆွဲထုတ်နေတုန်းလေ”

ဒီတော့မှ ဝါမွန်က. . .

“အေးဟဲ့. . သံလွင်၊ ဒီကောင်ကဲဆိုးတာ သိလား၊ အမှိုက်ပုံးအဖုံးအောက်မှာ သစ်ကိုင်းက ခုနေတော့ သူ့ဗျစ်ထုပ်ကြီး ပစ်ထည့်တာ ဘယ်ဝင်တော့မလဲ”

သူမမျက်နှာပေါ်က မာဆတ်ဆတ်တွေ ရေနည်းနည်းရောသွားသည်။

“အင်းလေ. . . ထားပါတော့၊ ဒါပေမယ့် ငါ့သူငယ်ချင်းတွေထဲမှာ ဆေးလိပ်၊ အရက်၊ ကွမ်းစားတဲ့သူ မရှိတာတော့ အမှန်ပဲ၊ ရှိလည်း အပေါင်းအသင်း မလုပ်ဘူး၊ သူများတွေ ကိုယ့်အသက်ကိုယ်ကြံဖန်မွေးနေကြတဲ့အချိန်မှာ အဲ့ဒီလူတွေက ကိုယ့်အသက်ကိုယ်ကြံဖန်သတ်နေကြတာလေ၊ ပညာတတ်ပြီး စာမတတ်ကြတဲ့သူတွေပေါ့ဟယ်”

သူ နည်းနည်းတော့ တင်းသွားသည်။ သို့သော် စားပွဲများရောက်လာသဖြင့် တင်းတာလေး လျော့ကာ စားသောက်နေလိုက်ရသည်။ စားသောက်ပြီးမှ မိုးညို ကွမ်းတစ်ယာထုတ်ငုံရင်း. . .

“အမှန်တော့လည်း ကွမ်းဝါးတာဟာ မြန်မာ့ရိုးရာ အစဉ်အလာလို့လည်း ပြောနိုင်တယ်၊ ခံတွင်းကျန်းမာရေးကို စောင့်ရှောက်တာလို့လည်း ဆိုနိုင်တယ်လေ၊ သွားပိုးမစားဘူး၊ ခံတွင်းရှင်းတယ်၊ အပူအပုပ် ကင်းတယ်”

ထိုအခါ သံလွင်က. . .

“ကျန်းမာရေးဝန်ကြီးဌာနကတော့ ကွမ်းစားခြင်းဟာ သွား



www.burmeseclassic.com

www.burmeseclassic.com



ရောဂါ၊ သွားဖုံးရောဂါ၊ ကင်ဆာရောဂါအထိ ဖြစ်နိုင်တယ်လို့ အတိအလင်း ဆိုထားတယ်"

"အဲ့ဒါ နှပ်ဆေး၊ ပေါင်းဆေးတို့ စီကနင်တို့ နိုင်တီတူး၊ ဆူရင်မတို့နဲ့ စားရင် နီကိုတင်းဓါတ်ကြောင့် ဒုက္ခပေးမှာ အမှန်ပဲ၊ ကျွန်တော်က ဗမာဆေးရိုးရိုးနဲ့ ကွယ်ချို ဖာလာစေ့ ထည့်ပြီး စားတာ၊ အမှန်တော့ စားတာ မဟုတ်ဘူး၊ ဝါးပြီး ငုံပြီး ထွေးပစ်တာပါပဲ"

"ဗမာဆေးဆိုတာလည်း ဗာဂျီးနီးယားပဲလေ၊ ပြီးတော့ ထုံးကလည်း နုနယ်တဲ့ ခံတွင်းနေရာတွေကို ဒုက္ခပေးတာပဲ၊

တော်ပါရှင်. . . ကွမ်းစားရင် ကျန်းမာရေးထိခိုက်တယ်ဆိုတာ ကျွန်မ မပြောလည်း ရှင်သိနေတာပဲ၊ လေကုန်တယ်၊

ကဲ. . . ဝါမွန် ငါတို့ သင်တန်းကိစ္စ စုံစမ်းရဦးမယ် မဟုတ်လား. . . သွားရအောင်"

"အေး. . . သွားမယ်လေ၊ ဟဲ့. . . မိုးညို နင်ရှင်းလိုက်"

"နေ. . နေ. . ဝါမွန်. . သံလွင်ပဲ ရှင်းလိုက်မယ်"

"မလုပ်နဲ့. . အဲ့ဒီကောင်ကို ညှဉ်းချင်လို့ ခေါ်လာတာ၊ လာသွားစို့"

ဝါမွန် ထရပ်ပြီးမှ. . .

"ဟဲ့!. . . ဒါပြီးရင် နင့်ဆီမှာ ကားခ ရစရာ ရှိသေးတယ်နော်"

"အေး. . . စိတ်ချ၊ နင့်အကြွေးမကျေဘဲနဲ့ ငါလုံးဝမသေသေးဘူး"

သူမတို့ ထွက်သွားမှ မိုးညို ကောင်တာဆီ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ရှင်းလိုက်သည်။

"ဘယ်လောက်ကျသလဲ မသိဘူး"

"ခုနစ်ထောင့်ငါးရာ"

"ဗျာ!. ."

မိုးညို ခေါင်းနားပန်းကြီးသွားပြီး. . .

"ဟို. . ဟို. . ဘယ်လောက်ခင်ဗျ"

"ခုနစ်ထောင့်ငါးရာ"

ဘုရားကယ်ပါ။

သူ ကတုန်ကယင်ဖြစ်ကာ ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို ရေတွက်ကြည့်လိုက်သည်။ သူ့အိတ်ထဲ တစ်သောင်းလောက် ကျန်ဦးမည်ဟု ထင်ထားသော်လည်း ခြောက်ထောင်နှင့် အကြွေတစ်ချို့သာ ရှိတော့သည်။

မနက်က ဈေးဝယ်တာကို သတိရပြီး ငွေကျန်တာ မှန်သော်လည်း ထမင်းဟင်းပွဲက ဤမျှ ကျလိမ့်မည်ဟု လုံးဝမထင်ထားချေ။

မိုးညို ချွေးစေးများပင် စို့ပြန်လာခဲ့သည်။ ဒီထက်လည်း ပိုပြီး မပြောင်းလဲနိုင်တော့သဖြင့် အသက်ဝဝရှူသွင်းကာ အိတ်ထဲ ကွမ်းဘူးကို ထုတ်လိုက်သည်။

ထို့နောက် ငွေခြောက်ထောင်နှင့်လွယ်အိတ်ပါ ကောင်တာ ခုံပေါ် တင်ပေးကာ. . .

"တောင်းပန်ပါတယ်အစ်ကိုကြီး၊ ထောင့်ငါးရာ လိုနေလို့ ဒီအိတ်ပါ ယူထားလိုက်ပါ၊ ကျွန်တော် ဆက်ဆက်လာပြန်ယူပါ့မယ်"

ကောင်တာက ပုဂ္ဂိုလ်ကြီး မျက်နှာတစ်ချက် တွန့်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ခပ်ကြမ်းကြမ်း ဆွဲယူကာ ကောင်တာဘေးသို့ ခပ်ဆောင့်ဆောင့် ပစ်ချလိုက်တော့သည်။

သူလည်း မျက်နှာတစ်ခုလုံး ပူထူပြီး အက်ကွဲမလာခင် အသာလစ်ထွက်လာရလေတော့၏။

(တောက်. . . ငါ့နှယ်ကွာ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





# အခန်း(၃)

"**ဟယ်**. . . ဒုက္ခပဲ"

သူမမျက်လုံးတွေပါ ပြာဝေလာကာ လက်ပွေ့အိတ်ထဲ နှိုက်၍ ရှာဖွေကြည့်သည်။ မရှိ။

လက်ကိုင်ဖုန်းတစ်လုံးလုံး မေ့ကျကျန်ခဲ့ရအောင် အသုံးမကျ လွန်းသော ကိုယ့်ကိုယ်ကို အပြစ်တင်ရင်း အသိအာရုံတစ်ခုက လက်ခနဲ ဝင်ရောက်လာခဲ့သည်။

ဝါမွှန်နှင့် သင်တန်းကိစ္စ ဝင်စုံစမ်းတာက ဘာမှမပြော၊ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



တောင် မထိုင်ဖြစ်။ ထမင်းဆိုင်မှာ ကျန်ခဲ့တာပဲ ဖြစ်ရမယ်။

ဟုတ်တယ်. . . ငါ့အိတ်ကို ဘေးက ထိုင်ခုံမှာ ချရင်း ဖုန်းကို အိတ်ဘေးမှာ ချထားတာ။

သူမ တွေဝေမနေတော့ဘဲ ကားတစ်စီးငှားကာ ထမင်းဆိုင်သို့ မောင်းခိုင်းလိုက်သည်။

"ညှော်သည်ဝင်တယ်ဟော့"

"ဒီလိုပါရှင်. . . ကျွန်မ စောစောလေးကပဲ ဒီမှာ ဝင်စားခဲ့တာပါ။ ဟိုးကဝိုင်းမှာ သုံးယောက်လေ၊ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးနှစ်ယောက်"

ထိုအခါ ကောင်တာထိုင်သော ပုဂ္ဂိုလ်ကြီးက. . .

"သိပြီ. . သိပြီ. . ဟန်းဖုန်းကျန်ခဲ့တယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီ. . . အဲ့ဒီဖုန်းနဲ့ ခင်ဗျားဖုန်းနံပါတ်ကို ခေါ်လိုက်ပါ၊ မှန်တယ်ဆိုရင် အချက်ပေးပါလိမ့်မယ်"

သံလွင် ပျော်သွားပြီး ကောင်တာစားပွဲပေါ်က ဖုန်းနှင့် သူမဖုန်းနံပါတ်ကို နှိပ်ခေါ်လိုက်ပါသည်။

ထိုစဉ်မှာပင် ကောင်တာဘေးအောက်ခြေဆီမှ သူမဖုန်းမြည်သံလေး ထွက်ပေါ်လာသဖြင့် ပုဂ္ဂိုလ်ကြီးက ပြုံးပြီး အနက်ရောင်ဘေးလွယ်အိတ်ကြီးကို လှမ်းမ,ယူကာ စားပွဲပေါ် တင်ပေးရင်း. . .

"အထဲမှာ ခင်ဗျားရဲ့ဖုန်းပါ၊ ဒီအိတ်က ခင်ဗျားနဲ့ အတူထိုင်တဲ့လူက ထမင်းဖိုး ရှင်းတာ. . ထောင့်ငါးရာ လိုနေလို့ သူ့အိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



…သွားတယ်၊ အဆင်ပြေရင် အဲ့ဒီထောင့်ငါးရာ ခင်ဗျားကပဲ ပေး ပြီး အိတ်ကို ပြန်ယူသွားလိုက်ပါ၊ ကျွန်တော့်ဆီမှာ သိမ်းဆည်းရတာ …ပါတယ်”

သံလွင် မျက်လုံးလေး ဝိုင်းသွားကာ သူမတို့ ထွက်လာစဉ်က …မှာ မျက်စိသူငယ် နားသူငယ်နှင့် ထိုင်ကျန်ခဲ့သော မိုးညှိဆို …လူ၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်သွားမိသည်။

ပိုက်ဆံမပြည့်လို့ သူ့အိတ်ထားခဲ့တာတဲ့။ ဘုရားရေ. . . …လောက်တောင်များ အရှက်တွေ ကွဲလိုက်မလဲဆိုတာ။

အို. . . သူနဲ့ အတူထိုင်မိတဲ့ ကိုယ်ရော ဘာထူးမှာလဲ။

“ကောင်းပါပြီရှင်. . . အဲ့ဒီပိုက်ဆံ ကျွန်မပေးပါ့မယ်၊ အိတ် …တော့ သူလာမှ ပြန်ပေးလိုက်ပါ”

“ခင်ဗျားပဲ ယူသွားပေးပါ၊ ဒီမှာ သိမ်းရတာ ခက်တယ်ဗျာ”

သူမ ဒီထက်ပို၍ စောဒက မတက်သင့်ကြောင်း ကိုယ့်စိတ် …ကိုယ် သတိပေးပြီး လက်ခံလိုက်ရသည်။ ဖုန်းကို ထိန်းသိမ်းထား …ပိုင်ရှင်လက်ရောက် စနစ်တကျ ပြန်အပ်သည့်ကျေးဇူးကိုလည်း …ထောက်ထားရပေမည်။

ထမင်းဆိုင်မှာဖြစ်၍ လူအများရှေ့ ရှက်တာရော အားနာမိ …ပါ ရောနှောထူပူပြီး ငွေထောင့်ငါးရာ ထုတ်ပေးပြီးသည်နှင့် …ကို ဇစ်ဖွင့်ကာ သူမ ဖုန်းကို နှိုက်ယူလိုက်လေသည်။

“ဟင်!. . . ဘာတွေလဲ မသိဘူး”

အထဲမှာ စိုစိစိုဖတ်တွေ ကိုင်မိသွား၍ သူမလက်ကို ကမန်း …ယာ ထုတ်ပြီးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ. . . ဘာတွေ ကိုင်မိပြီလဲမသိဘူး"

ညိုညစ်ညစ်အရည်နှင့် အမှုန်အဖတ်တွေက သူမ လက်တစ်ခုလုံး ပေပွကာ ထွက်လာသဖြင့် အိတ်ထဲမှာ ကွမ်းသွေးအိတ်ကို ချိတ်ထားတာကို သတိရကာ. . .

"အား!!. ."

"ဘာတွေလဲ ကောင်မလေး"

"ကွမ်းတံတွေး. . နံလိုက်တာ"

"ဟား. . ရေ. . ဘာ. . ဘာ"

၅၅၅၅



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အလုပ်ခွင်သင်တန်း စတက်ရမည့်နေ့ ဖြစ်သောကြောင့် မိုးညို မိုးမလင်းခင်ကတည်းက အိပ်ရာထကာ အိမ်ဗာဟီရ အလုပ်များ မမောနိုင်အောင် လုပ်နေသည်။ ထွေထွေထူးထူးတော့ မဟုတ်။

တူဝရီးနှစ်ယောက် မနက်အဆာပြေအတွက် ကြက်ဥကြော်၊ ထမင်းကြော်၊ ကော်ဖီဖျော်ဖို့ ရေနွေးကျို၊ ညက စားသောက်ပြီး ထပ်ထားသော အိုးခွက်ပန်းကန်များ ဆေးကြော၊ ရေချိုးခန်းနှင့် အိမ်သာခန်းအတွက် ကန်ထဲ ရေနည်းနေလျှင် ရေမောင်းတင်၊ သန့်ရှင်းရေးလုပ်၊ ခြံထဲ ဆင်းပြီး အမှိုက်လှည်း။

အမှိုက်ကလည်း ကုက္ကိုပင်ကြီးတစ်ပင်နှင့် စိစ်ပင်ကြီး တစ်ပင်က အကြီးအကျယ် ခြွေချနေတော့၍ တစ်ရက်လောက် မလည်းမိလျှင်ကို မလွယ်။ ထို့နောက် ပန်းပင်တွေ ရေလောင်း၊ ပြီးမှ ရေမိုး

www.burmeseclassic.com

www.burmeseclassic.com



ချိုး၊ ဈေးဘက်ပြေးကာ ဝယ်ခြမ်းပြီး မနက်စာ၊ ညစာ ချက်ပြုတ်ရခြင်း ဖြစ်သည်။

နောက်ရက်တွေလည်း ယနေ့ တနင်္ဂနွေလိုနေ့မျိုးမှလွဲ၍ ညနေ(၅)နာရီကျော်မှ ပြန်ရောက်မည်ဖြစ်ကာ ဒါ ပုံမှန်လည်ပတ်ရမည့်အလုပ်ဟု သတ်မှတ်ကာ အချိန်နာရီကိုက် လုပ်ကိုင်နေလိုက်သည်။

သူ ဈေးက ပြန်လာတော့ ဦးလေး အိပ်ရာမှ နိုးနှင့်နေကာ စားသောက်ခန်းထဲတွင် ရောက်နေချေပြီ။ သူ ဈေးခြင်းတောင်း ချ၍ လုပ်ကိုင်ရန် ပြင်နေသဖြင့်. . .

“မင်းဟာကလည်း. . ကလေးငါးယောက်နဲ့ မုဆိုးဖို ကျနေတာပဲကွာ၊ နားနားနေနေ လုပ်စမ်းပါဟ၊ မင်းကြည့်ရတာ မောလိုက်တာ”

“ကျွန်တော် ဒီနေ့ အလုပ်စတက်ရတော့မယ် ဦးလေး၊ အဲ့ဒါ အပြင် အချိန်ဇယားဆွဲပြီး လုပ်နေတာ”

“အောင်မလေး. . . မင်းအလုပ်မလုပ်လည်း ဒီဦးလေးက ကျွေးမှာပါ၊ နေပါဦး. . . ဘာအလုပ်လဲ၊ ဘယ်မှာလုပ်မှာလဲ”

“ကိုရီးယားဖက်စပ် လျှပ်စစ်ကုမ္ပဏီတစ်ခုပါ၊ လျှပ်စစ်လူသုံးကုန်ရော အလှကုန်ပစ္စည်းပါ ကိုရီးယားနည်းပညာနဲ့ ဒီမှာပဲ ထုတ်မှာလေ”

“အင်း. . . မဆိုးပါဘူး၊ အင်းလေ. . မင်းအလုပ်ဝင်တော့မယ်ဆိုလည်း ငါ အိမ်ဖော်တစ်ယောက်ခေါ်မှ ဖြစ်မယ်ထင်တယ်”

“ဟာ. . မလိုပါဘူး ဦးလေးရာ၊ ကျွန်တော်လုပ်နိုင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲ ငါ့တူရာ၊ မင်းအခုလုပ်နိုင်တယ်ဆိုတာ ကိုယ့် အလုပ်တာဝန်တွေ ဘာတစ်ခုမှ မလုပ်ရသေးလို့ကွ၊ အလုပ်ဝင်ရတဲ့ အခါကျတော့ အလုပ်ကနေ စိတ်ရောလူပါ ပင်ပန်းပြီး အိမ်ကျတော့ ထည်း အိမ်အလုပ်နဲ့ မင်းဖင်ထိုင်သွားမှာပေ့ါ၊ ထားပါ. . . အဲ့ဒါ ဦးလေးစီစဉ်လိုက်မယ်၊

ဩော်. . . မင်းအခန်းထဲက စားပွဲပေါ်မှာ မင်းအတွက် ဒီ တာ အသေးသုံးအတွက် ထားခဲ့တယ်"

"ဟုတ်. . ဟုတ်ကဲ့. . ဦးလေး"

"ဟုတ်ကဲ့ဆိုပြီး မင်းမျက်နှာက ဘာဖြစ်သွားရတာလဲ!"

"ဦးလေးလည်း ကျွန်တော့်အတွက် အရမ်းပင်ပန်းနေပြီ"

"နေပါကွာ. . . မင်းအမေက ငါ့အတွက် အရင်ပင်ပန်းခဲ့ရ တာပါ၊ ငါ ဒီဘဝရောက်အောင် နွားနဲ့ ဖက်ရုန်းပြီး ငါ့ကို တွန်းပို့ခဲ့တာ မင်းအမေကွ၊ အဲ့ဒီတော့ အားနာမနေနဲ့ သုံးစရာရှိတာသုံး၊ ငါလည်း ပေးနိုင်လို့ ပေးတာ"

အိမ်ရှေ့က လူခေါ်ခေါင်းလောင်းသံကြောင့် တူဝရီးနှစ် ယောက် စကားစဖြတ်ကာ နားစွင့်ကြည့်ကြသည်။

"ဧည့်သည်ထင်တယ်. . ကျွန်တော် သွားကြည့်လိုက်မယ်"

မိုးညို ကွမ်းတစ်ယာ ပါးစပ်ထဲ ထိုးထည့်ပြီး ဧည့်ခန်းဘက်သို့ ထွက်လာခဲ့လေသည်။ ထို့နောက် တိုင်မှာ ချိတ်ထားသော ခြံတံခါး သော့ကို ယူကာ ခြံထဲသို့ ခပ်သွက်သွက်ပင် ဆင်းလာခဲ့သည်။

(ဟင်. . . ဝါမွန်တို့ပါလား)

ခြံတံခါးနောက်မှာ ရပ်နေသော ဝါမွန်နှင့်သံလွင်ချိုကို သူ



www.burmeseclassic.com

www.burmeseclassic.com



အားပါးတရ ပြုံးပြပြီး ခြံတံခါးသော့ကို ဖွင့်ပေးလိုက်သည်။

"လာလည်ကြတာလား. . အဟဲဟဲဟဲ. . လာ. . အိမ်ထဲ ဝင်ရအောင်"

"ဝင်စရာမလိုပါဘူး"

သံလွင်ချို၏မာဆတ်ဆတ်စကားသံနှင့်အတူ သူ့ရှေ့ ဘုတ်ခနဲ ပစ်ချလိုက်သော ကျွန်ကျောင်းအိတ်ထုပ်ကြောင့် နားမလည်သလို လှမ်းကြည့်ပြီး. . .

"ဒါ. . ဒါက. . "

ထိုအခါ ဝါမွန်က. . .

"အဲ့ဒါ နင် ထမင်းဆိုင်မှာ ထားခဲ့တဲ့ နင့်အိတ်လေ၊ သံလွင်တစ်ခေါက်ပြန်ရောက်သွားလို့ ပိုက်ဆံပေးပြီး ရွေးခဲ့ရတာ"

"အာ. . . ငါ ဒီနေ့ အလုပ်သွားရင်း ဝင်ယူမလို့ပါ"

"နင့်ကို ငါမပြောဘူးလား၊ ဒီကွမ်းစားတာကို ဖြတ်ပါတော့လို့ ဆိုတာ၊ အဲ့ဒီကွမ်းကြောင့် နင် သံလွင့်ကို ဒုက္ခပေး အရှက်ခွဲနေတာ ဘယ်နှစ်ကြိမ်ရှိနေပြီလဲ"

"ဟာ. . ငါ. . ငါ. . ဘာဒုက္ခပေးလို့ပဲ"

"ဘာ. . . နင့်အိတ်ထဲက ကွမ်းသွေးထုပ်လေ၊ အဲ့ဒီနေ့က သံလွင့်လက်မှာ အကုန်ပေရေပြီး ထမင်းဆိုင်မှာ အရှက်တွေ ကွဲခဲ့တာတဲ့. . . သိပြီလား!"

သူ ပင့်သက်ခိုးရှိုက်ပြီး သံလွင်ချိုကို လှမ်းကြည့်သည်။ သူမ လုံးဝကို မျက်နှာလွှဲထားပြီး နှုတ်ခမ်းလှလှလေးတွေ အကျည်းတန်အောင် တင်းတင်းစေ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ့အနားသို့ ဦးလေးရောက်လာပြီး သံလွင်ချိုကို စူးစူးကြည့်လျက်. . .

"ဟော့. . . ဟိုသမီးလေးက ဦးဝင်းရှိရဲ့သမီးမဟုတ်လား"

ဒီတော့မှ သူမလှည့်ကြည့်သည်။ ထို့နောက် ဦးလေးက. .

"ဦးက သမီးအဖေရဲ့လုပ်ငန်းမိတ်ဆွေ ဦးကျော်ဆွေလေ၊ ဟိုတစ်ခါ ဘုရင့်နောင်ပွဲရုံမှာ သမီးတို့သားအဖ ကားပျက်နေလို့ ဦးကားနဲ့ပဲ အိမ်လိုက်ပို့တာ မှတ်မိလား!"

သို့မှပင် သူမမျက်နှာလေး ပျော့ပျောင်းလာကာ. . .

"အင်း. . မှတ်မိပြီရှင့်၊ ဒါ. . ဒါ ဦးလေးတို့အိမ်လား!"

"အေးလေကွာ. . ဒါဦးလေးရဲ့အိမ်၊ ဒါက ဦးလေးရဲ့တူ ထဲ. . လာကြ၊ အထဲဝင်ထိုင်ကြဦး၊ ဟော့. . မိုးညို၊ မင်းကွာ သူငယ်ချင်းတွေ လမ်းမှာ ဧည့်ခံရသလား. . . အထဲခေါ်ခဲ့၊ သမီးတို့ လာကြ လေ့"

ဤသို့ဖြင့် သံလွင်ချိုတို့ မကျေနပ်တာ ကျေနပ်တာတွေ ဘေးချိတ်ကာ ဧည့်ခန်းမှာ ဝင်ထိုင်ကြရတော့သည်။

"သမီးတို့နဲ့မိုးညိုက သူငယ်ချင်းတွေလား!"

သံလွင်ကတော့ မဖြေပါ။ ဝါမွန်က. . .

"ဟုတ်. . . သမီးနဲ့က အတန်းဖော်သူငယ်ချင်းတွေပါ၊ သံလွင်နဲ့က သမီးနဲ့ ပတ်သက်ပြီး သိကြတာ"

"သြော်. . အေး. . အေး၊ ဒီကောင် ဘယ်နှယ့်လဲကွ၊ အိမ် မှာတော့ ဘာမှပြောစရာမရှိအောင် တော်တဲ့ကောင်၊ အချက် အပြုတ်၊ အလုပ်အကိုင်၊ အိမ်သန့်ရှင်းရေးကအစ ဘာမှကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရတာ၊ အပြင်မှာရော ဘယ်လိုလဲ!"

ထိုအခိုက်မှာပင် သံလွင်က. . .

"ပြောရမှာတော့ အားနာပါတယ် ဦးလေးရယ်"

"ဟေ. . အာ ဒါမျိုးအားနာရင် ဘယ်မှာ မိတ်ဆွေကောင်းပီသပါ့မလဲ၊ ပြော. . သမီး"

"ဦးလေးတူက အရမ်းပွေးတာ၊ သမီးနဲ့ သိတာတောင် ဘာမှမကြာသေးဘူး၊ ရည်းစားတွေလည်း မှိုလိုပေါက်၊ ဘီယာလေးကလည်းသောက်၊ ကွမ်းကလည်း ဆိတ်ပါးစပ်ပဲ၊

ဦးလေးနဲ့ တစ်ခြားစီပဲ၊ သမီးတောင် သူ့ကို ခင်ရတာကြောက်တောင် ကြောက်လာတယ်"

ဝါမွန် မျက်လုံးမျက်ဆန်တွေ ပြူးပြီး သံလွင်ချိုကို အသာဆွဲလိမ်ပြီး သတိပေးသည်။ သံလွင်ကလည်း ဝါမွန့်ကို ပြန်လိမ်ဆွဲကာ မတားဖို့ သတိပေးလိုက်သည်။

ထိုစဉ် မိုးညို ကော်ဖီဗန်းနှင့်မုန့်ပွဲများ ယူလာပြီး ချပေးကာ. . .

"ကော်ဖီသောက်ပြီး မုန့်စားကြဖါဦး၊ ဝါမွန်က ခါးဆိမ့်သောက်တော့ နှစ်ခွက်စလုံး ခါးဆိမ့်ပဲ ဖျော်ထားတာ၊ လိုတာရှိရင်ပြော. . . ပြန်ပြင်ပေးမယ်"

ထို့နောက် မိုးညို ခုံလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်သည်နှင့် ဦးလေးဖြစ်သူက. . .

"ဘယ်လိုလဲ မိုးညို၊ အခု ငါ့သမီးတွေ ရောက်လာမှ သိရတော့တယ်၊ မင်း အပြင်မှာ ပွေးဆိုကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

"မဗျာနဲ့. . . ဒီကလေးတွေ မလိမ်ဘူး"

"ဟာ. . . အဲ့ဒါ အပြင်မှာ မဟုတ်ဘူး. . . တင်ပါးမှာ၊ အကြီးကြီး မဟုတ်ပါဘူး၊ ခုမှ ပေါက်ခါစမို့လို့ မြွေနှစ်ကောင်နဲ့ သတ်တာ ပျောက်တောင်ပျောက်နေပါပြီ"

"ဟေ. . . မင်းဘာတွေပြောနေတာလဲ!"

"သူတို့က ဘာတွေလာပြောတာလဲ၊ ကျွန်တော့်တင်ပါးမှာ ပွေးပေါက်တာ သူတို့ ဘယ်လိုသိသွားတာလဲ!"

"ဟာ. . . ဟဲ့ကောင်၊ အဲဒီပွေး မဟုတ်ဘူး"

"ခင်ဗျာ. . . ဘယ်ပွေးတုန်း၊ ပွေးဆိုလို့ ကျွန်တော့်မှာ အဲဒါ တစ်ခုပဲ၊ ဒါတောင် ဒီလောက်ကလေးရယ်"

ဝါမွန်ရော သံလွင်ပါ ကော်ဖီငုံ့သောက်ရင်း မအောင့်နိုင်ဘဲ ရယ်မိ၍ ခွီးခနဲ ခွပ်ခနဲ ဖြစ်ကုန်ကြတော့သည်။

"ကဲ. . . ကဲ. . . ထားလိုက်တော့၊ ကလေးတွေရှေ့မှာ မင်း ဘာတွေ လာဖော်ထုတ်နေမှန်း မသိဘူး"

မိုးညို နည်းနည်းတင်းသွားပြီး ဝါမွန့်ကို လှမ်းကြည့်သည်။ ဝါမွန်က သူ မဟုတ်ကြောင်း၊ မျက်နှာရိပ် မျက်နှာကဲနှင့် လုပ်ပြသဖြင့် မိုးညိုအကြည့်တွေ သံလွင်ချီထံ ရောက်သွားသည်။ သံလွင် တစ်ချက် မျက်လွှာပင့်အကြည့်နှင့် အကြည့်ချင်း ဆုံကြလေသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**မိုး**ညိုတို့အိမ်မှ ပြန်ထွက်လာရင်း ဝါမွန်က. . .

"နင် ဘယ်လိုလုပ်လိုက်တာလဲ၊ မိုးညိုတော့ သေပြီ ထင်တယ်"

"သေပစေလေ. . . သေအောင်သတ်ခဲ့တာ"

ဆိုတော့လည်း ဝါမွန် စိတ်မကောင်းဖြစ်ဟန်နှင့်. . .

"ငါ့သူငယ်ချင်း သနားပါတယ်၊ ဒီကောင်က တကယ် လူအေးဟ၊ ငါတို့နဲ့ ငါးနှစ်လုံးလုံး တစ်ခန်းတည်း အတူတက်ခဲ့တာ၊ ရည်းစားလည်း မရှိ ဘာလည်းမရှိ၊ ငါတို့အုပ်စု ဝိုင်းဒုက္ခပေးသမျှ လှိမ့်ခံခဲ့ရတဲ့ကောင်လေ"

"ဒါဆို ငါ့ကိုတော့ မသနားဘူးပေါ့၊ ငါ့ခြေထောက်ပေါ် ကွမ်းသွေးတွေ လောင်းချတာရော၊ သူ ကွမ်းသွေးထုပ်ထဲ လက်နှိုက်တာရောလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါဟာ. . . ရွံ့စရာကြီး"

"ဟင်. . . နင်ကြားရတာနဲ့တောင် ဒီလောက်ရွံ့နေရင် ငါက စားတော့ဟဲ့"

"ဝေါ့. . . နင့်လက်တွေ သေချာရော ဆေးရဲ့လား!"

"ဆေးပါ့. . . အိမ်ရောက်တော့ ဆပ်ပြာရည်နဲ့ နာရီဝက်လောက် စိမ်ပြီး ဆေးထားတာ၊ အဲ့ဒါတောင် နမ်းကြည့်တိုင်း အဲ့ဒီ အနံ့ကြီး ရနေလို့ ဒေါသထွက်ပြီး နင့်ဆီ ဖုန်းဆက်တာ၊ ဒင်းကို တွေ့ရင် နှစ်ချက်လောက် တီးပစ်ဖို့ ဟင်း. . . ဦးလေးကြောင့်ပေါ့"

"ဒါပေမယ့်လည်း သူ့အစား ငါတောင်းပန်ပါတယ်ဟာ၊ အဲ့ဒီနေ့က ငါဒုက္ခပေးခဲ့လို့ သူ့ခမျာလည်း အရှက်ကွဲခဲ့ရတာပါ"

"နင် ရိုးရောရိုးရဲ့လား ဝါမွန်"

"ဘာကိုလဲ!"

"နင် သူ့ဘက်ကချည်းပဲ ပါနေတာလေ"

"အမလေး. . . တို့က ပိုင်ရှင်ရှိပြီးသားပါနော်. . . ဟွန်း"

"အဲ့လိုလား. . . မသိပါဘူး၊ စိတ်များဝင်စားနေလားလို့"

"ငါက အဲ့သလိုမထင်ဘူး"

သံလွင် လှည့်ကြည့်၍ ဝါမွန်က မချိုမချဉ်မျက်နှာနှင့်. . .

"ရွှေမိုးလေးညိုနေတော့ သံလွင်မြစ်ရေများ ရေစီးကြမ်းနေပြီလားလို့"

"သွား. ."

"အခစ်ခစ်ခစ်. . ဒါပေမယ့် မိုးညိုက မဆိုးပါဘူး၊ ကိုနိုးယား သွားရင် ဂျွန်စောဆိုပြီး လိုက်ဆွဲနေကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဂျွန်စောလား ကွမ်းစားမှာ"

"အဲ့ဒါတစ်ခုပဲ ဖျက်နေတာဟ၊ လူကတော့ အမှန်အကန်ပဲ စိတ်ကောင်းလည်း ရှိတယ်၊ လျှပ်စစ်အင်ဂျင်နီယာနော် အစ်မ၊ စိတ်ကူးရှိရင် ဝင်တန်းစီလိုက်၊ နံပါတ်တစ်ပဲ. . . သိလား!"

သံလွင် မျက်နှာလေး မဲ့ပြကာ တစ်ဖက်လှည့်သွားသည်။ ဒီလောက်တော့ ဝါမွန်လည်း နပ်သည်။ မိန်းမချင်း သိသည်ပေါ့။ ဒီမိန်းမ မဟုတ်က ဟုတ်ကတွေ ပြောခဲ့ပြီးမှ စိတ်မကောင်းဖြစ်နေပြီ ဆိုတာ။

"ဩော်. . နင်. . မိုးညိုတို့အိမ်က ဖုန်းနံပါတ် သိလား!"

"အလိုလေး. . . ကျုပ်က ဘာလို့ သိရမှာလဲ!"

"သူငယ်ချင်းတွေပဲဟယ်"

"ဩော်. . . ငါမေ့နေလိုက်တာ၊ ဖုန်း. . ဖုန်းဆက်ရမှာ၊ ဖုန်းဆိုင် ဘယ်မှာပါလိမ့်"

"ငါ့ဖုန်းနဲ့ ဆက်လေ. . ရော့"

"အေး. . အေး. . ခဏနော်"

ထို့နောက် မိုးညိုဖုန်းနံပါတ်အား ရိုက်ထည့်ပေးပြီး. . .

"ရော့. ."

"ဟင်. . နင်မဆက်တော့ဘူးလား!"

"ဟင့်အင်း. . မိုးညိုဖုန်းနံပါတ် ရိုက်ထည့်ပေးတာ"

"ဟယ်. . ကြည့်စမ်း. . နင်မကောင်းဘူး သိလား!"

"မလိုချင်ရင် ဖျက်လိုက်ပေါ့ဟ. . . ငါသွားပြီ"

ဝါမွန် မျက်နှာပြောင်ပြီး ထွက်သွား၍ သူမ ဖုန်းဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်ကို ကြည့်လိုက်သည်။ ဝါမွန် လှည့်ကြည့်လျှင် မကြိုက်လို့ မှတ်ပစ်နေသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



**အ**ဆင့်မြင့်နည်းပညာအခြေခံသော သင်ကြားပို့ချမှုအပိုင်းအတွက် ပညာရှင်အဆင့် မြန်မာလူမျိုး ဆရာ၊ ဆရာမများနှင့် သင်ကြားရ၍ အခက်အခဲ မရှိသော်လည်း လုပ်ငန်းလက်တွေ့ပိုင်း သင်ကြားချိန်တွင် စကားပြန်မှတဆင့် ကိုရီးယားအင်ဂျင်နီယာမှ တိုက်ရိုက်ပို့ချမှုမှာတော့ အခက်အခဲ ရှိလေသည်။

Socket လေးတစ်ခု အဆင့်ဆင့် တည်ဆောက်ပုံလေး ရှင်းပြနေတာကိုပင် ဆရာနှင့် ဘာသာပြန်သူ၊ သင်တန်းသား ထိုသုံးဦးကြားမှာ ခရီးမရောက်နိုင်ဖြစ်ကာ အချိန်ကြာတတ်သည်။

စကားဆိုသည်မှာလည်း ကိုယ့်ဘာသာစကားမှာပင် အလုံးစုံ လွယ်ကူရှင်းလင်းစွာ နားလည်ရန် ခက်ခဲတာမျိုးတောင် ရှိပါသည်။ ဒါက တခြားလူမျိုးတစ်မျိုး၏ဘာသာစကား၊ ထို့အပြင် စကားအားလုံးကို နားလည်ရှင်းလင်းနိုင်သော်လည်း လုပ်ငန်းပညာနှင့်ဆက်စပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဥပမာပေး ရှင်းပြသောစကားမျိုးတော့ ဘာသာပြန်ပေးသူမှာပင် အခက်အခဲ ရှိသွားသည်။

မြန်မာသင်တန်းသားတွေ နားလည်နိုင်ရန် စကားလုံး ရှာရေ ဖြစ်တတ်လေသည်။

ဒါမျိုးက ဖြစ်သင့်ဖြစ်ထိုက်သောအခက်အခဲဆိုတာကို သင်တန်းသားအားလုံးက နားလည်ပေးကြသည်။ ကိုယ့်နည်းကိုယ့်တန်နှင့် နားလည်နိုင်အောင် ကြိုးစားယူကြသည်။

နားမလည်နိုင်တာ တစ်ခုတော့ ရှိပါသည်။ ဘာသာပြန်ဆရာက ထိုကုမ္ပဏီ၏မြန်မာကိုယ်စားလှယ် မန်နေဂျင်းတစ်ယောက်ဖြစ်ပြီး သင်တန်းသူတွေ မေးလျှင် စိတ်ရှည်လက်ရှည် ပြန်ရှင်းပြတတ်ကာ သင်တန်းသားတွေ မေးလျှင်တော့ ပြောင်နေသော နဖူးအား ခြင်သုံးကောင် ပြူးကိုက်နေသလို ဖျတ်ခနဲမြည်အောင် ရိုက်ပြီး 'ဒီလောက် လွယ်တာကွာ. . . ပြီးမှမေး' ဆိုသော ခပ်တိုတိုပင် ဖြစ်တာ မသိဟန်ဆောင်ပစ်သော ကိစ္စပင်ဖြစ်လေသည်။

ထိုအခါ သင်တန်းသားတွေကြား 'ပြောင်ကြီး' ဆိုသော လျှို့ဝှက်နာမည်တစ်ခု ပေါ်လာပြီး အချင်းချင်း မသိ၍ မေးလျှင် မန်နေဂျာဦးလှတင့်စတိုင်လ်နှင့် နဖူးရိုက်ရိုက်ပြီး ပြောတတ်သော အလေ့အထတစ်ခုပါ ဖြစ်လာခဲ့တော့သည်။

မည်သို့ဆိုစေကာမူ လုပ်ငန်းခွင်သင်တန်း တက်ရသည်မှာ မိုးညိုအတွက် စိတ်အားထက်သန်စရာကောင်းလှသည်။

ဒီသုံးလပြီးလျှင် အလုပ်ခွင် ဝင်ရမည်။ သင်တန်းကာလ အခြေခံလစာငါးသောင်းမှ အလုပ်ခွင်ဝင်သည်နှင့် အလယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာလစာ တစ်သိန်းနှစ်သောင်း ခံစားခွင့်ရမည်ဖြစ်၍ စိတ်ကူးတွေ တစ်လှေကြီး ယဉ်ပစ်သည်။

ပထမဦးဆုံးလစာကို မိဘနှစ်ပါးနှင့်ဦးလေးအား တစ်ပြားမှ မကျန်အောင် ကန်တော့ရမည်။ ဖင်ထဲ ရွံ့တစ်ခွဲလောက် ဝင်မှ လူလုံးလှသည့် လယ်သမားဘဝမှ တွန်းထုတ်ပေးသည့် မိဘကျေးဇူးနှင့် အင်ဂျင်နီယာတစ်ယောက်ဖြစ်လာအောင် ကူပံ့ပျိုးထောင်ပေးသည့် ဦးလေးကျေးဇူးက မနည်းလှ။

ကုမ္ပဏီမှာလည်း ကြိုးစားနိုင်လျှင် ကြိုးစားသလောက် အခွင့်အရေးတွေက ရှိနေသည်။ ဝန်ထမ်းကောင်းတွေ ရွေးချယ်ကာ ပြည်ပ ပညာတော်သင် လွှတ်ပေးမည်။

ပင်မကုမ္ပဏီကြီး၏လက်အောက်ခံ ရေနံကုမ္ပဏီ ဓါတ်ငွေ့ကုမ္ပဏီများတွင် လိုအပ်သလို စေလွှတ်ကာ အမှုထမ်းစေမည်။ ပြည့်ဝသောခံစားခွင့်က ပြည်ပထွက်ပြီး အလုပ်လုပ်ကိုင်သူတို့ ပြန်လည်အားကျလောက်အောင်ရသည်ဖြစ်ရာ အတတ်ပညာနှင့် အတွေ့အကြုံ တိုးတက်မြင့်မားမှုအမြတ်နှင့် လူတန်းစေ့သောဘဝကို ပိုင်ဆိုင်နိုင်သော မျှော်လင့်ချက်ပန်းတိုင်ကား ရှေ့မှာ ရှိနေချေပြီ။

အိမ်မှာလည်း ဦးလေးဖြစ်သူကို ကျေးဇူးအလီလီ တင်နေမိသည်။ သင်တန်းကာလအတွင်း ကျောင်းသားတစ်ယောက်လို ပြန်ဖြစ်သွားသည့်အပြင် လုပ်ငန်းလိုအပ်ချက်အရ ကိုရီးယားဘာသာစကားသင်တန်းကိုပါ အချိန်ပိုင်း ဆက်တက်ဖို့ စီစဉ်နေ၍ အိမ်အလုပ်တွေ လှည့်မကြည့်နိုင်အောင်ဖြစ်သွားသည်။

ဦးလေးစိတ်ကူးနှင့် အိမ်ဖော်အဒေါ်ကြီးတစ်ယောက် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



အားပေး၍သာ တော်တော့သည်။ ဒီနေ့ပိတ်ရက်ဖြစ်၍ သူ ကော်ဖီ ဆောက်ရင်း ပညာရပ်များ လေ့လာနေခိုက် ဦးလေးက. . .

"အဆင်ပြေရဲ့လား တူကြီးရ"

"ဟုတ်. . ပြေပါတယ် ဦးလေး"

"အေးကွာ. . တို့တူဝရီး စကားလက်ဆုံ မကျရတာတောင် ကြာသွားပြီ၊ ဩော်. . . မင်းကို မပြောရသေးဘူးထင်တယ်"

"ဘာများလဲ ဦးလေး"

"အိမ်ကို မင်းနာမည်နဲ့ ဖုန်းခေါ်တာ နှစ်ခါရှိပြီကွ"

"ဟုတ်လား. . . နယ်ကလား!"

"မဟုတ်ဘူး. . . မိန်းကလေးအသံပဲ၊ ဘယ်သူလဲ မေး တော့လည်း မပြောဘဲ ဖုန်းချသွားတယ်ကွ၊ ကြည့်ရတာ မင်းပွေး အားတဲ့ ကောင်မလေးတွေ ထင်တယ်"

"အာ. . . အဲ့ဒီပွေးတာကြီး ထည့်မပြောပါနဲ့တော့ ဦးလေး ရာ၊ ကျွန်တော်တကယ်မပွေးတာ"

"အေးပါကွာ. . . မပွေးရင် ပြီးတာပါပဲ၊ ဟိုကလေးမ ပြော ဆို ငါက မင်းကို အထင်တောင် ကြီးနေတာ၊ ငါမစွံပေမယ့် ငါ့တူကြီး နွံသားပေါ့"

"အတူတူပဲ. . . ဦးလေးတူ ဦးလေးထက်ကို မတော်တာ"

"ဟာ. . အာ. . အဲ့သလောက် မညံ့နဲ့လေကွာ၊ ငါကတော့ အားလိုက်တော့၊ မင်းကတော့ မဖြစ်ဘူးကွ၊ အခု အလုပ်လည်း ရ ပြီ. . . ရှာတော့"

"ဗျာ. . . ဘယ်မှာ သွားရှာရမှာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ . အေး . မင်းမရှာတတ်ရင် ငါရှာပြီးပေးစားမယ်"

"အာ . အဲ့ . အဲ့ဒီလိုဆိုလည်း ကျွန်တော့်ဘာသာ ရှာပါ့မယ်၊ ရှာပေးစားတာကြီးတော့ မလုပ်ပါနဲ့၊ အဖေနဲ့အမေ့ကို ကြည့်ပြီး စိတ်ကုန်လွန်းလို့ပါ"

"ခုတော့ တည့်နေပါပြီကွ မင်းကလည်း၊ ရော့ . မင်းသုံးဖို့"

"ဟင် . ဒါက . "

"မင်းသုံးဖို့ ဖုန်းလေ၊ အင်ဂျင်နီယာတစ်ယောက် လုပ်နေပြီး ဟန်းဖုန်းလေးတော့ သုံးဦးမှပေါ့ကွ . . နှစ်သိန်းတန်လေးပါ"

"ဦးလေးရာ . . ဒါတွေ ကျွန်တော့်အတွက် မလိုပါဘူး"

"လိုတယ် . . ကိုယ့်ဖုန်းနဲ့ကိုယ်ဆိုတော့ ဟိုကောင်မလေး ခိုးဝှက်ပြီး ဆက်နေစရာ မလိုတော့ဘူး၊ မင်းဆီ ဒါရိုက်ခေါ်ရုံပဲ"

"ဘယ်သူ့မှန်းမှ မသိတာ"

"စုံစမ်းကြည့်ပေါ့ကွာ . . ငါလည်း နယ်ဆင်းဖို့ကိစ္စ ရှိတယ်၊ ဆယ်ရက်လောက်တော့ ကြာမယ်ကွ၊ ပိုက်ဆံလည်း ထားခဲ့မယ်၊ ကြိုးစားကွာ . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဦးလေး"

"အေး . အေး . ငါသွားမယ်"

ဦးလေးထွက်သွားမှ သူ့အတွက်ဆိုသောဟန်းဖုန်းကို ကောက်ယူကြည့်လိုက်သည်။ ဟန်းဆက်ယဉ်ကျေးမှုခေတ်ထဲ ဦးလေးကျေးဇူးနှင့် သူလည်း လူရာဝင်တော့မှာပါလားဆိုသော အတွေးနှင့် ပီတိဖြစ်နေခိုက် ဖုန်းမြည်သံကြောင့် တုန်ခနဲဖြစ်သွားကာ ကပျာကသီ ဖုန်းဖွင့်ပြီး .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . ဟဲလို"

"ဟဲလို . . အမိန့်ရှိပါ"

"ဟဲ . . ဟဲ . . အဲ . . "

သူ ဖုန်းဖွင့်ပြီး နားထောင်ကာ ပြန်ထူးနေသော်လည်း ဖုန်းမြည်သံက ရပ်မသွား။

သေချာကြည့်တော့မှ သူ့ရှေ့စားပွဲပေါ်မှာ ရှိနေသော အိမ်ဖုန်းမှ မြည်နေကြောင်း သိကာ . . ဘာသာ ရှက်ရယ်ရယ်ပြီး လက်ကိုင်ဖုန်းချ၍ အိမ်ဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို . . . အမိန့်ရှိပါ"

"မိုးညိုလား"

"ဗျာ!! . ."

"မိုးညိုလားလို့"

"ခင်ဗျာ . . ဟုတ်ပါတယ်၊ အခုပြောနေတာ ဘယ်သူပါလဲ"

"ဒီအသံကို ရှင်မမှတ်မိဘူးပေါ့"

ဒီတော့မှ မိုးညို မျက်ကြောရှုံ့ကာ စဉ်းစားကြည့်လိုက်သည်။

"သိပြီ . . သံလွင်မဟုတ်လား!"

"ဟုတ်တယ် . . . ဒီရက်တွေ ရှင် အိမ်မှာ မရှိဘူးထင်တယ်"

"ဟုတ်တယ် . . . အလုပ်ခွင်သင်တန်း တက်နေတာလေ၊ ဒီနေ့တော့ နားရက်မို့လို့ပါ၊ ခဏနေရင်တောင် ဘာသာစကား သင်တန်းကိစ္စ သွားတော့မလို့၊ ဒါနဲ့ ကျွန်တော့်ဆီ ဖုန်းဆက်တဲ့ကိစ္စ ကရော"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ ရှင့်ဦးလေးကို ပြောခဲ့တဲ့ကိစ္စ အတွက် တောင်းပန်ချင်လို့"

"ဪ. . ရပါတယ်. . ကိစ္စမရှိပါဘူး၊ ကြာတောင် ကြာနေပြီပဲ"

"ရှင်အဆူခံရသေးလား!"

မိုးညို ချက်ချင်းပြန်မဖြေသေးဘဲ အတွေးတစ်ခု ဝင်သွားသည်။

"ဟဲလို. . "

"ဟုတ်ကဲ့. . . ကျွန်တော်နားထောင်နေတယ်"

"ကျွန်မ မေးနေတယ်လေ. . . အဆူခံရလား!"

"ဆူရုံတင် ဘယ်ကမလဲ၊ နားရင်းနှစ်ချက်အုပ်တယ်၊ ကျော ကုန်းကို ဖနောင့်နဲ့ သုံးချက်၊ နှာဘူးဆိုပြီး နှာခေါင်းကို ဆွဲလိမ်တယ်၊ နောက် မပွေးတော့ပါဘူးဆိုပြီး ထိုင်ထ အခါတစ်ရာ လုပ်ရတယ်၊ ကဲ. . . ဒီလောက်ဆို သံလွင် စိတ်ကျေနပ်မယ်ထင်တယ်"

တစ်ဘက်က အသံပျောက်သွား၍ ဖုန်းများ လိုင်းကျသွား သလား ထင်ကာ. . .

"ဟဲလို. . သံလွင်. . ဟဲလို"

"ဆောရီးပဲ မိုးညိုရယ်၊ ကျွန်မ အဲ့သလောက်ကို မရည်ရွယ် မိတာပါ"

"ဟဲလို. . ဟဲလို. . ဟာ. . ဖုန်းချသွားပြီဟ"

မိုးညို ဖုန်းခွက်ချပြီး ပြုံးလိုက်သည်။

သေချာတယ်လေ သံလွင်မြစ်လယ်ခေါင်မှာ ခေါင်းဆေး



www.burmeseclassic.com

www.burmeseclassic.com





ခွန်း ခံသွားပြီဆိုတာ။

အဟတ်ဟတ်. . . ဒီလောက်တော့ မိုးညိုတို့လည်း တတ်ည်ပေါ့။





www.burmeseclassic.com

www.burmeseclassic.com

ချစ်သူကို မြင်မြင်ခြင်း
ခံစားမှုတစ်ရစ်ချင်းက
ရင်တွင်းမှာတိုး...၊
အနေကြာ ဝေဒနာကြောင့်..
သေရှာအောင်..
မေကညာကို ဖွင့်ကာပြောမိတယ်..၊
ကွယ်...
ခံတွင်းနံ့ကဆိုး...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

**အခု**ချိန်နည်းနည်းစောပြီး ရောက်နေ၍ မိုးညို သင်တန်း မဝင်သေးဘဲ မီးပွိုင့်ထောင့်ရှိ ကြက်လျှာစွန်းတွင် ရပ်ကာ. . ကွမ်း တစ်ယာကို ဇိမ်နှင့် မြုံ့ကာနေမိသည်။

ရန်ကုန်မြို့၏မီးပွိုင့်တကာ မီးပွိုင့်တွေထဲ လှည်းတန်းမီးပွိုင့် လောက် မျက်စိနောက် မျက်စိမှောက်စရာ မရှိဟု တွေးနေခိုက်. . .

"မိုးညို"

"ဟာ. . . သံလွင်"

ပထမဦးဆုံးအကြိမ် စတွေ့တုန်းကလိုမျိုး အော်သိုးသိုး



www.burmeseclassic.com

www.burmeseclassic.com



ပုံစံ မဟုတ်ဘဲ ချစ်မက်မူးဖွယ်ရာ ကြည်စင်သော မျက်လုံးအကြည့်တွေကြောင့် မိုးညိုရင်ထဲ ဒုတ်ခနဲ ဒုတ်ခနဲ နှစ်ချက်မြည်သွားသည်။

"ရှင် ဖုန်းထဲမှာ ပြောတော့ သင်တန်းဆို"

"ဟုတ်တယ်လေ. . . ကိုရီးယားဘာသာစကားသင်တန်း။ ဟိုးက ပထမထပ်မှာ"

"ဟင်. . . ကျွန်မလည်း အဲ့ဒီမှာ တက်မှာလေ၊ ဒီနေ့ စဖွင့်တဲ့ တန်းခွဲမှာ"

"ဟာ. . . အတူတူပဲပေါ့"

ဘာကြောင့်မှန်းမသိ သူမလည်း ရပ်ပြီး ရပ်နေသော ကားတန်းကြီးကို ငေးနေ၍ မိုးညိုက. . .

"နာရီဝက်လောက်တော့ စောင့်ရဦးမယ်၊ ကော်ဖီသောက်ကြမလား!"

"ကောင်းသားပဲ"

သို့နှင့် သူမနှင့်အတူ ကြက်လျှာစွန်းမှ ကားလမ်းကို ဖြတ်ကူးကြသည်။ လမ်းပေါ် ဆင်းပြီးမှ မီးပွိုင့်စိမ်းတဲ့အချိန်နှင့် တိုးကာ ရှေ့ဆုံးမှ တန်းစီထားသောကားတွေထဲက မေတ္တာဘာဝနာပွားသံများ ထွက်ပေါ်လာလေသည်။

ထို့ကြောင့် သူမလက်မောင်းကို ဆွဲကာ ပြေးမိသည်။

"ဆောရီးနော် သံလွင်၊ ကားမှာ ဘရိတ်ပါတယ်၊ ဒရိုင်ဘာခြေထောက်က ဘရိတ်မရှိတော့ လွတ်အောင်ပြေးရတာ"

သူမ ပြုံးပါသည်။ မိုးညိုလည်း ပျော်သွားသည်။

ရန်ကုန်မြို့လယ်ခေါင်မှာ မိန်းမလှလေးတစ်ယောက်နှင့် တွဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ဖူးသူ လက်ညှိုးထောင်ဟုဆိုလျှင် သူလည်း ထောင်နိုင်တော့ပေမည်။

လက်ဖက်ရည်ဆိုင် ထိုင်တိုင်း ခင်မောင်နှင့်ခိုင်လေးတို့၏ ပိန်ပိန်ဝဝတွေနှင့် နားရာဇဝတ်သင့်ခဲ့သမျှ ကိုယ့်အလှည့်ကျမှ ပါးစပ်ထဲ မိုးကြိုးပါ ထည့်ပစ်လိုက်ဦးမည်။

အိမ်မှာတုန်းက သူမ ကော်ဖီခါးဆိမ့် သောက်တာ သတိရသဖြင့် မိုးညို ကော်ဖီခါးဆိမ့်နှစ်ခွက် မှာလိုက်သည်။

သူလည်း မစားမသောက်ခင် ပြုလုပ်နေကျအတိုင်း အသင့်ဆောင်ထားသော ကွမ်းသွေးအိတ်ကို သေချာပြန်ပိတ်၊ အိတ်ထဲက အထူးပြုလုပ်ထားသောချိတ်မှာ ထည့်ချိတ်လိုက်သည်။

ဒါကို မျက်နှာလေး တွန့်တွန့်ပြီး လှမ်းကြည့်နေသော သံလွင်ချိုက. . .

"ရှင် အဲ့သလောက် ညစ်ညစ်ပတ်ပတ်ကြီး လုပ်နေတာ ရှင့်ရည်းစားက မပြောဘူးလား!"

"ဗျာ. . ကျွန်တော့်မှာမှ ရည်းစားမှ မရှိတာ"

"ဘယ်တော့မှလည်း ရှိမှာမဟုတ်ဘူး၊ ဒီလောက် ရွံဖို့ကောင်းတာ"

"အင်း. . . ခက်တာပဲ သံလွင်ရဲ့၊ တချို့ကွမ်းစားတဲ့သူတွေ ရှိတယ်၊ အရမ်းသန့်ရှင်းတယ်၊ ကျွန်တော့်လိုလည်း ဒုက္ခမများဘူး၊ ဒါပေမယ့် လမ်းပေါ်မှာတော့ ပလားသွားတယ်၊

ကြုံသလို ဗျစ်ခနဲဗြွတ်ခနဲ ထွေးထုတ်သွားတော့ သိပ်စရာ မလိုတော့ဘူးလေ၊ ဒါပေမယ့် အဲ့ဒါမျိုးက စည်းကမ်းမဲ့တာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လားဗျာ၊ ကျွန်တော်ဒုက္ခခံနေတာ စည်းကမ်းရှိချင်လို့ပါ၊

ကြိုက်တတ်လို့ စားပေမယ့် စွန့်ပစ်မှုကိုတော့ မြို့ကြီးသား ပီသမှ ဖြစ်မှာလေ"

"ထားပါတော့ . . ဆိုင်ခြေတွေဆင်လက်တွေကလည်း များလိုက်တာ၊ ဒီထက်ပိုပြီး မြို့ကြီးသား ပီသချင်ရင် ကွမ်းမစားနဲ့တော့လေ"

"ကျွန်တော်လည်း စဉ်းစားထားပါတယ်၊ ကွမ်းဝါးတာကတော့ အထီးကျန်ပြီး ပျင်းစရာကောင်းတဲ့ ကျွန်တော့်ဘဝကို အဖော်လေး လုပ်နေတဲ့သဘောပါ၊ ကျွန်တော့်မှာ ချစ်သူရှိလာရင် အဲ့ဒီချစ်သူက 'ရှင်ကွမ်းဖြတ်" လို့ ပြောတာနဲ့ တိခနဲကို ဖြတ်ပစ်မှာ. . . တကယ်ပြောတာ"

မိုးညို သူမကို ကြည့်ပြီးပြောနေ၍ သူမက အကြည့်မခံဘဲ မျက်လွှာချလိုက် အကြည့်လွှဲလိုက် လုပ်ရင်း. . .

"သေချာတာကတော့ ရှင့်ပါးစပ်ကြီး နီရဲနေသရွေ့ ဘယ်မိန်းမကမှ စိတ်ဝင်စားမှာမဟုတ်ဘူး"

"ဒါတော့ ပုံသေပြောလို့မရဘူး သံလွင်ရဲ့၊ ဘာပဲပြောပြော ကွမ်းစားတာကမှ မြန်မာ့ရိုးရာ အစဉ်အလာလို့တောင် ပြောလို့ရတယ်၊ ရှေးမြန်မာမင်းတွေ ကွမ်းစားတာနဲ့ ပတ်သက်ပြီး ကျမ်းတစ်စောင် ပေတစ်ဖွဲ့တောင် ရေးခဲ့ဖူးတယ်၊

တံတားဦးကကွမ်းနုဝါ၊ ငမျာကဆေး၊ ကိုင်းထုံးဖြူ ပြည်ရှားသာဝါးလို့ထွေး. . ဆိုတဲ့စာချိုးတွေလည်း ရှိခဲ့ပါတယ်၊

ဟိုတစ်လောက ဂျာနယ်တစ်ခုမှာ ဖတ်လိုက်ရတယ်(. .)



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံမှာ ထမင်းမစားဘဲ တီကောင်တစ်မျိုးပဲ ရှာဖွေပြီး ကြော်စား ချက်စားတဲ့ ယောက်ျားတစ်ယောက်ကို နာမည်ကြီး မော်ဒယ်မိန်းက လေးနှစ်ယောက်က အပြိုင်ကြိုက်လို့ နှစ်ယောက်စလုံးကို လက်ထပ် လိုက်ရတယ်တဲ့"

သူမ ကော်ဖီသောက်ဖို့ ပန်းကန်မ,ယူပြီးမှ မိုးညိုစကား ကြောင့် ပန်းကန်ပြန်ချပြီး ပျို့တက်ချင်သလို ဖြစ်သွားသည်။

"နောက် ရှိသေးတယ်. . အဲ့ဒါက လူသားစားတာ"

"တော်ပြီ မိုးညို၊ ကျွန်မ အဲ့သလောက် နှလုံးမကောင်းဘူး။ ရှင်လည်း ကွမ်းစားချင် ဆက်စားတော့၊ ကျွန်မ ကော်ဖီလေးတစ်ခွက် တော့ ကုန်အောင် သောက်ပါရစေတော့"

"ဆောရီး. . ဆောရီး. . ဟုတ်သားပဲ၊ စားဝိုင်းသောက်ဝိုင်း မှာ ဟိုလူရှင်တော်တွေ ပြောသလိုပဲ ရွံစရာဆို မျက်ချေးလောက် တောင် မပြောသင့်ဘူးဆိုတာပေါ့. . . အင်းပေါ့"

"ကဲ. . . ရှင်ပြောလေဆိုးလေပါလား!"

"မပြောတော့ဘူးလေ"

မိုးညို ရယ်သဖြင့် သူမလည်း မနေနိုင်ဘဲ လိုက်ရယ်တော့ သည်။

သည်နောက်ပိုင်းတော့ မိုးညိုနှင့်သံလွင်တို့ အတန်းတက် ဖော်လည်း ဖြစ်ကာ ခင်မင်သွားကြသည်။ သင်တန်းမရှိသောရက် များပင်လျှင် ဖုန်းနှင့် ပြောဆိုဖြစ်ကြသည်အထိ ရင်းနှီးမှု ခရီးလေး အတော်ဝေးဝေးပေါက်သွားသည်။

တစ်ရက် ခင်မောင်တို့နှင့် ဆိုင်ထိုင်ဖြစ်စဉ် ပိုန်ပေါက်သော



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို မမျှော်လင့်ဘဲ ရောက်ရှိသွားသည်။

"မင်းဘယ်ပျောက်နေတာလဲ!"

"ငါအလုပ်ဝင်နေပြီ"

"ဟိုက်. . . ဖောရျော၊ ဒါဆို ဝမ်းနော့နိုင်းဂြိုဟ်ခွင်ထဲက လွတ်သွားပြီပေါ့"

"လွတ်ပြီကွာ"

မိုးညိုလက်ထဲက ဟန်းဖုန်းကို စားပွဲပေါ်တင်ပြီး လက်ဖက်ရည်တစ်ငုံ ယူသောက်လိုက်သည်။ ထိုစဉ် ခိုင်လေးက. . .

"မင်းဝယ်လိုက်တာလား!"

ဖုန်းကို ကြည့်ပြီးမေး၍ မိုးညို ကွမ်းဘူးဖွင့်ရင်း. . .

"မဟုတ်ပါဘူးကွာ. . . ဦးလေး ဝယ်ပေးတာပါ"

ခင်မောင်က ဟန်းဖုန်းကို ယူကြည့်ပြီး. . .

"ဟန်းဖုန်းဝယ်ရင် တီဗီဝယ်ကြည့်သလိုပဲကွ၊ အင်တာနာတွေ အောက်စက်တွေပါ ပါလာမှ တီဗီဝယ်ကြည့်ရတာ အဓိပ္ပါယ်ရှိတာ"

ထိုအခါ ခိုင်လေးက. . .

"ရှူးနေလား. . . ဟန်းဖုန်းဝယ်ကိုင်တာ အောက်စက်တွေ အင်တာနာတွေက မင်းကြီးဒေါ်အတွက် လိုဦးမှာလား"

"ကျွတ်. . . အဲ့ဒါပြောတာပေါ့ကွာ၊ ကြော်ငြာထဲက ဟိုချာတိတ် ပြောသလိုပဲ. . . ဦးလေးက အတော်ပိန်းတာပဲ၊ ငါပြောချင်တာက ဟန်းဖုန်းသုံးရင် ကိုယ့်ရဲ့ရင်ခုန်သံလေးနဲ့ စကားပြောခွင့်ရမှ ဟန်းဆက်ရဲ့ဒဿနတွေကို ပလုံစီနိုင်တာ. . . ရှင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . ဒါကတော့ မိုးညိုက မင်းတို့ငါတို့နဲ့ တူမလားတွ၊ ငါတို့က နှာဘူး၊ ဒီကောင်က ကွမ်းဘူး. . . ဟုတ်တယ်မလား!"

မိုးညို နည်းနည်းတော့ အောင့်သက်သက်ဖြစ်သွားသော်လည်း ရယ်လျက်နှင့် ဖုန်းပြန်ယူကာ သံလွင့်ဖုန်းနံပါတ်ကို နှိပ်၍ ခေါ်ကာ ပြန်ပေးလိုက်သည်။

"မိုးညိုလည်း လယ်နဲ့ချောင်းနဲ့ လှည်းနဲ့နွားနဲ့ပါကွာ၊ နား ထောင်ကြည့်လိုက်၊ ကောင်မလေးနာမည်က သံလွင်လို့ ခေါ်တယ်၊ သံလွင်ဆိုတာ သေချာမှ ငါ့ကို ဖုန်းပြန်ပေး"

ပြောပြီး ကွမ်းထွေးကာ ပလုတ်ကျင်းနေလိုက်ပါသည်။ ခင်မောင်မျက်လုံးတွေရော မျက်ခုံးတွေပါ မြင့်တက်ကုန်ပြီး ဖုန်းနား ထောင်လိုက်သည်။

(ဒီနေရာမှာ နှစ်ဘက်ခုတ်ပြီး ရေးပြလျှင် အရသာပိုမည် ထင်ပါသည်။ ကျွန်တော်ခုတ်ကြည့်လိုက်ပါသည်။

စာရေးသူ)

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"**ကဲ**. . . သမီးတို့ ခြံထဲမှာပဲ အေးအေးဆေးဆေး စကားပြောရစ်ကြ၊ ဖေဖေလည်း မေမေနဲ့ ဈေးလိုက်သွားလိုက်ဦးမယ်"

လုပ်ပြီ. . ဖေဖေတို့ ရုပ်ရှင်ထဲကလို ခွင်တွေ ရိုက်နေပြီဆိုတာ သူမ ရိပ်မိပြီ။

"ဟင်. . . ဖေဖေ ဒီမနက် အလုပ်ကိစ္စ ရှိတယ်ဆို၊ ဖုန်းစောင့်ရမယ်ဆို!"

"ဟုတ်တယ်. . . မနက်က ဖေဖေ အိပ်ရာနိုးနိုးချင်းပဲ အစီအစဉ်ပြောင်းဖို့ ဖုန်းဆက်လိုက်တယ်"

"အိမ်မှာ ဘယ်သူမှ မကျန်ဘူးလေ"

"မောင်လှတင့် ရှိတာပဲကွယ်၊ ကဲ. . သွားမယ် မေကြီးရေ"

ဖေဖေနှင့်မေမေ တကယ်ကို စိတ်ချလက်ချ ထားပစ်ခဲ့၍ သူမရင်ထဲ အတော်တင်းကျပ်ကာ ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက် မိုးညိုဆီ ဖုန်းဆက်ဖို့ ဖုန်းယူပြီး ခြံထဲ ဆင်းလာကာမှ ရွှေပြောင်ပြောင် စောစောစီးစီး ရောက်လာသည့်အဖြစ်နှင့် ကြုံရသည်။ ခုမှတော့. . .

"ခြံထဲ လမ်းလျှောက်ကြမလား သံလွင်"

"ညောင်းတယ်. . . ဒီမှာပဲ ထိုင်မယ်"

ပြောပြီး သူမအလျှင် ခုံတန်းလျားမှာ ထိုင်လိုက်သည်။ ဦးပြောင်ပြောင်က အတော်နီးနီးကပ်ကပ်ပင် ဝင်ထိုင်သဖြင့် သူမကြားမှာ ဖုန်းကို ချထားလိုက်သည်။ ဦးပြောင်ပြောင်ကလည်း လည်သည်။ ဖုန်းကို ကောက်ကိုင်ပြီး. . .

"သြော်. . . ကိုယ့်ဖုန်းနံပါတ် ထည့်ပေးထားမှနဲ့တူတယ်၊ ဒါမှ လိုအပ်ရင် ခေါ်လို့ရမှာလေ. . . အဟင်းဟင်း"

ပြောရင်းနှင့် ဦးပြောင်ပြောင် ကိုယ်ကို ရွှေ့လာသဖြင့် သူမလည်း ဘေးသို့ ရွှေ့လိုက်သည်။ စထိုင်ကတည်းက အစွန်းမှာ ကပ်ထိုင်မိသဖြင့် ထပ်တိုးလာ၍ ထပ်ရွှေ့စရာ မကျန်တော့လျှင် ခက်တော့မည်။

"အား. . ကျွတ်. . ဦးလှတင့် ခဏနေဦးနော်၊ ကျွန်မ တို့င်း လက်စ် ခဏ"

"အိုး. . သွားလေ. . ဦးစောင့်နေပါ့မယ်. . အဟဲဟဲ"

သူမ ထွက်သွားသဖြင့် ဦးလှတင့် ဖုန်းထဲမှာ သူ့နံပါတ် မှတ်ထည့်ဖို့ စိတ်ကူးစဉ်မှာပဲ ဖုန်းဝင်လာပါသည်။

"ဟဲလို. ."

"သံလွင်လား!"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ!. . . အခု ဖုန်းဆက်တာ ဘယ်သူလဲကွ!"

"သံလွင်လားလို့ မေးနေတယ်လေ"

"ငါမေးနေတယ်လေ. . မင်းဘယ်သူလဲ!"

"ဟို. . ဦးလေးက သံလွင့်အဖေလားခင်ဗျာ"

"ဘာ!!. . ."

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



**ခင်**မောင် နားအူသွားသလို ဖုန်းကို ဆတ်ခနဲ ခွာကာ. . .

"အားလာလာ. . အော်တယ်ဟေ့၊ ရော့. . ရော့. . မိုးညို"

မိုးညို ကပျာကသီ လှမ်းယူပြီး. . .

"ဟဲလို. . . သံလွင်လား!"

"ဟေ့ကောင်. . . မင်းဘယ်သူလဲလို့ မေးနေတယ်"

"အာ. . . တိုးတိုးပြောလည်း ကိုးပါပဲ ဦးလေးရာ၊ လျှော့ပါ့မယ်"

"ဘာ!!. . . "

"နားကန်းတော့မှာပဲ. . ကျွန်တော်မိုးညိုပါ၊ ဒါ သံလွင့်ဖုန်းဟုတ်ဘူးလား!"

"ဟုတ်တယ်. . . နေစမ်းပါဦး၊ မင်းက သံလွင့်ဆီ ဘာကိစ္စလဲ!"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မိုးညို. . . သူ့အဖေလား!"

"ဟော့ကောင်. . ငါ့ကို သူ့အဖေလားလို့ မေးနေတာ ဘယ်ကောင်လဲ"

"ဟာ. . . ဦးလေး အရမ်းမအော်ပါနဲ့ဗျ"

"အော်တော့ ဘာဖြစ်လဲ!"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲက အော်ဟစ်နေသံကြောင့် သံလွင် အိမ်ထဲ ဝင်ပုန်းနေရာမှ ပြန်ထွက်လာရသည်။ လှမ်းကြည့်လိုက်တော့ ဦးလှတင့်သူမဖုန်းနှင့် အော်ဟစ်ပြောဆိုနေသဖြင့်. . .

"ဦးလှတင့်. . . ကျွန်မဖုန်းလား!"

ဦးလှတင့် ဖုန်းကို အရင်ပိတ်ပစ်လိုက်ပြီး သူမကို ပြန်ပေးရင်း. . .

"ဘယ်က ဖုန်းသရဲတွေမှန်း မသိပါဘူး သံလွင်ရာ၊ အဲ့ဒါကြောင့် ကိုယ်လွှတ်ဟောက်နေရတာ"

"ဘယ်သူတဲ့လဲ. . . နာမည်ပြောသေးလား!"

"မိုးညိုတဲ့. . . ဘယ်တောက တက်လာတဲ့ကောင်လဲတော့မသိဘူး"

"ဟင်. . . အဲ့ဒါ ကျွန်မသူငယ်ချင်းလေ. . ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူမ ဖုန်းပြန်ခေါ်ဖို့ ပြင်သဖြင့် ဦးလှတင် လှမ်းတားလိုက်ပြီး. . .

"သံလွင် ပြန်ခေါ်ချင်ရင် ကိုယ်ပြန်မှပဲ ခေါ်ပါ"

"အိုး. . ဒါ ကျွန်မကိစ္စပါ"

"မှန်တယ်. . . မင်းနဲ့ကိုယ်က လူကြီးတွေ သဘောတူထားပြီးသားလေ၊ ပြီးတော့ ကိုယ်က မင်းကို ချစ်တယ်"

"အို. . . ဦးလေး"

သူမ နားရှက်သလို လက်နှစ်ဖက်နှင့် ပိတ်ကာပြီး မျက်နှာလွှဲပစ်သည်။

"မင်း ရှက်မယ်ဆိုတာ ကိုယ်မသိလို့မဟုတ်ပါဘူး၊ ဒါပေမယ့် ဒါဟာ ပြောင်းလဲလို့မရတဲ့ အကြောင်းတရားပါ၊ မြဝတီမင်းကြီး လက်ထပ်ခဲ့ဖူးတဲ့သူတွေထဲမှာ (၈)နှစ်ပဲ ရှိသေးတဲ့ မယ်မှုံလည်း ပါတယ်၊ ကိုယ်နဲ့မင်းက လက်ထပ်လို့ရတဲ့အရွယ်တွေပါ"

"တော်တော့ ဦးလှတင့်၊ ဒီမှာ. . . ရှင်းရှင်းပဲ ပြောပါ့မယ်၊ ဒီမှာ. . . မြဝတီမင်းကြီးက အကြောင်းတရားတစ်ခုကြောင့် မယ်မှုံနဲ့ လက်ထပ်ခဲ့ပေမယ့် အကြင်လင်မယားအဖြစ် မပေါင်းသင်းဘဲ သမီးရင်းတစ်ယောက်လို စောင့်ရှောက်ခဲ့တာ၊ ရှင့်စိတ်ရိုင်းနဲ့ မနှိုင်းပါနဲ့၊

သေချာတာက ကျွန်မ မယ်မှုံမဟုတ်ဘူးလေ၊ ရှင်လည်း နဖူးပြောင်တဲ့ ဦးလှတင့်ပါ၊ အဲ့ဒီတော့ ကျွန်မနဲ့ ပတ်သက်ပြီး နောင်တမရချင်ရင် စောစောစီးစီး နောက်ဆုတ်ပေးပါ"

"ဟိုး. . နိုး. . သံလွင်၊ ကိုယ့်ရင်ထဲမှာ သံလွင်ဆိုတာ မြစ်ဦးလွင်မှာကတည်းက စီးဆင်းခဲ့တာပါဆို မင်းယုံချင်မှယုံမယ်၊ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို ပြောင်ပြောင်ပဲ ချစ်ခဲ့ပါတယ် သံလွင်ရယ်. . တကယ်ပါ"

သူမ နားမထောင်တော့ဘဲ ချာခနဲ လှည့်ကာ အိမ်ထဲဝင်သွားသည်။ ထို့နောက်. . ညော့ခန်းအဝင်တံခါးကိုပါ ပိတ်ပစ်ပြီး အတွင်းဘက်ကနေ ချက်ချထားလိုက်တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**သေ**သေချာချာ ကြွားကာမှ မရေမရာ ကားခနဲ ခံလိုက်ရသော ကိုယ့်အဖြစ်နဲ့ကိုယ် မချိတင်ကဲ ရှက်သိုပြီး ဆိုင်မှ ထပြန်လာခဲ့သည်။ ခင်မောင်တို့ကတော့ ခွက်ထိုးခွက်လန် ရယ်ကာ ကျန်ခဲ့သည်။

ငါ့နှယ်ကွာ. . ဧကန္တ သူ့အဖေလက်ထဲမှာ သူ့ဖုန်းရှိနေတဲ့အချိန်များ. .

မိုးညို အတွေးမဆုံးခင် ဖုန်းဝင်လာ၍ ခြံဝရောက်မှ ခြံထဲမဝင်နိုင်သေးဘဲ သံလွင့်ဖုန်းဖြစ်သဖြင့် ကပျာကသီ လက်ခံလိုက်သည်။

"သံလွင်. ."

"မိုးညို. . ရှင် ဒီနေ့ အချိန်ရလားဟင်!"

"ဘယ်ချိန်လဲ သံလွင်"

"နေ့လယ်လောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကျွန်တော်အလုပ်တက်တဲ့အချိန်ပဲ၊ အရေးကြီးလား!"

"အရေးကြီးတယ်လို့တော့ မဟုတ်ပါဘူး၊ ဒီအတိုင်း တွေ့ချင်တာပါပဲ၊ စိတ်လည်း ညစ်နေလို့"

"အင်း. . . ကျွန်တော်လာခဲ့မယ်လေ၊ ဒါနဲ့ စောစောက"

"အဲ့ဒါ ဆုံမှပဲ ပြောတော့မယ်၊ လှည်းတန်းက ကော်ဖီဆိုင်မှာပဲ (၁၂)နာရီလောက် စောင့်ပေးပါ"


"စိတ်ချ သံလွင်"

သူမ ဖုန်းချသွားမှ မိုးညိုလည်း သက်ပြင်းချကာ စဉ်းစားသည်။ ဖုန်းဆက်မိတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ့အဖေနဲ့ ပြဿနာရှိပြီထင်တယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



# အခန်း(၅)

**ခေါင်း**တက်နေ၏မွန်းတည့်အပူက လူကို ငြီးငွေ့ထုံထိုင်း စေသော်လည်း မိုးညိုအတွက်တော့ အလွန်ပင် လန်းဆန်း၍ တက်ကြွစေလေသည်။

သူမနှင့် ရင်းနှီးရသည့်ကာလတစ်လျှောက် သူမဘက်က စတင်ချိန်းဆို၍ ခုလိုဆုံရတာမျိုးက ဒါ ပထမဦးဆုံးအကြိမ်။ ဒါပေမယ့် ဆုံသမျှထဲမှာ ဒီတစ်ကြိမ်က ပို၍ရင်ခုန်နေသလို ခံစားရသော သူမရောက်လာချိန်ကို ကွမ်းတဖွတ်ဖွတ် ဝါးကာ မျှော်မိသည်။

မနက်က ဖုန်းထဲမှာ ကြားရသော သူမအသံကို ပြန်ခံစား

www.burmeseclassic.com



ကြည့်သည်။ လုံးဝမလန်းတာ သေချာသည်။ ဘာတွေများ . .

"ကြာပြီလား မိုးညို"

"ဪ . . အင်း . . သိပ်မကြာသေးပါဘူး"

ဒါတိုင်းလိုပဲ မျက်နှာချင်းဆိုင်မှာ ထိုင်လိမ့်မည် ထင်နေသမျှ လွဲကာ သူ့ဘေးခုံမှ ယှဉ်လျက် လာဝင်ထိုင်သဖြင့် မိုးညို ချထားသော ကွမ်းသွေးအိတ်တည့်တည့် ဗျစ်ခနဲ ထိုင်မိလေတော့၏။

"အား . ."

"ဟာ . . ဒုက္ခပဲ"

သူမ ပြန်ထဖို့ ပြင်သဖြင့် မိုးညိုက ပြန်ဆွဲထိုင်ခိုင်းကာ . .

"ထလို့မဖြစ်ဘူး သံလွင်"

"ဘာလို့မဖြစ်ရမှာလဲ . . စိတ်ညစ်လိုက်တာ၊ ကွမ်းသွေး တွေ မဟုတ်လား!"

"အင်း . ."

"တကယ်ပဲ ရှုးချင်တယ်"

"မ . . မဟုတ်ဘူး၊ သံလွင် ခါတိုင်း ရှေ့မှာ ထိုင်နေကျဆို တော့ . . "

"တော်ပြီ . . ပြန်မယ်၊ သေချင်တယ် တကယ်ပဲ၊ အကုန်ပေ ကုန်ပြီ . . ဘယ်လိုလုပ်မလဲ . . ဟင့် . . အင့်"

"ဟာ . . ခ . . ခဏလေး သည်းခံပေးပါ သံလွင်ရာ၊ ဒီအ တိုင်း ထသွားရင် မင်းကို လူတွေ တစ်မျိုးမြင်လိမ့်မယ်၊ ကွမ်းသွေးက အ . . အနီရောင်"

"ဟာ! . . အီး . . အင့် . . ဟင့် . . အမေရေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး. . . မငိုနဲ့လေ၊ ကျွန်တော်စီစဉ်ပေးမယ်၊ ခဏလေးပဲ သည်းခံပေးပါ"

ထို့နောက် မိုးညို ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်လာကာ လှည်းတန်းကပလာဇာဆီ ပြေးတော့သည်။ နီးလည်းနီးသဖြင့် မိနစ်နှစ်ဆယ်လောက်နှင့် သူမ ရှိရာသို့ အမောဖောက်သောမျက်နှာနှင့် ပြန်ရောက်လာခဲ့သည်။

"ဆိုင်ရှင်ကိုလည်း ပြောပြီးပြီ၊ ဒီအိတ်ထဲက အဝတ်နဲ့ အနောက်က အခန်းထဲမှာ သွားလဲလိုက်ပါ"

ထိုစဉ် ဆိုင်ရှင်အမျိုးသမီး ရောက်လာကာ. . .

"လာ. . . ညီမလေး၊ အဝတ်လဲမလို့ဆို"

"ဟုတ်. . "

အတော် အခြေအနေဆိုးပါသည်။ တည့်တည့်ကြီး ထိုင်မိထား၍ မိုးညို အတော်စိတ်မကောင်းဖြစ်သွားသည်။ ထိုအခိုက် ဆိုင်ရှင်လွှတ်လိုက်ပုံရသော စားပွဲထိုးက ခုံကို သန့်ရှင်းရေး လုပ်ပေးဖို့ ကြည့်ရင်း. .

"ရေဆေးလိုက်မှ ထင်တယ်၊ ဒါ ဟိုအစ်မ လာထားတာတွေ မဟုတ်လား"

မိုးညို ဒေါပွပြီး. .

"အဲ့ဒါ သူလာတာမဟုတ်ဘူး၊ ငါသွားထားတာ"

"ဗျာ!!. . "

ထို့နောက် မိုးညိုက ငါးကိုးအိတ်တစ်အိတ် ထုတ်ပြီး တွမ်းသွေးကို ဗျစ်ခနဲ ထွေးထည့်ပြလိုက်မှ စားပွဲထိုး သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကာ. . .

"ဩော်. . ဒီလိုလား၊ မသိပါဘူးဗျာ. . . ဟိုလိုလားလို့"

"ဘယ်လိုပဲဖြစ်ဖြစ် အဲ့ဒီခုံ ယူသွားပြီး ခုံသစ်လဲပေး"

"ဟုတ်ကဲ့ပါ"

ပြီးမှ ကော်ဖီခါးဆိမ့်တစ်ခွက် သူမအတွက် မှာထားပေးလိုက်သည်။ ဆယ်မိနစ်ခန့် ကြာသောအခါ သူမ စိတ်သက်သာရာရနေသောမျက်နှာနှင့် ပြန်ရောက်လာပါသည်။

သူလည်း မျက်တောင်ခတ်ဖို့ မေ့စွာ ငေးကြည့်မိသွားသည်။ သူမ အနေခက်ကာ. . .

"ရှင်. . ဒါ. . ဒါတွေ ဘယ်လိုပြောပြီး ဝယ်လာတာလဲ!"

"အင်း. . အင်း. . ဟို. . သံလွင့်ကိုယ်လုံးနဲ့ အရပ်အမောင်းကို ခန့်မှန်းပြီး ပြောဝယ်တာလေ၊ အဆင်ပြေတယ် မဟုတ်လား"

သူမ ခေါင်းညိတ်ကာ ငုံ့ချ၍ ကော်ဖီယူသောက်သည်။

ကြည့်ရတာ တော်တော်အဆင်ပြေနေပုံရပါသည်။ ရေကူးဘလောက်စ်လေးကို မီနီစကတ်နှင့် စတော်ကင်နှင့် တွဲကာ အတွင်းခံပါ ဝယ်ပေးလိုက်ခြင်းဖြစ်သည်။ ဒါမှလည်း အားလုံးလဲလှယ်ပြီး စိတ်သန့်လူသန့် ဖြစ်မည်ကိုး။

ကံကောင်းချင်တော့လည်း သူမှန်းသမ်းတုတ်လာခဲ့သောဝတ်စုံက သူမအတွက် အရောင်ကအစ အဆင်ပြေပြေကြီးကို ဖြစ်နေတော့၍. . .

"ရှင် မရှက်ဘူးလား!"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . အာ. . ကျွန်တော်က ခဏခဏ ရှက်ဖူးတော့ သိပ်ခွေက်တော့ပါဘူး"

"ဘာ. . . ရှင် ဒါမျိုး ခဏခဏ ဝယ်ဖူးတယ် ဟုတ်လား!"

"ဟာ. . . မဟုတ်ဘူး၊ ဒီလိုပဲ အရှက်ကွဲနေကျမို့လို့ မျက်နှာထူနေပြီလို့ ပြောချင်တာပါ၊ ဒါမျိုးဝယ်တာတော့ ဒါ first ပထမ၊ အဦးဆုံး. . . ဘုရားစူး"

"ရှင် အကုန်လျှောက်ဝယ်တာပဲ၊ ဘာမှန်းလဲ မသိဘူး"

"ဩော်. . သံလွင်ရယ်၊ ဖင်ထိုင်ချမှတော့ အကုန်စို၊ အကုန်စိမ့်"

"ဟား. . တော်တော့. . တကယ်ပဲ"

သူမ ရယ်လည်းရယ်ချင် ရှက်လည်းရှက်နေ၍ မိုးညို ကိုယ်မှိန်သတ်ကာ စကားလမ်းကြောင်းလွှဲပစ်သည်။

"မနက်ကကိစ္စ ပြောပါဦး သံလွင်၊ ကျွန်တော် ရင်တုန်လို့သေတော့မယ်"

"ရှင်က ဘာဆိုင်လို့ ရင်တုန်ရမှာလဲ!"

"မဆိုင်ပေမယ့် ဖုန်းထဲမှာ အအော်ခံရတော့ ကျွန်တော့်ကြောင့် သံလွင် ပြဿနာဖြစ်ပြီလို့ပဲ ထင်ထားတာ. . . အဲ့ဒါကြောင့်ပါ။ ဟို. . သံ. . သံလွင့်အဖေ အတော်စိတ်ဆိုးသွားလားဟင်!"

"ဘယ်က အဖေလဲ၊ အဲ့ဒါ ဒေါ်သည်"

"ဩော်. . . ဒေါ်သည်က အတော်စိတ်ဆိုးတတ်တာပဲနော်"

သူမ ချက်ချင်းပြန်မဖြေဘဲ အဝေးကို ငေးငေးရီရီ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပို့ထားသည်။ ခဏကြာမှ. . .

"အမှန်တော့ အဲ့ဒီလူက သံလွင့်ကို ဖေဖေတို့ သဘောတူထားတဲ့လူပါ။ မနက်က သူ့ဘေးမှာ ဖုန်းချထားမိပြီး တွိုင်းလက်စ်သွားနေလို့ အဲ့သလိုဖြစ်ကုန်တာ"

မိုးညို နားထောင်နေရင်းက နှလုံးခုန် ရပ်သွားသလို ငေးကြောင်ကြောင်ကြီးဖြစ်သွားသည်။

သူ့စိတ်နှင့်သူ့ခန္ဓာကိုယ်က သပ်သပ်စီလို ဖြစ်နေကာ သူမစကားသံကိုလည်း အဝေးကြီးကနေ ကြားနေရသလို ခံစားနေရသည်။ စေ့စပ်ထားတဲ့လူတဲ့။ ဒါဆို. . .

ဘဝမှာ ဘာမျှော်လင့်ချက်မှ မကျန်တော့သလိုလည်း ခံစားနေရကာ ငိုင်ကျသွားသဖြင့် သူမက. . .

"မိုးညို. ."

သူ မော့ကြည့်သော်လည်း မျက်လုံးထဲမှာ အလင်းရောင်မရှိတော့ပြီ။

"ရှင်. . ကျွန်မကို ကူညီနိုင်မလားဟင်!"

မိုးညို အခုမှ အိပ်ရာမှ လန့်နိုးလာသလိုမျိုး ခါခနဲတစ်ချက်ဖြစ်ပြီး. . .

"ဗျာ. . သံလွင်. . ကျွန်တော့်ကို ဘာပြောတာ"

"ကျွန်မကို ကူညီပါလို့"

"အင်းလေ. . . ဘာကူညီရမလဲ!"

"ကျွန်မ အဲ့ဒီလူကို မုန်းတယ်၊ ဘာကြောင့်မုန်းမသိဘူး၊ ရေစက်ဝေးလွန်းတယ်၊ သူ့ကို မြင်ရင် အရမ်းမောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ. . . ဘယ်လိုကူညီရမယ်ဆိုတာ"

မိုးညိုစိတ်တွေ ဘရင်းကြက်ပေါင်းရည်ထဲ ဆွဲနှစ်ပြီး ပြန်ဖော်လိုက်သလို လန်းတက်လာသည်။

"ကျွန်မ ဘယ်လိုပြောတတ်မှာလဲ၊ လောလောဆယ် အဲ့ဒီလူနဲ့ ဖေဖေတို့ သဘောတူထားတယ်၊ ကျွန်မ မလိုချင်ဘူး. . . မုန်းတယ်၊ အဲ့ဒါ ဘယ်လိုလုပ်ရမလဲ!"

မိုးညို အသက်ရှူသွင်းပြီး ပြန်ရှူထုတ်ဖို့ မေ့ကာ ငြိမ်သွားသည်။ ဘယ်လိုလုပ်ရမလဲ။

"အချိန်ဘယ်လောက်ရနိုင်မလဲ သံလွင်"

"အခုပြောတာလား!"

"မဟုတ်ဘူးလေ. . . အဲ့ဒီလူနဲ့ကိစ္စ ပြောတာ"

"ကျွန်မအထင်တော့ ဒီနှစ်တောင် မကုန်ဘူး ထင်တာပဲ"

မိုးညို ခေါင်းကုတ်ကာ ရင်ထဲ အတော်ပူလောင်သွားသည်။ ငုံထားသောကွမ်းကိုပါ ယောင်ယောင်ပြီး မျိုချမိနေသဖြင့် အိတ်ထဲထွေးထုတ်ကာ နောက်ထပ်တစ်ယာ ထည့်ငုံလိုက်သည်။ သူမက အဲ့ဒါကို ကြည့်ပြီး. . .

"အဲ့ဒီအကျင့်တစ်ခုကတော့ ကျွန်မ ရှင့်ကို စိတ်အပျက်ဆုံးပဲ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အဖို့ ရုံးရောက်ပြီဆိုကတည်းက ကားပါကင် ထိုးတာ တောင် အဆင်မပြေ။ ဒီလောက်အလွတ်ကြီးကို back ဆုတ်ရင်း ဘေးက ကားနှင့် ဖင်ချိတ်ကာ နောက်မီးခွက်တစ်ခြမ်း လွမ်းသွား သည်။

အဆောင့်ခံရသောကားက သူ့ကားထက် မြင့်ပြီး ဘန်ဘာ တောင့်၍ ဘာမှမဖြစ်။ ရုံးပေါ်တက်တော့ လျှပ်စစ်လှေခါးအိမ်လေး က မီးပျက်၍လမ်းတစ်ဝက်မှာ ရပ်သွားသည်။

မာမား တစ်ခါကျက်စာ သုံးမိနစ်လောက် ကြာသွားသည်။

လှေခါးအိမ်ထဲ အိန္ဒိယလူမျိုးစုံတွဲတစ်တွဲနှင့် အောက်ရုံးက စာရေးမအုပ်စု ပါလာသည်။ ထိုသုံးမိနစ်အတွင်း အပေါ်လေရော အောက်လေပါ စုံသွားသဖြင့် လှေခါးအိမ်လေးထဲကနေ နားခေါင်း နှာခေါင်းပါ အူပြီးထွက်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချင်တယ်၊ မနက်ကတည်းက ဈေးဦးပေါက် မကောင်းဘာ. . . ဒီနေ့တော့ သွားပြီထင်တယ်"

ဦးလှတင့်တစ်ယောက်တည်း ခိုညည်းသလို ညည်းလာကာ သူ၏ရှုံးခန်းထဲ ရောက်မှ ခြေပစ်လက်ပစ် ထိုင်ကာချလိုက်သည်။

စိတ်ထဲ အိုက်စပ်နေမှုက ဂဠုန်ရာဇာ တစ်ဘူးလုံး ကော်စားထားသလို ခံစားနေရကာ အဲကွန်းဖွင့်ဖို့ ရီမုကို လှမ်းအယူ သင်တန်းကြီးကြပ်ရေးမှူး ဦးတင်ရှိန် ဝင်လာပြီး. . .

"ဆရာ. . . သင်တန်းသားတွေ လက်တွေ့ဝင်ဖို့ ဆရာ့ကို စောင့်နေကြတယ်"

"ဘာ. . ကျုပ်မရှိရင် မဖြစ်တော့ဘူးလား!"

ဦးလှတင့် ဘုတောပြီး အော်ပစ်၍ ဦးတင်ရှိန် မျက်နှာငယ်လေးနှင့်. . .

"ဟုတ်. . ဒါ. . ဒါဆို. . ခင်. . ခင်လှမြင့်ကိုပဲ ဆရာ့ကိုယ်စား ဝင်ခိုင်းလိုက်ပါ့မယ်"

ထို့နောက်. . အသင့်ပါလာသော ရိုးကောဖိုင်ကို တင်ပေး၍. . .

"ဆရာ. . ဒါလေး. . ဆရာ့လက်မှတ်"

"လူစုံ တက်တယ်မဟုတ်လား. . . ထားခဲ့လိုက်"

"ဟုတ်. . . တစ်ယောက်ပဲ ပျက်ကွက်ပါတယ်၊ ဖုန်းနဲ့ ခွင့်တိုင်ပါတယ်"

"ဟား. . . မြင့်လှချည်လား၊ အလုပ်တောင် မဝင်ရသေးဘူး၊ သင်တန်းသားပဲ ရှိသေးတယ်၊ ဖုန်းနဲ့ ခွင့်တိုင်တယ် ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



. . . ဘယ်သူလဲ!"

"ဝသ. . ၁၈. . မိုးညိုပါ"

မိုးညိုဆိုသောနာမည်ကြောင့် ဦးလှတင့် မျက်လုံးတွေ ပြူးထွက်လာကာ ဖိုင်ကို လှန်ကြည့်လိုက်သည်။

မိုးညို. . . မိုးညို. . .။

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



**အိပ်**ရာက နိုးလာသည်နှင့် ချောင်ကလောင်ကြီး ဖြစ်နေသောပျဉ်းစပ်ထဲ ကွမ်းတစ်ယာလောက် ထိုးထည့်တတ်သောအကျင့်ကြောင့် မိုးညို၏အိပ်မှုန်ထ မျက်လုံးအကြည့်နှင့် လက်တစ်ဖက်က ခုတင်ခေါင်းရင်း စားပွဲစွန်းဆီ ရောက်သွားသည်။

"ရှင်သာ ကွမ်းဖြတ်မယ်ဆိုရင်. . ."

အတွေးအာရုံထဲက ခုန်ထွက်လာသော သူမ စကားသံက ကွမ်းဘူးဆီ လှမ်းနေသော သူ့လက်ကို ပိတ်ကန်ပစ်သလိုမျိုး လွင့်စဉ်သွားပြီး မျက်လုံးတွေ ဖျတ်ခနဲ ကျယ်လာသည်။

ငုတ်တုတ်ထထိုင်မိသွားသည်။

ဒါ တကယ်ပဲလား။ ငါ့ကို အပျော်ကြံတာများလားကွာ။

ထိုအတွေးကြောင့် ချွဲချဉ်နေသောခံတွင်းအတွက် ကွမ်းဘူးဆီ လက်ရောက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အတွင်းမှာပင် ညိုရီသော သူမအကြည့်မျက်လုံးတွေနှင့် ရင်ထဲက လာနိုင်ပုံရသော စကားတချို့အတွက် ရှက်သွေးဖျန်းထားသော မျက်နှာလေးကို ပြေးမြင်မိပြန်၍ လက်က ကွမ်းဘူးဆီ ရောက်မသွား။

အို့ . . ဘာပဲဖြစ်ဖြစ် မသေချာတာကြီး သွားပြီးလွမ်းနေလို့ ငါပင်ပန်းတာပဲ အဖတ်တင်မယ်။ ဒီလောက်လှတဲ့ မိန်းမတစ်ယောက်က ငါ့လိုကောင်မျိုးကို စိတ်ဝင်စားစရာလား။

ငါ့ကွမ်းသွေးတွေ သူ့ခြေထောက်မှာ ပေဖူးကတည်းက ရွှတ်တွနေတဲ့မျက်လုံးမျိုးနဲ့ ငါ့ကို ကြည့်ခဲ့တာ-ဘာကြောသေးလို့လဲ။

ဟိုတလောကလည်း ကွမ်းသွေးထုပ်ထဲ လက်နှိုက်မိသေး၊ မနေ့ကလည်း ဖင်ကို ကွမ်းတံတွေးနဲ့ထွေး . . အဲ့ . . အဲ့ . . ကွမ်းသွေးတွေ ပေလို့။

ဟာ့ . . ဒီလောက် အော့နှလုံးနာနေတဲ့ အခြေအနေမျိုးတွေထဲကနေ ငါ့ကို ဒီလိုဆိုတော့၊ အင်း . . အဟတ်ဟတ် . . မိုးညိုရာ၊ မင်း ငတုံးပဲကွ၊ အဲ့ဒါ မာယာ။

မဟုတ်မှလွဲရော . . ဝါမွန်တို့ ဝိုင်းကျပ်ပေးလို့ သံလွင် ငါ့ကို မာယာနဲ့ ကွမ်းပြတ်အောင် လုပ်တာ . . အဟင်းဟင်း၊ မိုးညိုလည်း အတော့အပေမဲ့ . . . နတော့မနပါဘူးကွာ၊

သူ့အတွေးနှင့်သူ အတော်ကျေနပ်သွားပြီး ကွမ်းဘူးကို ရဲရဲဝံ့ဝံ့ပဲ လှမ်းယူကာ ဖွင့်လိုက်သည်။ ထုံးနှင့် ရောနှပ်ထားသော ဖာလာစေ့နံ့သင်းသင်းလေးက နှာဝမှာ ကလူ၏သို့ မြူ၏သို့ လုပ်တော့သဖြင့် ခံတွင်းစိုလာကာ စီရီပြီး ခွေထည့်ထားသော ကွမ်းယာ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက တစ်ယာဆွဲထုတ်ကာ ပါးစောင်ထဲ ထိုးမြှုလိုက်တော့ သည်။

ထိုစဉ် သူ၏အိပ်ရာခေါင်းရင်းမှ ဖုန်းမြည်သံကြောင့် ယူကြည့်လိုက်တော့ သံလွင်ဖြစ်နေ၍ ပါးစပ်ထဲက ကွမ်းကို ဆွဲထုတ်ကာ. . .

"ဟဲလို. . . သံလွင်"

"မိုးညို. . . ကျွန်မဘဝကို အရေးပေါ်ကာလအဖြစ် သတ်မှတ်လိုက်ပြီ၊ ရှင် ကွမ်းမစားတော့ဘူး မဟုတ်လား၊ ရှင်ရယ်လိုက်ရင် မြုဖွေးနေတဲ့သွားလေးတွေကို ကြည့်ပြီး စကားပြောချင်တယ်. . . ဒါပဲနော်"

"သံလွင်. . . သံလွင်"

တစ်ဘက်က ဖုန်းချသွားပေမယ့် မိုးညို ဖုန်းမချနိုင်သေးဘဲ သက်ပြင်းချကာ လက်ထဲက ကွမ်းယာကို ငုံ့ကြည့်လိုက်သည်။

ထို့နောက်တော့. . .

ပ ပ ပ ပ



www.burmeseclassic.com

www.burmeseclassic.com



"မိုးညို. ."

"ဗျာ. . ဆရာ"

"မင်းကို သင်တန်းမှူး ခေါ်ခိုင်းလိုက်တယ်၊ သူ့ရုံးခန်းလာတွေ့ပါတဲ့"

စာသင်ချိန် ခဏနားခိုက် ကြီးကြပ်ရေးမှူး ရောက်လာပြီး ပြောသဖြင့် မိုးညို မနေ့က သင်ခန်းစာများ ထိုင်ကူးနေရာမှ ထကာ ထွက်လာသည်။

အခန်းအပြင်မှာ ထွက်ရပ်နေကြသော သင်တန်းသားအချို့က မိုးညိုကို တွေ့သည်နှင့်. . .

"ဟော့. . ဆယ့်ရှစ်. . ဘာကွိုင်လဲ!"

"မသိဘူးလေ"

သင်တန်းကာလအတွင်း သူတို့အချင်းချင်း နာမည်မခေါ်



www.burmeseclassic.com

www.burmeseclassic.com



တြပါ။ ရင်ဘတ်က သင်တန်းသားနံပါတ်နှင့်ပင် ပြောကြသည်။

"မနေ့က ပြောင်ကြီး အတော်တင်းနေတယ်၊ ဟိုကောင်ချောက်လေးနဲ့ကိုးလေး ကင်န်တင်းသွားပြီး တီးခိုးဆွဲတာ မိသွားလို့ အခန်းခေါ်ပြီး လက်ဆင်တွေ ပေးနေတာ တစ်နာရီကြာတယ်တဲ့"

ထိုစဉ် တစ်ယောက်က. . .

"မနေ့က ကိုးလေးတော့ ဂွတ်လာတယ်"

"ဟုတ်လား. . . ဘယ်လိုဂွတ်တာလဲ!"

"ဒီကောင့်အမှုက ပိုကြီးတာပေါ့ကွ၊ စကားပြန်မမကို သွားကြိုင်တာလေကွာ၊ ဟိုက ဆရာပြောင်နဲ့ သွားတိုင်လို့ ဟိုက ပေါက်ပြီးဖိကောမယ် ကြံတော့. . ကိုးလေး တော်ကီတစ်ချက်ပစ်လိုက်တာ ဆရာပြောင် ငြိမ်သွားတယ်"

"အေးလေ. . ဘယ်လိုပြောတာလဲ၊ မင်းဟာက ဝေ့နေတယ်"

"ကိုးလေးလည်း ဒီမှာ အလုပ်မဝင်ခင်တုန်းက ပူဆန်မှာ အလုပ်လုပ်ခဲ့တာ"

"ကိုရီးယားမှာ. . "

"ဟုတ်တယ်. . . ဆရာပြောင်ကလည်း ကိုရီးယားမှာ အတော်ကြာခဲ့တယ်၊ ဟိုမှာ ဆုံဖူးလို့မဟုတ်ဘူး. . . ဖိန့်တာ၊

ဆရာ ကျွန်တော့်ကို အရေးယူရင် ဆရာ ဆိုးလ်မှာ ကဲခဲ့တာတွေ ဆရာ့ကောင်မလေးကို အကုန်ပြောပစ်မယ်ဆိုလို့ ဆရာပြောင် တွန့်သွားပြီး ကိုးလေးကို နှစ်သိမ့်လွှတ်လိုက်တယ်ကွ"

"ဒါဆို ဘိုးတော်က တကယ်ကဲခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါတော့ သူပဲ သိမှာပေါ့ကွ၊ ကိုးလေးက မှန်းပြီး ဖောလွှတ်လိုက်တာ ကွက်တိဖြစ်နေတယ်"

"အင်း. . . မှတ်သားစရာပဲ၊ အရေးပေါ် သုံးလို့ရတဲ့အထာလေးပေါ့. . အဟဲဟဲ၊ ဆယ့်ရှစ်. . မင်းလည်း လိုအပ်ရင် သုံးလို့ရတယ်နော်"

"ရပါတယ်ကွာ. . . ငါက ဘာဖြစ်တာမှတ်လို့ ကဲ. . . ရွှေနားတော်သွင်း အေးချင်းလေး သွားနားထောင်လိုက်ဦးမယ်"

မိုးညို ရုံးခန်းထဲ ရောက်တော့ ဦးလှတင့်က နံရံကာမှန်ချပ်တွေက မြို့ပြမြင်ကွင်းအား ငေးရီကာ ကြည့်နေသည်။

"ဆရာ. . . ကျွန်တော်ရောက်ပါပြီ"

ဦးလှတင့် ချာခနဲ လှည့်ကာ မိုးညိုကို သေချာကြည့်လိုက်သည်။ ခဏကြာမှ. . .

"မင်းနာမည် မိုးညိုလား!"

"ဟုတ်ပါတယ် ဆရာ"

"မင်းမှာ ဖုန်းပါလာသလား!"

မိုးညို လက်တစ်ဖက်က သူ့ဘောင်းဘီအိတ်ထဲ ရောက်သွားပြီး. . .

"ဟုတ်. . ပါပါတယ် ဆရာ"

"ကောင်းပြီ. . . ငါ့ဖုန်းနံပါတ်ကို ခေါ်စမ်းကွာ၊ ၀၉ ၈၀ ၃၄၅၈၁"

"ဟုတ်. ."

"အိုကေ. . . မင်း အပြင်ထွက်ပြီးခေါ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှတင့် ဘာကိုရည်ရွယ်၍ ဘာကိုပြောနေမှန်း မိုးညို နားမလည်နိုင်သော်လည်း လောလောဆယ်တော့ သူခိုင်းသည့်အတိုင်းပင် လုပ်ပေးလိုက်သည်။

"ဟဲလို. . "

"ဟုတ်ကဲ့. . ကျွန်တော်ရောက်ပါပြီ ဆရာ. . မိုးညို"

"မိုးညို. . "

"ခင်ဗျာ. . "

"မင်းမှာ ချစ်သူရည်းစား ရှိသလား!"

"ခင်. . ခင်ဗျာ. . အဲ. . အဲဒါက ဘာအတွက်"

"ဟော့ကောင်. . မေးနေတာကိုပဲ ဖြေကွာ"

"မရှိ. . မရှိပါဘူး ဆရာ"

"မင်းအသိမိန်းကလေးထဲမှာ သံလွင်ချိုဆိုတာ ရှိသလား!"

ဒီတစ်ခါတော့ မိုးညို ဖျားသွားသည်။ ဒီအသံနှင့် ဒီလေပေါက်ကိုလည်း ကြားဖူးသလိုလို ရှိလာပါသည်။ ထို့ကြောင့် ပြန်မဖြေနိုင်သေးဘဲ အပြေးအလွှား စဉ်းစားရင်းက အသိစိတ်ထဲ လင်းခနဲဖြစ်ကာ ဖုန်းကို ပိတ်မိလျက်သားဖြစ်သွားသည်။ ထိုအခိုက်မှာပင် ဦးလှတင့် သူ့အနား ရောက်လာပါသည်။

"လက်စသတ်တော့ မင်းကိုးကွ"

"ဟုတ်ပါတယ်ခင်ဗျာ. . . ကျွန်တော်ပါ"

"ဘာကွ"

"ဟုတ်ကဲ့. . ကျွန်တော်မိုးညိုပါ"

"အေး. . ငါသိတယ်. . သိတယ်၊ ပြောစမ်း. . မနေ့က မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စ ခွင့်တင်တာလဲ!"

"ကိစ္စရှိလို့ပါ"

"ဘာကိစ္စလဲ!"

"ကျွန်တော့်ကိုယ်ရေးကိုယ်တာပါ"

"အဲ့ဒီကိုယ်ရေးကိုယ်တာက ဘာလဲ!"

"ဒါတော့ ဆရာ နည်းနည်းလွန်ပြီထင်တယ်"

"ဘာ!!. . . "

တကယ်လည်း မိုးညိုစိတ်ထဲ ပြာသွားသည်။ သက်ဦးဆံပိုင်ဘုရင်စနစ်မှ မဟုတ်လျှင် ဘယ်လောက်ပဲ ရာထူးကြီးကြီး ကိုယ့်လက်အောက်ဝန်ထမ်း၏ကိုယ်ရေးကိုယ်တာကိစ္စအထိ ဝင်ရောက်စွက်ဖက်တာမျိုးတော့ မလုပ်အပ်ဘူးဟု သူထင်သည်။

"မင်းက ဘာကောင်မို့ လွန်တာတွေ ကျွံတာတွေ လာပြောနေရတာလဲ!"

"ကျွန်တော်က သင်တန်းသား နံပါတ်ဆယ့်ရှစ်ပါ၊ ဆရာက သင်တန်းမှူးပါ"

"အဲ့ဒါကြောင့် မင်းက ကွန်ပလိန်း တက်တယ်ပေါ့. . . ဒီလိုလား!"

"လိုအပ်တာလောက်ပါ. . . ဒါ ကျွန်တော့်ကိုယ်ရေးကိုယ်တာလို့ ဆရာသိရင် ဒီမေးခွန်းကို မမေးသင့်တော့လို့ပါ"

"အောင်မာ. . အောင်မာ. . တယ်သိပါလား၊ အိုကေလေ. . မင်းဟာ မိုးညိုဆိုတာရယ်၊ သံလွင်နဲ့ တစ်ခုခု ပတ်သက်နေတယ်ဆိုတာ ငါသိရင်ရပြီ၊ မင်းသိထားဖို့က သံလွင်ဟာ ငါ့ရဲ့ဇနီးလောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပဲ. . . ရှင်းရဲ့လား!"

"ဟုတ်ကဲ့. . . ဇနီးလောင်းဆိုတာ တကယ်တော့ ကြက်ဥ တစ်လုံးပါ ဆရာ၊ အကောင်ဖောက်ဖို့ စိတ်ကူးမရှိရင် ဖောက်သောက် လို့ရပါတယ်"

"ဟော့ကောင်. . . အကောင်ဖောက်မယ့်ဥကွ၊ မင်းဖောက် သောက်ရဲသောက်ကြည့်"

"ဘယ်သူဝပ်မှာလဲ. . . ဆရာ ဝပ်မှာလား!"

"ဟုတ်တယ်"

"ကျွန်တော် တင်းရှာပေးရဦးမှာလား!"

"မလိုဘူး. . . ငါ့တင်းနဲ့ငါ။ ဟာ. . . မင်းထွက်သွားတော့၊ သွား. . တောက်"

ထိုအခါ မိုးညိုက သူ့နဖူးသူ ဖတ်ခနဲ ရိုက်ပြီး. . .

"ဟာ. . ငါ့နှယ်. . ကိုယ့်ဆရာကို မရိုမသေလုပ်ရာ ကျနေ ပြီ၊ တောင်းပန်ပါတယ် ဆရာ၊ ကျွန်တော်က ဥပမာပေးပြီး ပြောမိ တာပါ"

"မင်းသွားတော့လို့ ငါပြောနေတယ်နော်"

"ဟုတ်ကဲ့ပါ"

မိုးညို အရိုအသေပြုပြီး ထွက်သွားသည်နှင့် ဦးလှတင့် သူ့ အခန်းထဲ ပြန်ဝင်ပြီး ဖုန်းခေါ်လိုက်ပါသည်။

"ဟဲလို. . . သံလွင်"

". . . . . . . . . . . ."

"သြော်. . . ကိုယ်မေးစရာရှိလို့၊ မနေ့က သံလွင်နဲ့မိုးညို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားကြသေးလဲ!"

"............"

"အား . . အေးပါ သံလွင်ရာ၊ ကိစ္စတစ်ခုခုနဲ့ သွားတယ်ဆို လည်း ပြီးတာပါပဲ၊ သြော် . . ပြောဦးမယ်၊ မိုးညိုက ကိုယ့်ကုမ္ပဏီက သင်တန်းသားဆိုတာရော သံလွင်သိလား!"

"..........."

"အိုကေ . . သံလွင်၊ ကိုယ်ပြောချင်တာက အခွင့်အလမ်း ကောင်းတွေ အများကြီး ရှိနေတဲ့ ကိုယ်တို့ကုမ္ပဏီမှာ ဝန်ထမ်းတစ် ယောက်ဖြစ်တော့မယ့် မိုးညိုရဲ့အနာဂတ်ကို ဂရုစိုက်ပေးစေချင်တာ ပါ"

"......."

"သံလွင် . . သံလွင် . . ခဏ . . ခဏလေး"

ဦးလှတင့် ခံရခက်ကာ တောက်ခေါက်ပြီး ဖုန်းပိတ်ပစ်လိုက် သည်။

မိုးညိုနှင့် ပတ်သက်ပြီး ဆတ်ဆတ်ထိမခံအောင် တုံ့ပြန်နေ သော သံလွင်ချို၏စိတ်နှလုံးထဲမှာ မိုးညိုဆိုသည့်ကောင် ဘယ်မျှ အထိ နေရာယူထားပြီလဲဆိုသောအတွေးက ဦးလှတင့်၏ရင်ထဲ မီးတုတ်ကိုင်၍ ဝင်ရောက်သွားတော့၏။

ꩩ ꩩ ꩩ ꩩ



www.burmeseclassic.com

www.burmeseclassic.com



**ဘယ်**လိုပဲ ပျော်အောင်နေနေ မပျော်နိုင်တော့တာ သေချာသည်။ ခါတိုင်းတော့ ကိုယ့်ကိုယ်ကို အလုပ်ဝင်ရတော့မယ်ဆိုတာ တောင်မေ့ပြီး ကျောင်းတက်နေသော ကျောင်းသားတစ်ယောက်လို လွတ်လပ်တက်ကြွနေခဲ့သည်။

သင်တန်းသားအချင်းချင်း နောက်လိုက်ပြောင်လိုက် စားသောက်လိုက်နှင့် ကိုယ်လေ့လာရမည့် လုပ်ငန်းပညာရပ်များအား ကြိုးစားဆည်းပူးသင်ယူနေမိသည်။

ခုတော့ ကုမ္ပဏီရုံးအဆောက်အဦးထဲ ဝင်လိုက်သည်နှင့် ပြောင်ပြောင်တင်းတင်း ကြည့်တတ်သော ဦးလှတင့်မျက်နှာကြီးအား မြင်ယောင်လာကာ ရင်ထဲ ထုံကျင်ပြီး စိတ်တွေလည်း မလန်းတော့ချေ။

ကံကောင်းထောက်မစွာ ချစ်သူတစ်ယောက် အလိုအ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နီးနီး ရခါနီးကာမှ ထီပေါက်ပြီး ထီလက်မှတ် ပျောက်သလို ရှူးခြောက်ခြောက်ကြီး ခံစားနေရသည်။

ကိုရီးယားမင်းသားတွေလို ပင်လယ်ကမ်းစပ်ဆီ ပြေးဆင်းသွားပြီး . . အဘား . . အဘားဟု အော်လျှင် ကောင်းလေမလား။

အဲ့သလို အော်လိုက်ရလျှင် ပေါ့သွားသည်ဟု ဆိုကြသည်။ သူ့အထင်ကတော့ သိပ်မထင်။ ရုပ်ရှင်ထဲမှာလည်း မပေါ့ပါ။ နာကျင်သောခံစားမှုအတွက် အားကုန် အော်ဟစ်ပြီးတော့လည်း ခံစားနေရဆဲ နာကျင်နေဆဲဆိုတာကို မြင်နေရတာ အသိသာကြီးပင်။

ထို့ကြောင့် အော်ဟစ်ပြီး ခံစားမှု လျှော့ပစ်တဲ့ကိစ္စအား ဖယ်လိုက်ကာ ဒီအတိုင်း အစိမ်းအတိုင်း ခံစားနေလိုက်သည်။


ဦးလှတင့်ကလည်း သူ့ကို မြင်တိုင်း အစိမ်းအတိုင်း ကြည့်၍ တစ်နေ့ မင်းတွေ့မယ်ဟု အသံမပါသောကြိမ်းဝါးမှုများနှင့် ကြိမ်းဝါးနေလေသည်ဆိုတော့ကာ . . . မိုးညို မပျော်နိုင်တော့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com


မရင့်ဘဲနဲ့ မမှည့်ချင်ပါဘူး…
အလှည့်ကတော့ မမြင်
တကယ့်ဘဝကို ဆင်ခြင်ကြည့်လည်း
နိမ့်ခွင်ကာ ပြာပုံအတိ
မရှိတဲ့ ကံကိုမှ…
အသိနဲ့ဉာဏ် ထိုမပြုနိုင်ရင်
ဘဝဆိုတာ အခိုင်မရှိတဲ့ အသီးမို့
ပုပ်ပြီး လွင့်ပစ်ယုံပေါ့…



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ..
အချစ်ရဲ့ခံစားမှုတွေဟာ..
နှစ်ရာပေးစီးရတဲ့ အထူးဘတ်စ်လိုပဲ..
မူးလှုပ်ကျပ်ညပ်ပြီး..
မတ်တတ်ကြီးရယ်..



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

"**ရှင်** ရယ်လိုက်ရင် ဖြူဖွေးနေတဲ့သွားလေးတွေကို ငေး ကြည့်ပြီး စကားပြောချင်တယ်"

"မင်းသိထားဖို့က သံလွင်ဟာ ငါ့ရဲ့ဇနီးလောင်းဆိုတာပဲ"

မျက်လုံးထဲ သဲဝင်နေသလိုမျိုး ခိုးလိုးခုလုနိုင်လွန်းသော စိတ်ခံစားမှုတွေနှင့် မိုးညို လူးလှိမ့်မှောက်အိပ်နေမိသည်။

အဖြေကတော့ ရှင်းပါသည်။ ရွေးချယ်ဖို့ပဲ လိုအပ်သည်။ အချစ်ရှိလျှင် အရာရာ ပြီးပြည့်စုံသည်ဆိုသောစကားအား ခေါင်း ဝါးဝါး တွေးဖြစ်သည်။

☺ အောင်မြင်ဆောင်ပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ အရာရာ ပြည့်စုံနိုင်သတဲ့လား။ သေချာတာက တော့ အချစ်ကို ရွေးချယ်လိုက်လျှင် မကြာသေးခင်ကမှ ကံကောင်း ထောက်မစွာ ရထားသော ဘဝအနာဂတ်တစ်ခုလုံး ငါးမုန့်ကြော်ပေါ် အုတ်ခဲကျသလို ဂျွတ်ခနဲ ကြေမွသွားနိုင်သည်။

ဘဝရေ့ရေးအတွက် ဒီအလုပ်က အဓိကဟု ရွေးချယ်လျှင် လည်း မကြာသေးခင်မှ ဖူးစာကံ ဘရိတ်ပေါက်ပြီး ရောက်လာသော အချစ်အား လွှင့်ပစ်ရတော့မည်။

"ဟား. . . ရှုးပြီကွာ"

မိုးညို ခုတင်ပေါ် လှိမ့်နေရာမှ ထပြီး နေ့စဉ်လာပို့ထား၍ ဒီအတိုင်း ထပ်ထားသော ကွမ်းဘူးတွေကို ငေးကြည့်နေမိသည်။ သူ ရေတွက်ကြည့်တော့ ခုနစ်ဘူး။ ဒါဆို သူကွမ်းမစားဘဲနေတာ ခုနစ်ရက်ပေ့ါ။

သူ ထသွားပြီး နံရံမှာကပ်ထားသော ကြည့်မှန်ထဲ သွားဖြဲ ကြည့်လိုက်သည်။ သွားကြားထဲ နီညစ်ညစ်အကြောင်းလေးတွေ ရှိနေသေးတာကလွဲလို့ အတော့်ကို ဖြူဖွေးတောက်ပြောင်နေချေပြီ။

ဒီလို ညစ်ထွေးနေတဲ့အချိန်မျိုးမှာ ကွမ်းယာလေး ပါးစောင် ကပ်ပြီး အတွေးကလေးတွေ ဖျတ်ခနဲ ဖျတ်ခနဲ တွေးပစ်ချင်မိသည်။

ဖြစ်တော့ မဖြစ်သေး။ ဒီလောက်ဖွေးလွအောင် တိုက်ချွတ် ထားသော သွားကလေးတွေ ကွမ်းသွေးနှင့် ပြန်နီသွားလျှင် နှမြော စရာကောင်းလှသည်။

ဘာပဲဖြစ်ဖြစ် နောက်သုံးလေးရက်လောက်ဆို အော်ရီယင် နယ် ခံတွင်းလှလှလေးနှင့် ချစ်သူရှေ့ ပြုံးရယ်ပြနိုင်တော့မည့် အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးက အရမ်းကို မွတ်သိပ်နေမိသည်။

ထိုအခိုက်မှာပင် သူမထံမှ ဖုန်းဝင်လာပါသည်။

"မိုးညို ဒီနေ့ အလုပ်မဝင်ဘူးဆို"

"ဟင်. . . သံလွင် ဘယ်လိုလုပ် သိတာလဲ!"

"သံလွင် အဲ့ဒီကို ရောက်သွားတယ်"

"ဟောဗျာ. . ဆရာပြောင်ကြီး. . အဲ. . အဲ. . ဆရာ ဦးလှ တင့်နဲ့ တွေ့ဖို့လား!"

"ရှင်နဲ့ တွေ့ချင်လို့လေ"

မိုးညို အသက်ရှူရပ်သွားသည်။ အပျော်တွေ ထမင်းနင်သလို နင်နေခိုက်. . .

"မိုးညို. ."

"အင်း. ."

"ကျွန်မတို့ ခဏလောက် ဆုံကြရအောင်၊ သင်တန်းပြီးကတည်းက ရှင် ဖုန်းလည်း မဆက်ဘူးနော်"

"အင်း. . ဟို. . ဆုံကြမယ်လေ၊ အခုလား. . ဘယ်မှာလဲ!"

"ရှင်နဲ့ကျွန်မ ပထမဦးဆုံး ဆုံဖြစ်ကြတဲ့ကားမှတ်တိုင်မှာ ကျွန်မ ထိုင်နေတယ်"

"ဟောဗျာ. . ဒါ. . ဒါဆို ခဏလေး စောင့်ပေး၊ ကျွန်တော် အခု ထွက်လာမယ်"

မိုးညို အဝတ်အစားလဲပြီး ထွက်လာတော့ ဦးလေးကို ဧည့်ခန်းမှာ တွေ့ရ၍. . .

"ဦးလေး. . . ဒီနေ့ ဘယ်မှမထွက်ဘူးလား!"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ. . . ငါ ဒီနေ့နားမှာ"

"ကျွန်တော် ကားခဏသုံးချင်တယ်"

"အေး. . . သုံးလေ၊ ရော့. . ဒီမှာသော့"

လမ်းပေါ်ကို မြန်နိုင်သမျှအမြန်နှုန်းနှင့် ရောက်လာပြီးမှ ရင်ခုန်ရှုပ်ထွေးနေသောစိတ်နှင့် သူတွေးမိကာသွားသည်။

ဘုရားရေ. . . ငါ အချစ်ကိုပဲ ရွေးချယ်လိုက်ပြီလား။

ထိုအတွေးကြောင့် နာလိုခံခက်ဖြစ်နေသော ဦးလှတင့်၏ မျက်နှာကားယားကြီးကို ပြန်မြင်ကာ လန့်မိသည်။ ဦးလှတင့်သာ သိလို့ကတော့ ပြုတ်ပြီ။

ဟာ. . . မြန်မာပြည်မှာ အလုပ်ဒီလောက်ပေါများတာ၊ သူ့ကုမ္ပဏီမှာ မလုပ်ရတော့ရော ဘာဖြစ်လဲ၊ ငါ့မှာ ထိုက်တန်တဲ့ ပညာရပ်နဲ့ ဘွဲ့လက်မှတ် ရှိတယ်၊ အသက်အရွယ် သန်စွမ်းကျန်းမာတယ်၊ လုပ်ချင်ကိုင်ချင်စိတ် ရှိတယ်။

နောက်ထပ်အလုပ်ရှာမယ်ကွာ. . . ဘာဖြစ်လဲ၊ အချစ်သာ ရှာဖို့ ခက်တာ၊ ဘွဲ့လက်မှတ်နဲ့သာ အလုပ်လျှောက်ဖို့ လွယ်တာ၊ ချစ်တတ်တဲ့ အသည်းနှလုံးရှိတိုင်း အချစ်လျှောက်ဖို့ လွယ်လို့လား၊ အခုတောင် လုနေရတာ။ ဟုတ်တယ်. . ဒါမှန်တယ်၊ ဒါအမှန်ပဲ။

မိုးညို သူ့အတွေးနှင့်သူ ကျေနပ်အားရှိသွားပြီး နောက်ကြည့်မှန်ထဲမှာ သူ့သွားတွေကို ဟီးခနဲ လုပ်ပြီး လှမ်းကြည့်လိုက်သေးသည်။ လှတယ်ဟ. . .။

ၜ ၜ ၜ ၜ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



**ကား**မှတ်တိုင်ရှေ့ ဝင်ရပ်လိုက်သော ကားလေးကို ကြည့်ပြီး သံလွင်ချို၏စိတ်ထဲ အတော်တင်းတောင့်ကာသွားသည်။ တခြားမဟုတ်. . ဦးလှတင့်။

"သံလွင်. . ဘယ်လဲ!၊ လာလေ. . ကိုယ်လိုက်ပို့မယ်"

"နေပါစေ. . ကျွန်မ တခြားကိစ္စရှိလို့"

"ရတယ်. . ဟိုဘက်နိုင်ငံ ဖြစ်ပါစေ၊ ကိုယ်လိုက်ပို့မယ်"

"ရှင် မြန်မာလို သိပ်နားမလည်ဘူးထင်တယ်"

"မဟုတ်ဘူးလေ. . . ကိုယ်လည်း အပြင်ထွက်လာတာနဲ့ကြုံနေတာပဲ၊ ပြီးတော့ မင်းကို တွေ့ပါလျက်နဲ့ ကျော်သွားလို့ ကောင်းမလား"

"ကောင်းတယ်. . . ကျွန်မ ဒီနေရာကနေ ဧည့်သည်တစ်ယောက်ကို စောင့်ရမယ်၊ ရှင်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မိုးညို၏ကားလေး လမ်းတစ်ဖက်မှာ ရပ်တန့်၍သွားသည်။

ဘေးမှန်တွေ တင်ထား၍ ဘယ်သူဘယ်ဝါဆိုတာတော့ မသိ မမြင်ပါ။ သို့သော် မိုးညိုဆိုတာ သူမ ချက်ချင်းသိလိုက်သည်။

သူမ မိုးညိုတို့အိမ် ရောက်ခဲ့စဉ်က ဒီကားလေး ခြံထဲ ရပ်ထားတာ မြင်ဖူးခဲ့သည်ကိုး။ ထို့ကြောင့် သူမ လမ်းတစ်ဖက်သို့ ဖြတ်ကူးကာ ကားတံခါး ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်တော့၏။

ဦးလှတင့် လိုက်ကြည့်သော်လည်း မမြင်။ ဒါပေမယ့် မိုးညို၏ကားလေး ဘီးလိမ့်ထွက်သည်နှင့် သူလည်း ထွက်ကာ ဆွဲ့ကွေ့လိုက်ပါသည်။

"မိုးညို . . မြန်မြန်မောင်း၊ နောက်က လိုက်လာတယ်"

"ကျွန်တော်သိတယ်"

ထို့နောက် မိုးညိုက သူ့နောက် ကပ်ပါလာသောကားအား ပြည်လမ်းအတိုင်း စောင့်ခေါ်လာတော့သည်။

ဦးလှတင့်လည်း ဇွဲကောင်းစွာ လိုက်ပါလာသဖြင့် ထောက်ကြံ့လမ်းဆုံ ရောက်သည်နှင့် လှည်းကူးဖက် ချိုးကာ အရှိန်မြှင့် မောင်းနှင်လာခဲ့သည်။

လမ်းကလည်း ကောင်းလှသဖြင့် ဦးလှတင့်လည်း ခြေစွာကာ နှင်လာခဲ့သည်။ လှည်းကူးကို ကျော်လာတဲ့အထိ နောက်ကားက ပြန်လှည့်ဖို့ စိတ်ကူးရှိပုံမရ။ ထို့ကြောင့် ပဲခူးရောက်အောင်မောင်းရန် ဆုံးဖြတ်လိုက်တော့သည်။

"မိုးညို . . အခုဘယ်လဲဟင်!"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို ပဲခူးရောက်သွားမယ်၊ ကျွန်တော်ရပ်ပေးလိုက်ရမလား!"

"မရပ်နဲ့. . . အဲ့ဒီလူက ရှင်မှန်းသိရင် ပြဿနာရှိတယ်"

"ပြဿနာက အခုမရှိလည်း နောက်တော့ ရှိလာမှာပါပဲ၊ ကျွန်တော် တစ်ခုပဲ သေချာသိချင်တယ်"

"ဘာကိုလဲ!"

"သံလွင်က တကယ်ပဲ သူ့ရဲ့ဇနီးလောင်း ဖြစ်နေပြီလား!"

သူမ ချက်ချင်းပြန်မဖြေ၍ မိုးညိုရင်တုန်သံတွေ ဆူညံလာခဲ့သည်။ ခဏကြာမှ. . .

"အိမ်က မိဘတွေရဲ့ဆန္ဒကတော့ ဟုတ်တယ်၊ ကျွန်မဆန္ဒတော့ မဟုတ်ဘူး"

"ဒါဆို ကျွန်တော့်မှာ မျှော်လင့်ချက်တော့ ရှိတာပေါ့နော်"

သူမ မျက်နှာလွှဲပစ်၍. . .

"သံလွင်. . ဒီမှာ. ."

သံလွင်ချို လှည့်ကြည့်လိုက်သည်နှင့် မိုးညို သွားတွေအားလုံးနီးပါး ပေါ်အောင် ဖြီးခနဲ လုပ်ကာ ဟီးဟီးဟီးဟု ရယ်ပြလေတော့သည်။

သူမ ခစ်ခနဲ အသံထွက်သွားအောင် ရယ်မိပြီးမှ မျက်နှာနွေးနွေးလေးကို လွှဲဖယ်ကာ အပြင်ကို အကြည့်ပို့လွှတ်ထားလိုက်သည်။

မိုးညိုလည်း ကတုန်ကယင်တွေဖြစ်ကာ ယောင်နန Gear Down မိသဖြင့် ကားအရှိန် ဝပ်ဆင်းသွားသည်။ ဒီတော့မှ နောက်က



www.burmeseclassic.com

www.burmeseclassic.com



ပါလာသောကားကို သတိရကာ ကြည့်ကြသည်။

"ဟင်. . . ပြန်လှည့်သွားပြီထင်တယ်"

"ဟုတ်တယ်. . . ကျွန်မလည်း မတွေ့ဘူး"

မိုးညို အရှိန်လျှော့လက်စနှင့် ကားကို လမ်းဘေးချကာ ရပ်ပစ်လိုက်ပါသည်။ ထို့နောက် ကားပေါ်မှ ဆင်းပြီး တစ်မျှော်တစ်ခေါ် ကွင်းပြင်ကြီးဆီ ရပ်ကာ ငေးကြသည်။

"ကျွန်တော် သံလွင့်ကို ချစ်တယ်"

"ရှင်. ."

သံလွင်ချို ထိတ်ခနဲ လန့်တုန်ပြီး လှည့်ကြည့်တော့ မိုးညို မျက်စိစုံမှိတ်၍ထားသည်။

"ကွမ်းကြိုက်တဲ့လူတစ်ယောက်ဟာ. . . သွားဖုံးတွေသာ ကင်ဆာ အဖြစ်ခံချင်ခံလိုက်မယ်၊ ကွမ်းကိုတော့ အပြတ်မခံပါဘူး သံလွင်၊

ကျွန်တော်ဟာ ကွမ်းကြိုက်တဲ့လူတစ်ယောက်ပါ၊ ကလေးဘဝကတည်းက အမေ ကွမ်းငုံတာ တွေ့လို့ ကွမ်းသီးလေးတစ်စိတ်လောက် ယူယူဝါးရင်း ကွမ်းဝါးဖြစ်သွားတာပါ၊

အဲ့သလောက် ကွမ်းကို မက်မောတွယ်တာခဲ့ပြီးမှ ချစ်သူကြောင့် ဒီကွမ်းကို စွန့်ပစ်ရတဲ့သတ္တိကတော့ ချစ်သူတကာ့ချစ်သူတွေထဲမှာ အချစ်သူရဲကောင်းပါ သံလွင်ရယ်"

မျက်စိစုံမှိတ်လျက် လက်ဝါးချင်း တင်းနေအောင် ဆုပ်ကိုင်ထားပြီး တတွတ်တွတ် ပြောနေသော မိုးညိုကို ကြည့်ပြီး သံလွင် အသံထွက်ပြီး မရယ်မိအောင် ပါးစပ်ကို လက်ဝါးနှင့် ပိတ်ကာထားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တကယ်ပြောတာပါ၊ မိုးညို . . မင်း သံလွင့်ကို စွန့်ပစ်မလား၊ ကွမ်းကို စွန့်မလားလို့ မေးလာရင် ကျွန်တော် ကွမ်းသာ ဝါးချင်ဝါးမယ်၊ သံလွင့်ကို ဘယ်တော့မှ မစွန့်လွှတ်နိုင်ပါဘူး"

"ဘာ!! . ."

"ဟင်! . . အဲ . . ယောင်လို့"

"ကျွန်တော် ကွမ်းကိုပဲ စွန့်ပစ်မှာပါ၊ သံလွင့်ကို မချစ်ဘဲ မနေနိုင်ပါဘူး၊ အဲ့ဒါကြောင့် ခံတွင်းချဉ်ပြီး ပါးစပ်ထဲ အာလောင်လောင်ကြီး ဖြစ်လာရင် ကွမ်းမဝါးဘဲ ကြက်သွန်တွေဝါး၊ ငရုတ်သီးတွေ ဝါးပြီး လျှာပြတ်မကျရုံတမယ် ဖြတ်ပစ်ခဲ့တာပါ"

"ရှင် . . ရှင် . . တကယ်ပဲ အဲ့သလို လုပ်ခဲ့တာလားဟင်!"

ဒီတော့မှ မိုးညို မျက်လုံးဖွင့်ကြည့်ပြီး . . .

"ဟုတ်တယ် . . . ကျွန်တော် သံလွင့်ကို ချစ်တယ်ဆိုတာ ကိုယ့်စိတ်ထဲမှာ သေချာသွားတဲ့အတွက် တကယ် ရက်ရက်စက်စက်ကို လုပ်ခဲ့မိတာပါ"

သူမ ရှုံ့မဲ့ကာသွားသည်။ မိုးညိုကိုလည်း စိတ်မကောင်းဖြစ်စွာ ကြည့်မိရင်း . . .

"ဒါပေမယ့်လည်း ကောင်းပါတယ်၊ အဲ့သလို မဖြတ်နိုင်ရင် ကျန်းမာရေးအတွက် သေချာပေါက် ဒုက္ခပေးမှာလေ၊ ပြီးတော့ ရှင့်ကို ကျွန်မ လေးစားသွားပြီ . . . သိလား!"

"ဘာဖြစ်လို့လဲ . . . မလေးစားရင် နေပါ၊ ချစ်တယ်ဆိုရင်ပဲ ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စောင်းလှလှလေး ထိုးပစ်လျက်. . .

"မဖောက်နဲ့. . . ဒီက အကောင်းပြောမလို့"

"အင်း. . ပြော"

"ကျွန်မကို ကျောင်းတုန်းက ကြိုက်တဲ့သူနှစ်ယောက် ရှိဖူးတယ်၊ တစ်ယောက်က ဆေးလိပ်သောက်တယ်၊ တစ်ယောက်က ဘီယာသမား၊ အဲ့ဒီတုန်းက ရှင့်ကို ပြောသလိုပဲ ပြောပြီး သူတို့ အကျင့်ဆိုးတွေ ဖြတ်ခိုင်းခဲ့တယ်၊ ဒါပေမယ့် သူတို့မဖြတ်နိုင်ခဲ့ဘူး၊ အဲ့ဒါကြောင့် ကျွန်မလည်း မကြိုက်ခဲ့ဘူးပေါ့၊ ရှင်ကတော့ ဖြတ်သွားတယ်လေ"

"ဒါကြောင့် ကြိုက်တော့မယ်ပေါ့"

"အောင်မယ်. . စဉ်းစားရဦးမှာပါနော်. . ဟင်း"

"ဟာ. . ဒါတော့ သံလွင် လွန်တာပေါ့"

"အို. . . ရှင်က ကွမ်းဖြတ်ပြီး ချစ်ပြပေမယ့် အဆင်မပြေရင် ပြန်စားလို့ရတယ်လေ၊ ကျွန်မက ဘဝတစ်ခုလုံး ပုံပြီးမှ အသစ်ပြန်စလို့ မရတော့ဘူး ရှင်ရဲ့"

"လောလောဆယ် မပုံနဲ့ဦးလေ၊ ချစ်ရုံလေးပဲ ချစ်ကြည့်ပေါ့။ သေချာမှ ပုံလေ"

"ဟင်း. . လူလည်"

"သံလွင်. . "

သူမ ပခုံးနုနုလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ခေါ်သဖြင့် သူမ လန့်ကာ ပြန်ရုန်းသည်။ မိုးညို လုံးဝအလွတ်မပေးဘဲ. . .

"ကျွန်တော့်ရင်ဘတ်ထဲ ဖောက်စီးပြီးမှ သောင်တင်နေးပစ်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး မလုပ်ပါနဲ့ သံလွင်. . . တောင်းပန်ပါတယ်၊ တစ်သက်နဲ့တစ်ကိုယ် မိန်းမတစ်ယောက်ကို ချစ်တယ်လို့ ပြောဖူးတာ ဒါ ပထမဦးဆုံးပါ"

"ဟင့်အင်း. . . ကျွန်မစဉ်းစားပေးမယ်လို့ ပြောပြီးပြီလေ၊ အဲ့သလောက်နဲ့ ရှင်ကျေနပ်သင့်ပြီ၊ ကျွန်မလည်း တစ်ဘဝလုံးအတွက် တစ်ယောက်ထဲကိုပဲ ချစ်မယ့်မိန်းမပါ၊ အဲ့ဒါကြောင့် စဉ်းစားမယ်ဆိုတာ ရှင်သဘောပေါက်ဖို့ ကောင်းတယ်လေ. . . လွှတ်ပါ"

"ကောင်းပြီ. . . ထပ်ပြီးတောင်းပန်မယ်၊ ခုမှ ဈေးဦးပေါက်တာပါ. . ဈေးဦးမလှန်ပစ်ပါနဲ့"

"ဘုရားရေ. . . ရှင့်မှာ ဒီထက်လှတဲ့စကား မရှိတော့ဘူးလား"

ထိုအခိုက်မှာပင် ဖြတ်မောင်းသွားသော ခရီးသည်တင်ဟိုင်းလတ်ကားပေါ်မှ ခရီးသည် လူရွယ်တစ်ယောက်က လှမ်းအော်သွားသည်။

"ဟေ့. . . ကောင်မလေးကို လွှတ်လိုက်"

မိုးညို လန့်ကာလွှတ်ပေးပြီးမှ ရှက်ရှက်နှင့် ပြန်အော်ပစ်လေသည်။

"မင်းကြီးတော်ဆို မလွှတ်ဘူးဟေ့"

သူမ ရယ်တော့၏။

ꩨ ꩨ ꩨ ꩨ



www.burmeseclassic.com

www.burmeseclassic.com



**ဒီ**နေ့တော့ မိုးညို သင်တန်းပြန်ဝင်ပါသည်။ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ဖို့လည်း ဆုံးဖြတ်ထားလိုက်သည်။ ဝန်ခံရလျှင် မနေ့က မနက်ပိုင်းအထိတော့ ထိုမျှလောက် ခွန်အားမရှိ။ သူ၏စိတ်တွေ ဝေခွဲမရတာလည်း ဖြစ်လေသည်။

သို့သော် သူမနှင့် တွေ့ပြီးချိန်မှာ သေချာသွားခဲ့သည်။ သူ အချစ်ကိုပဲ ပြတ်ပြတ်သားသား ရွေးချယ်ပစ်လိုက်သည်။ ဒီမနက် သင်တန်းပြန်ဝင်ခြင်းမှာလည်း အလုပ်နှင့် ပတ်သက်ပြီး ပြတ်သားသောအခြေအနေတစ်ခုအား သိချင်နေ၍ဖြစ်သည်။

"မိုးညို ရောက်ပြီလား!"

ခန်းမအပြင်ဘက်မှ ကြီးကြပ်ရေးမှူးအသံကြောင့် မိုးညို လက်ထောင်ပြကာ ထရပ်လိုက်သည်။

"ထွက်ခဲ့ပါ. . . သင်တန်းမှူး ခေါ်နေတယ်"

မိုးညို စာသင်ခန်းမထဲမှ ထွက်လာခိုက် ခင်သော သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



သားများက တီးတိုးနောက်ကြသည်။

"ဆယ့်ရှစ်နဲ့ပြောင်ကြီးကတော့ ရှေးရေစက်ပါတယ်ထင်တယ်"

"ဟုတ်တယ်. . . ပြောင်ကြီးက ဒီကောင့်ကို သဘောကျနေတယ်"

"မင်း ငါတို့ဆရာကို သွားမပြောင်နဲ့နော်"

အပြင်ရောက်တော့ ကြီးကြပ်ရေးမှူးက. . .

"ရာသီဥတုကတော့ မကောင်းဘူးကွာ၊ မင်းလည်း သင်တန်းပျက်ရက်တွေ များနေပြီ"

"ဟုတ်ကဲ့. . ကျွန်တော် အဆင်ပြေအောင် တွေ့ခဲ့ပါ့မယ်"

"အေး. . အေး. . မြန်မြန်သွားလိုက်"

မိုးညို ရောက်တယ်ဆိုရင်ပဲ ဦးလှတင့်က. . .

"မင်း မနေ့က အကြောင်းမဲ့ ပျက်ကွက်တယ်ကွ"

"ဟုတ်ပါတယ် ဆရာ၊ ဖုန်းဆက်ရင် မလေးစားရာကျမှာစိုးလို့ပါ"

"ဩော်. . . အဲ့ဒါကြောင့် ဒီအတိုင်း ပျက်ကွက်တယ်ပေါ့. . ဒီလိုလား၊ ဟေ့ကောင်!. . . ဒါ လစာပေးပြီး တက်ခိုင်းနေတဲ့ သင်တန်းဆိုတာရော မင်းသိရဲ့လား!"

"သိပါတယ် ဆရာ၊ လစာတောင် သုံးခဲ့ရပြီးပါပြီ"

"ငါမေးမယ်. . . မင်း ဒီအလုပ်ကို စိတ်မဝင်စားတာလား!"

"ဝင်စားပါတယ်. . . မလွှဲမရှောင်သာတဲ့ ကိုယ်ရေးကိုယ်တာလေး ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ. . . မင်းကိစ္စက အရေးကြီးတယ်ဆိုရင် လုပ်ပါ။ ဒါပေမယ့် နောက်တစ်ကြိမ် အကြောင်းမဲ့ ထပ်ပြီးပျက်ကွက်ရင် မင်းပြုတ်ပြီ"

"တအားကြီးလည်း မဖိပါနဲ့ ဆရာရယ်၊ တကယ်ဆို မနေ့က ဆရာလည်း ပျက်ကွက်တာပဲဥစ္စာ"

"ဘာ. . အောင်မာ. . . မင်းက ငါ့ကို ခွာရာတိုင်းနေသေးတယ်၊ ဟေ့ကောင်. . အဆင့်တူသလား. . တောက်"

"သင်တန်းသားနဲ့သင်တန်းမှူးက သင်တန်းတစ်ခုအပေါ်မှာ အကျုံးဝင်တာချင်း အတူတူပါပဲ ဆရာ၊ တကယ်ဆို ဆရာကမှ"

"ဟေ့ကောင်. . . မင်းဆက်မပြောနဲ့၊ နေပါဦး. . မင်းက ဘယ်လိုသိတာလဲ"

"ဒီမနက်မှ သူငယ်ချင်းတွေကို မေးကြည့်တာပါ"

"အရှုးကောင်. . . မနေ့က ငါ ရုံးချုပ်ကို ကိစ္စနဲ့ သွားတာကွ . . . ရှင်းလား!"

"ဟုတ်ကဲ့. . . မနက်က သံလွင် ဖုန်းဆက်ပြီး ပြောတာကတော့ သူ့သူငယ်ချင်းတွေနဲ့ ပဲခူးဘုရားဖူးသွားတာ ဆရာ နောက်ကနေ လိုက်လာတယ်တဲ့ခင်ဗျ"

"ဟမ်!!. ."

"ညနေစောင်းတော့ ဆရာသောက်စားထားပြီး အိမ်ရောက်လာတယ်လို့လည်း ပြောပါတယ်"

ဦးလှတင့် ပြောစရာစကား မရှိသလို မျက်ထောင့်နီကြီးနှင့် ပြူးကြည့်သည်။ မိုးညို ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကြားမိသလောက် ဆရာလည်း ဟိုမှာ နေခဲ့တုန်းက အတော်ကဲခဲ့ပုံပဲနော်"

"ဘာ. . ဘာ. . ဘယ်မှာ. ."

"ဒါပေမယ့် ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး၊ သူများပြောပြတာပဲ နားထောင်တာ၊ သံလွင်နဲ့ ဒီလောက်ခင်နေတာ ယောင်လို့တောင် မပြောပါဘူး၊

ဟိုလေ. . . ကျွန်တော်တို့ကို စကားပြန် လုပ်ပေးတဲ့ မမခင်လှမြင့်နဲ့ ဆရာလည်း ဘာဆိုလား. . အဲ. . အဲဒါလည်း ကျွန်တော် မပြောဘူးနော်၊ အကုန်သိတယ်၊ ဘယ်သူ့မှကို မပြောပြဘူး"

ဦးလှတင့်၏ပြောင်နေသောနဖူးပြင်မှာ ချွေးများ စို့ကာသွားသည်။

ထို့နောက် လက်ကိုင်ပဝါနှင့် ငယ်ထိပ်မှ မျက်ခုံးစပ်အထိ ဆွဲချသုတ်ဖယ်ပစ်ရင်း. . .

"မင်းသိတာတွေ အရမ်းများနေပြီ မိုးညို၊ အဲ့ဒီတော့ မင်းကို ဒီမှာ ဆက်ပြီးထားသင့်မထားသင့် ငါပြန်စဉ်းစားရတော့မယ်"

"ဟုတ်ကဲ့. . . ကျွန်တော့်ဦးလေးနဲ့ သံလွင့်အဖေ ဦးဝင်းရှိဆိုတာကလည်း အကျိုးတူ စီးပွားရေးမိတ်ဆွေအရင်းကြီးတွေပါ ဆရာ၊ ကျွန်တော် ဆရာ့အကြောင်းတွေ ဦးလေးကိုတောင် မပြောရသေးပါဘူး"

ဆက်ပြောလျှင် မိုးညိုမျက်နှာကို စုတ်ပြတ်အောင် ထိုးမိတော့မည် ဖြစ်၍ ဦးလှတင့်တစ်ယောက် အရာရာကို တံတွေးမြိုသလို မြိုချကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ. . . မင်းနဲ့ငါ ကတိတစ်ခု ထားမယ်"

"ပြောပါ ဆရာ"

"မင်း သင်တန်းပြီးရင် နေရာဌာနကောင်းကောင်းတစ်ခု ငါစီစဉ်ပေးမယ်၊ မင်းနှုတ်လုံရမယ့်ကိစ္စကို မင်းဆက်ပြီးထိန်းပေးပါ"

"ကျွန်တော် တစ်ခုလောက် အဆစ်တောင်းလို့ရမလား!"

"တောက်. . အဆစ်က ပါရသေးတယ်၊ ပြော. . ဘာလဲ!"

"ဒီကရွှေ့ ကျွန်တော့်ကို ဟိန်းလားဟောက်လား မလုပ်ပါနဲ့လား ဆရာ၊ ကိုယ့်တပည့်လို သဘောထားပြီး ရင်းရင်းနှီးနှီးလေးပေါ့"

"အောင်မာ. . အောင်မာ"

"ရတယ်လေ. . . ဆရာ မလုပ်ပေးနိုင်လည်း ဖြစ်ပါတယ်"

"ကောင်းပြီ. . သဘောတူတယ်၊ ငါလည်း အဆစ်တောင်းမယ်"

"ဟုတ်ကဲ့. . . ပြောပါခင်ဗျာ"

"မင်းနဲ့သံလွင် ဆက်ဆံရေးကို သူငယ်ချင်းအဆင့်ထက် ဘယ်တော့မှ မကျော်စေနဲ့၊ ကျော်ရင် ကတိအားလုံးပျက်ပြီ"

"ဟုတ်ကဲ့. . . သဘောတူပါတယ် ဆရာ၊ ကတိပျက်ရင် ကျွန်တော် ဘာမှ နှုတ်စောင့်စည်းစရာ မလိုတော့ဘူးပေါ့နော်"

"အေးပေါ့ကွ. . အဲ. . အဲ. . ဟာ. . ဟို ဒီလိုလေကွာ"

"ဟုတ်ကဲ့"

ထို့နောက် ဦးလှတင့် နဖူးကို ကုတ်ဖွဲ့ပစ်ရင်း. . .

"အေး. . အေးကွာ. . ငါတို့ ကတိမပျက်အောင် နေကြတာ ပေါ့. . . ဟုတ်ပြီလား!"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

မိုးညို အရိုအသေပြုကာ အခန်းထဲက ထွက်သွားမှ ဦးလှ တင့်လည်း ဒေါသနှင့် အစ်နေသောလည်ပင်းကို နက်ခ်တိုင်ဖြုတ်၍ လျှော့ပစ်ရတော့သည်။

ခွေးမသား. . ဒီကောင် မနုံဘူးပဲကွ. . ချီးပဲ. . ဟူး။

မိုးညိုလည်း ပျော်ပြီး လျှပ်စစ်လှေခါးအိမ်လေးထဲ လေက လေး ချွန်ကာ ဝင်သွားသည်။

ဟိုကောင်တွေ ပြောတဲ့ အရေးပေါ်နည်းက ဟုတ်တော့ ဟုတ်နေသား။ အဟုတ်ဟုတ်. . ညှပ်ဘိထဲ ကြွက်မိနေသလို ကွက် တိပဲ။

မြေညီထပ် ရောက်၍ လျှပ်စစ်လှေခါးအိမ်လေးတံခါး အ ပွင့် သူထွက်လာတာကိုတောင် မစောင့်နိုင်ဘဲ ပြေးဝင်လာသော ခင်လှမြင့်နှင့် ဝင်တိုက်မိကာ ဘေးကို ယိုင်သွားသည်။

"ဆော. . ဆောရီး မောင်လေးရယ်. .၊ မမ. . အော့. . အော့. . ဝေါ့. . အော့. . ဝေါ့"

သူ့ကို တောင်းပန်ရင်း လှေခါးအိမ်ထောင့်နား ခေါင်းစိုက် အန်ချနေသော မခင်လှမြင့်ကို ကြည့်ပြီး မိုးညို ဘာလုပ်ရမှန်းမသိ။

"အစ်မ. . ရရဲ့လား!"

"ရ. . ရတယ်. . . ဝေါ့. . အော့"



www.burmeseclassic.com

www.burmeseclassic.com

အကောင်းဘက်က လှည့်တွေးရင်...

"အချစ်" ဆိုတာ စမ်းချောင်းလေးတစ်ခုပါ၊

"အလွမ်းတွေကို စမ်းရေထဲမှာ မျောလိုက်မည်" ဆိုတဲ့...

သီချင်းကလေးတောင် ရှိပါတယ်..

အချစ်ဟာ အင်မတန်ပဲ အေးမြပါတယ်...။

အဆိုးဘက်က တွေးရင်တော့..

"အချစ်" ဆိုတာ အတိုးသတ်ခြင်းတစ်မျိုးပါ..

စိတ်နဲ့ ချေးငှားထားတဲ့ခံစားမှုအတွက်

အတိုးတက်နေသမျှ

စိတ်နဲ့ပဲ ပေးဆပ်နေရတာပါ...။

ဒါပေမယ့်..

ကောင်းကောင်းဆိုးဆိုးပါ..

အချစ်ဆိုတာ..

စိတ်ထဲမှာပဲ စိုက်ပျိုးနိုင်တဲ့..

ဂျင်ဆင်းတစ်မျိုးဆိုတာ..

တစ်ကမ္ဘာလုံး သိကြပါတယ်ခင်ဗျား...။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

ညက သူမ အိပ်ရာဝင် နောက်ကျခဲ့သဖြင့် ဒီမနက် နေမြင့်မှပင် နိုးထလာခဲ့သည်။ ထမင်းစားခန်းထဲရောက်တော့ ဒေါ်မြင့်တစ်ယောက်သာ ရှိနေသည်။

“သမီး. . ထမင်းကြော် စားမလား!”

“မစားတော့ဘူး. . . ကြက်ဥပြုတ် ရမလား!”

“ရတယ်လေ. . . အဆင်သင့်ပဲ၊ သမီး အိပ်ရာထ နောက်ကျရင် တောင်းတတ်လို့ ကြိုပြီးလုပ်ထားတာ”

ထို့နောက် ဒေါ်မြင့်က သူမအတွက် ကွေကာအုပ်နှင့် ကြက်

www.burmeseclassic.com



ဥပြုတ် စီစဉ်ပေးရင်း. . .

"ဧည့်ခန်းထဲမှာ. . မောင်လှတင့်တောင် ရောက်နေတယ်၊ ဆရာတို့လင်မယားလည်း အဲ့ဒီမှာပဲ ကော်ဖီသောက်ရင်း စကားပြော နေကြတယ်"

"စောစောစီးစီး ဘာလာလုပ်ပြန်လဲ မသိဘူး"

"ဒေါ်မြင့် ကြားတာတော့ ဒီတနင်္ဂနွေမှာ ပြင်ဦးလွင် သွား ကြမယ်ဆိုလားပဲ၊ သမီးကိုပါ ခေါ်သွားဖို့ တိုင်ပင်နေကြတယ်၊ သမီး မလိုက်လည်း အတင်းအကြပ် ခေါ်ရမှာလဲလို့တောင် ပြောနေတာ"

"ဟင်. . . ဘာအတွက်လဲ!"

"မောင်လှတင့် မိဘတွေနဲ့ ဆုံကြပြီး မင်္ဂလာရက် သတ်မှတ် ဖို့ နေမှာထင်တယ်"

သူမ စားသောက်လက်စလေးပင် အန်ထွက်ချင်သွားကာ

"ဒါတော့ တရားလွန်တာပဲ"

ပြောပြီး ထထွက်သွား၍ ဒေါ်မြင့် မျက်လုံးပြူးကာ ကျန်ရစ် ခဲ့တော့သည်။ သူမ ဧည့်ခန်းထဲ ဝင်လိုက်သည်နှင့် မိခင်ဖြစ်သူက. .

"သမီးနိုးလာပြီလား. . လာ. . သမီး၊ ဝမ်းသာစရာစကား ပြောမလို့"

"ဘာလဲ. . . မေမေ!. ."

"ဒီမှာလေ မောင်လှတင့်က မေမေတို့ မိသားစုနဲ့ ပြင်ဦးလွင် တက်ကြမလို့တဲ့. . . အဟင်းဟင်း"

"အင်း. . . ကောင်းသားပဲ ဒီအပတ်ထဲ ပြင်ဦးလွင်သွားဖို့ စီစဉ်ထားတာတောင် မေမေတို့ကို ပြောမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . ဘာအတွက်လဲ သမီး"

"နောက်မှပဲ ပြောပြတော့မယ်၊ သွားမယ့်ရက် တိုက်နေရင် အတူတူ သွားကြမယ်လေ"

သူမထံမှ ပေါ့ပေါ့ပါးပါး ပြောနေသံကြောင့် ဦးဝင်းရီနှင့် ဦးလှတင့်တို့ အမိပွါယ်တူစွာ ကြည့်ပြီး ပြုံးကြသည်။ သူတို့အထင်က ဒီလောက်မလွယ်ဘူးကိုး။ ထို့နောက် တနင်္ဂနွေနေ့ သွားဖို့ ဆုံးဖြတ်ကြတာ ဦးလှတင့်လည်း ဝမ်းသာလုံးဆို့၍ ပြန်သွားသည်။ ထိုအခါမှ မိခင်ဖြစ်သူက. . .

"သမီးသွားဖို့ကိစ္စက ဘာလဲကွယ်၊ တခြားလူတွေရော ပါသေးလား!"

"အင်း. . . ဘယ်နှစ်ယောက် ပါမယ်တော့ မသိသေးဘူး၊ ဒီနေ့ သေချာတိုင်ပင်ပြီးမှပဲ သိရမယ်"

ထိုအခါ ဦးဝင်းရီက. . .

"ဘာကိစ္စမို့လို့လဲ သမီး!"

"သမီးပြောပြမှာပါ၊ အခု ချိန်းထားတာလေး ရှိလို့"

ပြောပြီး သူမ ချက်ချင်းပင် သူမ အခန်းဘက် လှည့်ထွက်လာခဲ့၍ ဦးဝင်းရီတို့ နားမလည်နိုင်စွာ ကျန်ရစ်ခဲ့ကြသည်။

"သမီးသဘောက ဘယ်လိုလဲ အမေကြီးရဲ့"

"အင်း. . . ကျွန်မအထင်တော့ အဆင်ပြေနိုင်မယ့်ပုံပဲ အဖေကြီးရဲ့၊ ခုချိန်အထိ ရည်းစားသနာ ထားတဲ့အသံဆိုတာလည်း မကြားတော့လေ"

"အေးပါကွာ. . . ငါတော့ မောင်လှတင့်နဲ့သာဆို စိတ်အေး



www.burmeseclassic.com

www.burmeseclassic.com



ရပါပြီ”

“အေးရမှာပါတော်. . . အခုပဲ ပြင်ဦးလွင် တက်ရတော့မယ့်ဟာ. . . အဟင်းဟင်းဟင်း”



www.burmeseclassic.com

www.burmeseclassic.com



**မိုး**ညိုတို့ ဒီမနက် စာသင်ချိန် မရှိသဖြင့် နေ့လယ်မှပဲ အလုပ်ဝင်ကာ လက်တွေ့ပိုင်း ဝင်ရမည်ဖြစ်သည်။ ထို့ကြောင့် ယောင်ချာချာ ဖြစ်နေသော မနက်ခင်း၏ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင် ထွက်ထိုင်ဖြစ်တော့သည်။

သူရောက်ပြီး သိပ်မကြာ၊ ခင်မောင်နှင့်ခိုင်လေးတို့ ငြိမ်းခံ့ကာ ရောက်လာကြလေသည်။ ရောက်သည်နှင့် ခင်မောင်က. . .

"မင်းစဉ်းစားကြည့်ကွာ မိုးညို"

ဒါပေမယ့် မိုးညို စဉ်းစားပေးစရာ မလိုတော့ချေ။

အကြောင်းမှာ. . သူတို့ရှိနေရာ လက်ဖက်ရည်ဆိုင်ရှေ့ ယောင်လည်လည်အကြည့်မျိုးနှင့် ရောက်လာသော သံလွင်ချို ကြောင့်ဖြစ်လေ၏။

"သံလွင်. ."



www.burmeseclassic.com

www.burmeseclassic.com



မိုးညို့ အပြင်ထွက်ကာ ခေါ်သဖြင့် သူမ မျက်နှာလေး ပြုံးလဲ့လာပြီး. . .

"ဦးလေးက လက်ဖက်ရည်ဆိုင်မှာဆိုလို့ လိုက်လာတာ"

"လာမယ်ဆိုလည်း ဖုန်းဆက်လိုက်ရောပေါ့ သံလွင်ရယ်၊ ကျွန်တော် ထွက်စောင့်မှာပေါ့"

ထို့နောက် မိုးညို့က သူမအတွက် ခုံလေး အသင့်ချပေးကာ ထိုင်စေသည်။

မမျှော်လင့်ဘဲ ဝိုင်းထဲ ရောက်လာသော သံလွင်ချိုကို ကြည့်ပြီး ခင်မောင်တို့ အသက်မရှူရဲအောင် ဖြစ်ကုန်ကြသည်။ မိုးညို့ ယခုမှပဲ အားပါးတရ ကြွားရတော့မည်ဟု အားခဲကာ. . .

"ဒါ. . ငါ့ရဲ့ပွဲကိုင်ရှင်လေး သံလွင်ချိုလေကွာ"

ဒီတော့မှ ခင်မောင်တို့အကြည့်တွေ လွင့်လွင့်ခါခါ ဖြစ်ကုန်ကြလျက်. . .

"အာ. . အဟဲဟဲ. . တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့က မိုးညို့ရဲ့ဘော်ဒါတွေပါ၊ ကျွန်တော်က ခင်မောင်၊ သူက ခိုင်လေးတဲ့. . အဟဲဟဲ"

"ဟုတ်. . . တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

မိုးညို့က သံလွင့်အကြိုက် ကော်ဖီတစ်ခွက် မှာပေးပြီး. . .

"သပ်သပ်တိုင်ပင်ရမယ့်ကိစ္စရှိလား သံလွင်"

"ရှိတယ်"

"ဒါဆို ကျွန်တော်တို့. . "

"ဟင့်အင်း. . . ရတယ်၊ ဒီမှာပဲ ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမ ကော်ဖီတစ်ငုံ ယူသောက်သည်။ ပြီးမှ မနက်က ဦးလှတင့် ရောက်လာသည့်ကိစ္စနှင့် သူမ စိတ်ကူးတည့်ရာ ပြောခဲ့မှုအား ပြောပြလေတော့သည်။

"ကျွန်မလည်း ဖေဖေတို့ဘက်က တင်းတင်းကျပ်ကျပ် ကန့်သတ်ပစ်တာမျိုး မဖြစ်ရအောင် ပေ့ါပေ့ါပါးပါးလေး ထွက်ပေါက်ရှာထားတာ၊ ဒါပေမယ့် ကိုယ်ရှာထားပြီး ဘယ်လိုထွက်ရမှန်း မသိလို့ မိုးညိုဆီ ပြေးလာတာ"

မိုးညို အတော်ပင် စဉ်းစားရကျပ်နေသော ပုံစံမျိုးဖြင့်. . .

"သံလွင်ပြောတဲ့အထဲမှာ တခြားကိစ္စနဲ့ ပြင်ဦးလွင် သွားဖို့ ရှိတယ်ဆိုတာ ပါတယ်နော်"

"အင်း. . ပါတယ်လေ"

"အဲဒါ ဘာကိစ္စလဲ!"

"အိုး. . ဒုက္ခပါပဲ၊ ကိုယ့်ဘာသာပြောပြီး ဘာဖြေရမှန်းမသိလို့ သူ့ဆီ လာပါတယ်ဆိုမှ"

ထိုအခါ ခင်မောင်က. . .

"ငါ တစ်ခုမေးချင်တယ်၊ သူ့မိဘတွေက ဗေဒင်တို့ နတ်တို့ ယုံလား"

မိုးညို မဖြေနိုင်၍ သံလွင်က. .

"မေမေကတော့ တအားကို အယုံအကြည်ရှိတယ်"

ခင်မောင် လက်ဖျစ်တီးပစ်ပြီး. . .

"အိုကေ. . . ငါလည်း သူပြောတာ နားထောင်ပြီး သဘောပေါက်တယ်၊ အဓိက,က ဦးလှတင့်ဆိုတဲ့လူနဲ့ လွဲသွားဖို့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟုတ်တယ်. . ဟုတ်တယ်"

သံလွင် အားတက်သရော ပြန်ပြောသဖြင့် ခင်မောင် မေး လေး ပွတ်ကာ အကြံထုတ်လေသည်။ ခဏကြာမှ. . .

"ဒီလိုလုပ်ကွာ. . . အခုပြောမယ့်စကားက. . ဖွဟဲ့. . လွဲပါစေ. . ဖယ်ပါစေ၊ သံလွင်က မိဘတွေကို ပြောပြလိုက်၊

သမီး ဦးလှတင့်နဲ့ လက်ထပ်ရင် အဆင်ပြေမပြေ ဗေဒင် သွားမေးကြည့်တာ အဆင်တော့ ပြေတယ်၊ ဒါပေမယ့် ကံအခိုက် ရှိလို့ လက်ထပ်ပြီးရင် လူ့ဘဝမှာ တစ်လအပြင် ပိုမနေရတော့ဘူးလို့ ဗေဒင်ဆရာက ပြောလို့ ယတြာချေဖို့လို့"

သူမ မျက်လုံးလေး ဝိုင်းသွားအောင် စဉ်းစားပြီးမှ. . .

"အင်း. . . အဲ့ဒီအကြံကောင်းတယ်၊ ပြင်ဦးလွင်က ကျွန်မ ဇာတိမြေဆိုတော့ ဇာတိမြေနဲ့ ယတြာချေရမယ်"

မိုးညိုကလည်း အားကျမခံ အကြံထပ်ပေးသည်။

"နောက်တစ်ခု ထည့်ပြောဦး သံလွင်၊ ဇာတိမြေ မတူတဲ့သူနဲ့ လက်ထပ်မှ အသက်ရှည်မယ်လို့၊ နောက် ကြာသပတေးသားမှ ကွက် တိပဲလို့"

သူမ ပေါင်ကို ဆွဲလိမ်သဖြင့် မိုးညို အသက်အောင့်ပြီး ရယ်တော့သည်။

ထို့နောက်မှ သူမက. .

"မိုးညို. . . ရှင်လိုက်မှာလား!"

"အင်း. . . လိုက်မယ်လေ၊ ဟို. . တစ်ပတ်လောက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြန်အပ်မှာ မဟုတ်လား!"

"ဘာကိုလဲ!"

"ဟိုလေ. . . သံလွင်က လိုက်ပြေးဖို့ ခေါ်တာမဟုတ်ဘူး လား!"

"ဟောတော်"

"ဟာ. . . ဟော့ကောင်၊ မိန်းကလေးက မင်းကို ခိုးပြေးရမလားကွ၊ ကြည့်လည်း ပြောစမ်းပါဦး"

"ဟေ. . မသိဘူးလေ"

"မင်း အူကြောင်ကြောင်နဲ့ကွာ၊ မဟုတ်မှလွဲရော. . . ပြင်ဦးလွင် လိုက်ခဲ့ဖို့ ခေါ်တာနေမှာ၊ ဟုတ်တယ်မဟုတ်လား!"

ခိုင်လေးက ထိုသို့ပြောပြီး မေးမှ သူမလည်း ဟင်းချကာ ခေါင်းညိတ်သည်။ ထိုအခါမှ မိုးညိုလည်း သက်ပြင်းရှည်ကြီးနှင့်. . .

"ဟူး. . . ငါလည်း တကယ်ကို အူကြောင်ကြောင် ဖြစ်နေတာပါကွာ၊ မျက်လုံးထဲမှာ ပြောင်ကြီးမျက်နှာ ပြေးပြေးမြင်ပြီး စိတ်နဲ့ လူနဲ့ မကပ်ဘူးဖြစ်နေတာ"

"ဒုက္ခပါပဲ. . . ဒီပုံစံနဲ့ ကျွန်မ ရှင့်ကို ဘယ်လိုအားကိုးရမှာလဲ မိုးညိုရယ်. . . ခက်တော့တာပဲ၊ အခု သွားရင်လည်း သူ့အိမ်မှာပဲ တည်းရမှာ"

"အေးလေကွာ မိုးညိုရာ"

ထို့နောက် မိုးညို လက်ကာပြလျက် အသက်ပြင်းပြင်း ရှု သွင်းလိုက်ပြီး. . .

"အိုကေ. . . ကျွန်တော်လိုက်မယ် သံလွင်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့မှ သံလွင့်ကို အဆုံးရှုံးမခံနိုင်ဘူး. . . စိတ်ချ၊ အကောင်းဆုံး ကာကွယ်မယ်"

"အဲ့သလို လုပ်စမ်းပါကွာ၊ ဒီမှာ မသံလွင်ချို. . ဒီကောင်က တကယ့်ဉာဏ်ကြီးရှင်၊ ကျွန်တော်တို့ပြဿနာတွေကိုတောင် ဒီကောင်ပဲ ဒိုင်ခံဖြေရှင်းတာ၊ သေချာယုံကြည်လို့ရတယ်၊

ဟိုတလောက ဒီဆိုင်မှာ ပြဿနာကြီးတစ်ခု တက်သွားတယ်၊ ခုလိုပဲ ကောင်မလေးက အိမ်က သဘောတူထားတဲ့သူ ရှိတယ်၊ ဒီရပ်ကွက်ထဲက ကောင်လေးနဲ့ကြိုက်ပြီး လိုက်ပြေးလာတာ သုံးရက်တောင် ရှိနေပြီ၊ အဲ့ဒါကို ကောင်မလေးမိဘတွေနဲ့ သဘောတူထားတဲ့လူ လိုက်ချလာပြီး ဒီဆိုင်မှာ ဆုံကြလို့ တုတ်တပြက် ဓါးတပြက်တွေတောင် ဖြစ်ကုန်တာ၊ မိုးညို ရှိနေလို့ အဆင်ပြေသွားတယ်"

"ဟုတ်လား. . . သူရှင်းပေးလိုက်တာလား"

"အင်း. . . မိုးညိုက ရပ်ကွက်လူကြီးတွေ ပြေးခေါ်ပြီး ရှင်းပေးလိုက်တယ်"

"တကယ်. . "

"အဟုတ်ဗျာ. . . သူ့စကားတစ်ခွန်းက အတော်တာသွားတယ်"

"ဟုတ်လား. . ဘယ်လိုပြောလိုက်တာလဲ!"

"ခြံရှေ့တည့်တည့်ကြီးဖြစ်လို့ ဟိုဘက်နား တိုးပြီး ဖြစ်ကြပါတဲ့"

သူမ စိတ်ညစ်ပြီး ထပြန်သဖြင့် မိုးညို အပြေးလိုက်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို တော်ပါပြီ"

"ဟာ. . . ဒီကောင်တွေ နောက်နေတာပါ သံလွင်ရာ၊ ဒီပြဿနာကို ကျွန်တော် တာဝန်ယူတယ်. . တကယ်ပြောတာ"

"ရှင်ပြောသလောက် မလွယ်ဘူးနော် မိုးညို"

"လွယ်တယ် သံလွင်၊ ပြင်ဦးလွင်ကို ကျွန်တော် လိုက်စရာတောင် မလိုဘဲ လွယ်တဲ့နည်း ရှိတယ်"

"ပြောစမ်းပါဦး"

"ကျွန်တော်နဲ့ဆို သံလွင့်မိဘတွေ အထင်လွဲစရာ ဖြစ်လိမ့်မယ်၊ မခင်လှမြင့်နဲ့ဆို အားလုံးအဆင်ပြေနိုင်တယ်"

"ဟင်. . . ဘယ်က မခင်လှမြင့်လဲ!"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**သည်**တစ်ကြိမ်တော့ မိုးညိုကို သူမ တကယ်ပင် အထင်ကြီး လေးစားသွားခဲ့သည်။ ပြင်ဦးလွင်ကို မိဘတွေနှင့် အတူလိုက်မသွားဘဲ (၂)ရက်နောက်ကျပြီးမှ လိုက်သွားဖို့ စီစဉ်ပေးသဖြင့် မခင်လှမြင့်နှင့် ပို၍ရင်းနှီးကာ မိန်းမသားချင်း ပို၍နားလည်မှု ရခဲ့သည်။

သံလွင်ချိုကိုယ်တိုင် ဦးလှတင့်ကို လိုက်ခဲ့မည်ဟု ကတိပေးပြီး ဖလိုက်အစီအစဉ်နှင့်ဖြစ်၍ အနီးစခန်းမှာ လာကြိုဖို့ပါ မှာထားသည်။

"လေယာဉ်ဆင်းတော့မယ် မမ"

"အင်း. . . မမတော့ ခြေဖျားလက်ဖျားတွေ အေးချင်လာပြီ"

"ဘာမှမစိုးရိမ်ပါနဲ့. . . ဒါဟာ မိန်းမသားနှစ်ယောက်ရဲ့ဘဝကို တစ်ပြိုင်တည်း ပြောင်းဆန်သွားစေမယ့် အခြေအနေပါ။



www.burmeseclassic.com

www.burmeseclassic.com



ညီမတို့ ခဏလေး အားတင်းလိုက်ရင် အားလုံးအဆင်ပြေသွားမှာ သိလား၊ ဒါနဲ့ မိုးညိုကြည့်တော့ အေးမလိုလိုနဲ့ အတုန်သိတာပဲနော်"

"တကယ်အေးတာပါ. . . သင်တန်းမှာလည်း ကြိုးစားပါတယ်၊ ဖြစ်ချင်တော့ တစ်ရက် မမ ဒီကိုစွနဲ့ ဓါတ်လှေခါးထဲမှာ အန်ပြီး မူးလဲသွားတယ်၊ အဲ့ဒီမှာ မိုးညိုလည်း ရှိနေတော့ မမကို ကူညီရင်း သိသွားတာပါ"

"သြော်. ."

သူမ စဉ်းစားမြင်ယောင်ကြည့်လိုက်သည်။ နဖူးပြောင်သလောက် မျက်နှာပြောင်လွန်းသောလူကြီး မမခင်လှမြင့်ကိုသာ ရုတ်တရက် တွေ့လိုက်ရလျှင်ပေါ့။

သူမတို့ လေဆိပ်ဧည့်ကြိုခန်းမဆောင်သို့ ရောက်သည်နှင့် ဦးလှတင့်ကို ရှာကြသည်။ မတွေ့သဖြင့် သူမတို့ဘာသာ ကားငှား၍ တက်လာခဲ့ကြတော့သည်။

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



**မ**နေ့ညကတည်းက ရန်ကုန်က လုပ်ငန်းမိတ်ဆွေ ဖုန်းလှမ်းဆက်၍ သိရပြီးကတည်းက ဦးဝင်းရီ အိပ်မပျော်နိုင်ဘဲ ပြင်ဦးလွင်ညအား ဒေါသနှင့် မိုးလင်းခဲ့ရသည်။

မနက်လင်းသည်နှင့် လမ်းလျှောက်ထွက်မည်ဟု အကြောင်းပြကာ သူ၏သမက်လောင်းကို ခေါ်ထုတ်လာခဲ့သည်။

"ကျွန်တော်တို့မြို့က တကယ်သစ္စာရှိတယ်နော် ဦးလေး၊ ဆယ်နှစ်ကျော် ဝေးကွာနေပြီးမှ ပြန်ရောက်လာလည်း ဘာမှမပြောင်းလဲသလိုပဲ"

"ဟုတ်တယ်. . သစ္စာမဲ့တာ. . မင်းပဲကွ လှတင့်ရ"

"ဗျာ. ."

"အခု မင်း ဘယ်လိုလုပ်မလဲ မောင်လှတင့်၊ ငါ့သမီး ရှေ့ကလာမှပဲ မင်္ဂလာကိစ္စ ပြောတော့မယ်လို့ စိတ်ကူးထားတာ မှန်သွားပြီ

www.burmeseclassic.com



ကွ၊ မဟုတ်ရင် အားလုံး အရှက်ကွဲကုန်မှာ"

"ဦးလေး ဘာတွေပြောနေတာလဲ၊ ကျွန်တော် နားမလည်ဘူး"

"ပြောပြမယ်. . . မနေ့က ငါ့မိတ်ဆွေကိုကျော်ဆွေ ဖုန်းဆက်တယ်၊ ရန်ကုန်မှာ မင်းနဲ့ အတူနေတဲ့မိန်းကလေးက မင်း စေ့စပ်တဲ့ကိစ္စ သတင်းရလို့ ဒီကို လိုက်လာပြီတဲ့ကွ"

"ဗျာ!. . "

"ဘယ်သူနဲ့ လာတယ်ထင်လဲ၊ ငါ့သမီးသံလွင်ချိုနဲ့ ဒီနေ့ ဖလိုက်နဲ့ ရောက်လာမှာ"

"ဟာ!. . အဲ. . အဲဒါတော့"

"မဖြစ်နိုင်ဘူး ပြောမလို့လား၊ ခင်လှမြင့်ဆိုတဲ့မိန်းကလေးက ငါ့သမီးရဲ့ကိုရီးယားဘာသာစကား သင်တန်းဆရာမပဲ"

ဦးလှတင့် ဘာမှကို မပြောနိုင်တော့သလို ခေါင်းငုံ့ကျသွားသည်။ ထို့နောက် ဦးဝင်းရီက. . .

"ပြီးတော့ မင်းရဲ့မိန်းကလေးမှာ ကိုယ်ဝန်ရှိနေတယ်၊ ကိုကျော်ဆွေကို ကျေးဇူးတင်ရမယ်၊ ငါ့သမီးလေး အရမ်းကို ကံကောင်းသွားတယ်၊

အဲ့ဒီတော့ သစ္စာရှိတဲ့ ပြင်ဦးလွင်မြို့ရဲ့လမ်းပေါ်မှာ သစ္စာမဲ့တဲ့ မင်းနဲ့ငါ အတူမလျှောက်ချင်တော့ဘူးကွာ. . ဟုတ်ပြီလား!"

"နေ. . နေပါဦး. . ဦးလေးရယ်၊ ဒီ. . ဒီကိစ္စကို ကျွန်တော်တို့. . "

"လွယ်ပါတယ်. . ငါတို့မိသားစုက အလည်အပတ် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ၊ မင်းက မင်းရဲ့မိန်းကလေးနဲ့ မိဘတွေကို အသိပေးပြီး လက်ထပ်ခွင့် တောင်းလိုက်ပေါ့ကွာ. . . ရှင်းနေတာပဲ”

ဦးလှတင့် သူ့နဖူးသူရိုက်ကာ ငုတ်တုတ်ထိုင်ကျသွားသဖြင့် ဦးဝင်းရီ ထပ်ပြီးမရိုက်မိအောင် ကိုယ့်စိတ်ဒုက္ခကိုယ် သိမ်းဆည်းကာ လှည့်ပြန်လာခဲ့လေတော့သည်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာတော့ သံလွင်ချိုတို့ ဘယ်လိုနေမည်မသိ။ မိုးညိုကတော့ ဦးလှတင့် ပြန်ရောက်လာသည်နှင့် ပြုတ်စော်နံတော့မည်ကို သိနေ၍ CV ဖောင်ဝယ်ဖြည့်သည်။

ထို့ပြင် ဆယ်ရက်ဆိုသောအချိန်ကာလအား ဆယ်နှစ်နီးပါး ကြာသွားသလို စိတ်တိုဆဲရေးစွာ စောင့်စားကုန်လွန်လာခဲ့ပါသည်။

စီစဉ်ထားသည့်အတိုင်းဆို ဒီနေ့ သူမ ပြန်ရောက်နေရမည်။ မနက်ဖြန် ဦးလှတင့် ရုံးပြန်တက်လိမ့်မည်။ သူလည်း. . .

အိပ်ရာထဲ အတွေးတအုံးအုံးနှင့် လုံးကာ လူးလှိမ့်နေခိုက် ဖုန်းမြည်သံကြောင့် ပျော်ကာ ဖွင့်ကြည့်သည်။ သံလွင်ချို၏ဖုန်းဖြစ်၍. . .

"ဟဲလို. . . သံလွင်လား!"

"ဟုတ်တယ်. . . ကျွန်မ ပြန်ရောက်ပြီ၊ အားလုံးအဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဦးလှတင့်လည်း မမခင်လှမြင့်နဲ့ ဟိုမှာပဲ မင်္ဂလာဆွမ်းကျွေးပြီး အိုကေသွားတယ်၊ ဒီမှာ ညှော်ခံပွဲတောင် လုပ်ဦးမယ်"

"ဟား . . ဝမ်းသာလိုက်တာဗျာ၊ ဒါ . . ဒါဆို ကျွန်တော်တို့ လည်း အိုကေပြီပေါ့"

"ဘာကိုလဲ!"

"ဟင် . . သံလွင်နဲ့ကျွန်တော်လေ"

သူမထံမှ အသံပျောက်သွား၍ . . .

"သံလွင် . . ဟဲလို . . သံလွင်"

"ကျွန်မ စဉ်းစားနေတာပါ၊ ဟိုမှာလည်း စဉ်းစားတယ်၊ အပြန်မှာ တစ်လမ်းလုံး ရှင့်အကြောင်းပဲ စဉ်းစားလာခဲ့တာပါ"

"အင်း . . . ကျွန်တော် ရင်တွေ တုန်နေပြီ သံလွင်"

"သေချာ စိတ်အေးအေးနဲ့ နားထောင်ပါ၊

ရှင်ပြောဖူးတယ်လေ၊ ရှင်က ဟိုးငယ်ငယ်လေးကတည်းက ကွမ်းစားတတ်လာတာဆိုတော့ အခု ကွမ်းဖြတ်တာ ဘာမှမကြာ သေးဘူး မဟုတ်လား!"

"အင်း . . အင်းလေ"

"ဒါဆို ရှင့်ရဲ့ကွမ်းသက်က အနည်းဆုံး ဆယ်နှစ်အထက်မှာ ပဲ ရှိရမယ်၊

ဆေးပညာဆောင်းပါးတစ်ခုမှာ ကျွန်မဖတ်ခဲ့ရတာက ကွမ်းကို ငါးနှစ်လောက် စွဲစွဲမြဲမြဲ စားလာတဲ့လူတစ်ယောက်ဟာ သွားဖုံးကင်ဆာ၊ အသည်းခြောက်တဲ့ရောဂါ၊ လည်ချောင်းကင်ဆာ ဖြစ်ဖို့ ငါးဆယ်ရာခိုင်နှုန်း သေချာသလောက် ရှိတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းသေပန်းညှိုးရောဂါဖြစ်ဖို့ ငါးဆယ်ရာခိုင်နှုန်း သေချာသလောက် ရှိတယ်တဲ့၊

ရှင်က ဆယ်နှစ်ကျော် စားလာတာဆိုတော့ အဲ့ဒီရောဂါတွေနဲ့ ရာနှုန်းပြည့် ဖြစ်ဖို့ သေချာတဲ့လူတစ်ယောက်ဖြစ်နေတယ်၊

ကျွန်မဒုက္ခကို ကူညီပေးလို့ ကျေးဇူးတင်ပေမယ့် ရှင့်ရောဂါနဲ့ဒုက္ခကို ကျွန်မ ဘယ်လိုမှ မကူညီနိုင်ဘူး မဟုတ်လား၊

ဝန်ခံရရင် ရှင့်ကို ဒီအတိုင်းလေး သဘောကျခဲ့ပါတယ်၊ လက်ထပ်ပြီးမှ စိတ်ညစ်ရရင် ဘယ်လိုလုပ်မလဲ၊ အဲ့ဒါကြောင့် ရှင်နဲ့ ကျွန်မ အဆင်မပြေဘူးလို့ပဲ သဘောထားပေးပါ"

"သံလွင်. . သံလွင်"

"ဟဲလို. . သံလွင်"

မိုးညို တစ်ကိုယ်လုံး ထုံကျင်တက်သွားပြီး လက်ထဲက ဖုန်းကို လွှင့်ပစ်ဖို့ရွယ်ပြီးမှ နှမြောတသစွာ အိပ်ရာပေါ် ပြန်ချထားလိုက်သည်။

သွားပြီပေါ့. . . အားလုံးပြီးသွားပြီပေါ့၊ မင်းအရမ်းလွန်တယ် သံလွင်၊ ကွမ်းကြိုက်တတ်တဲ့ လူတစ်ယောက်ဟာ သူ့ပါးစောင်ထဲမှာ ကွမ်းယာရှိမနေရင် ရူးချင်နှမ်းချင် ဖြစ်လာအောင် ခံစားရတဲ့ ခံစားမှုမျိုး မင်းမခံစားဘူးလို့ပါ၊

ဘာလေးပဲစားစား စားပြီးရင် ခံတွင်းချဉ်တဲ့ဒုက္ခ၊ စိတ်ပျံ့လွင့်မှုကို စုစည်းဖို့ ကွမ်းတစ်ယာနဲ့ မြှူဆွယ်ရတဲ့ဒုက္ခ၊

ဗျတ်ဝိလို သူရဲကောင်းတစ်ယောက်တောင် မအိုဇာခဲ့ကွမ်းတစ်ယာနဲ့ ကိုယ့်အသက်ကိုယ် နှစ်သိမ့်လွှတ်လိုက်တဲ့ဒုက္ခမျိုး. . .



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်တိုင် ကွမ်းသီးတစ်စိတ်စာလောက် ခံစားကြည့်စမ်းပါ၊

ငါဟာ မင်းကိုချစ်တဲ့စိတ်တစ်ခုတည်းနဲ့ အဲ့ဒီဒုက္ခတွေအားလုံး မျိုချပြီး ချစ်ခဲ့တာလေ သံလွင်၊ ငါ ဘယ်လောက်ပင်ပန်းခဲ့ရလဲ၊

ကွမ်းစားချင်လာရင် ကွမ်းမစားဘဲ ကုလားအော်သီး စားပြီး ကွမ်းဖြတ်ခဲ့တဲ့ကောင်ကို မင်းရက်စက်သင့်သလားကွာ၊

ငါ့ဘာသာ ဆယ်နှစ်မကလို့ အနှစ်နှစ်ဆယ်ပဲ ကွမ်းစားလာပါစေ အလတ်ကြီးကွ. . အကောင်းကြီးကွ. . တောက်၊

မသေမညိုး မဆိုးရွားတဲ့ ဒီခန္ဓာကို ဘာနဲ့ သက်သေပြရမလဲ. . . ဘယ်လိုပြရမလဲ။ သေချင်တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**ဆိုင်**ဖွင့်ဖွင့်ချင်း သူ့ဆိုင်ရှေ့ မိုးညိုလာရပ်၍ ဦးစိုးကြီး ထုံးအိုးမွှေရင်း လှမ်းမေးသည်။

“ဟာ. . . မိုးညို မင်းကွမ်းပြတ်ပြီဆို”

“အခု ပြန်စားမယ်”

“ဟာ. . . ပြတ်လက်စနဲ့ ပြတ်ပါစေတော့လားကွာ၊ ငါက စီးပွားရေးအရ ရောင်းတာ၊ ကွမ်းစားတာ မကောင်းဘူးကွ”

“သိတယ်. . မြန်မြန်လုပ်ဗျာ. . စားချင်ပြီ”

“အေး. . . မင်းသဘောပဲ၊ ထုံးစံအတိုင်း ဘူးနဲ့ပဲလား!”

“ဟုတ်တယ်. . . ဒါပေမယ့် ဗမာဆေးတစ်မျိုးတည်းတော့ မဟုတ်ဘူး၊ ရှိသမျှဆေးအစုံ အကုန်ထည့်၊ ဟန်ဒရက်၊ စီကနင်၊ ဆာကာ၊ ဘုရင်မ၊ နိုင်တီတူး၊ ဖောတီဖိုက်၊ နံပါတ်ဝမ်း၊ နှပ်ဆေး၊ ဆေးဝါ၊ ဆေးမည်း အကုန်ထည့်ဗျာ၊ အာမွှေးမှုန့်ပါ ပေါက်လိုက်ဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. . . မင်းရူးနေလား!"

"မရူးပါဘူး. . . မြန်မြန်သေ မြန်မြန်အေးတာပဲ"

သူပြောပြီး လှမ်းကြည့်တော့ ဦးစိုးကြီး ကွမ်းရွက်တစ်ချို့ လှမ်းယူကာ ရေခါရင်း သူ့ကိုပြန်ကြည့်သည်။ သူလည်း ဦးစိုးကြီးကို ကြည့်ပြီး ခဏတော့ကြောင်သွားသည်။ သေချာကြည့်မှ ဦးစိုးကြီး၏ အကြည့်တွေက သူ့ကို လျှံထွက်ကာ အနောက်ကို အားပြုနေသဖြင့် သူလှည့်ကြည့်ပြီး လန့်သွားသည်။

"သံ. . . သံလွင်"

"ရှင်ဟာ. . တကယ် တစ်ကိုယ်ကောင်းဆန်တဲ့လူပါလား"

"ဟော. ."

"ရှင်. . . အဲ့ဒါတွေအားလုံး ထည့်စားပြီး သေသွားရင် ကျွန်မ ဘယ်လိုနေမလဲဆိုတာ တွေးကြည့်ရဲ့လား. ."

"ဟာ. . . ခင်ဗျားပဲ. ."

"ရှင် ဆင်ခြေမပေးစမ်းပါနဲ့. . . ဒါ ကျွန်မကို ရွဲ့တယ်ဆိုတာ. . အသိအသာကြီးပဲ. . ကောင်းပြီ စားလေ. . ဒီတစ်ခါ ရှင်နဲ့ တကယ် ပြတ်ပြီ"

"အဲ. . ဒါဆို မစားရင် မပြတ်ဘူးပေါ့. ."

"ဟ. . ငထုံလေးရ မပြတ်နိုင်လို့ လိုက်လာတာပေါ့ကွ. . . ခွီးမှပဲ. . . ငါ့ကို ဈေးဦးလန်အောင် လုပ်နေပြီ. . . သွား. . သွား. . လစ်ကြတော့. ."

မိုးညို ချော်လဲရောထိုင်ပုံမျိုး သူမလက်ကိုဆွဲကာ ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှန်းပါသည်။

"အေး. . . ရှန်း. . နော်. . . လွတ်သွားတာနဲ့ ကျွန်တော် တကယ်စားပြီး သေပစ်လိုက်မယ်. . "

"ဟင်း. . . သေမှာစိုးလို့ပေါ့"

မိုးညို ပျော်ကာ အော်ပစ်ချင်လှသည်. . ဘေးဘယ်ညာမှာလည်း ကိုယ့်လမ်းထဲကလူတွေ ရှိနေ၍ အသာငြိမ်ကာ. . ဦးစိုးကြီးကို အားနာစွာ လှည့်ကြည့်လိုက်ပါတော့သည်။

ပြီး



www.burmeseclassic.com